# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က ဝ တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၂၀၈)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ အင်္ဂါနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချက်သမ္မတနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် အောက်တိုဘာ ၂၈

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်တွင် ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မီလော့စ် ဇီမန်း ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✻

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေမူကြမ်း၏မူနှင့် အခြေခံသဘောဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၇

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပရာ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေမူကြမ်း၏မူနှင့် အခြေခံသဘော ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ဆွေးနွေးကြသည်။

ယင်းသို့ ဆွေးနွေးရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေမူကြမ်း၏မူနှင့် အခြေခံသဘောဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဘတ်ဂျက်၏မူလခန့်မှန်းခြေ၊ ပြုပြင်ပြီး ခန့်မှန်းခြေ၏သဘောသဘာဝ၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း၏ အခြေခံသဘော၊ ဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို စတင်ရေးဆွဲစဉ်မှ တင်သွင်းသည်အထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်၊ ဘဏ္ဍာရေးမူဝါဒ၊ ဘတ်ဂျက်လိုငွေနှင့်ပိုငွေပြခြင်း၊ ဘက်ညီခြင်းတို့၏ သဘောသဘာဝ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးတည်ငြိမ်မှု၊ အစိုးရ၏အသုံးစရိတ်နှင့် ပြည်ထောင်စုလွှတ်တော်က အတည်မပြုရသေးသည့် ပြည်ပချေးငွေများကို ဘတ်ဂျက်တွင် လျာထားထည့်သွင်းရသည့် အကြောင်းရင်းဟူသည့်

စာမျက်နှာ ၉ ကော်လံ ၁ ✻



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကျင်းပစဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီးအား လက်ခံတွေ့ဆုံ စာ » ၃



ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။

# ပြည်သူများအဆင်ပြေစေရန် ကျန်းမာရေးလုပ်ငန်းများမြှင့်တင်လျက်ရှိ

တွေ့ဆုံမေးမြန်း-မိုးသူဇာစိုး၊ ရဲခေါင်ညွှန့်
ဓာတ်ပုံ-သောင်းမြင့်(သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၂၇

နိုင်ငံတော် အစိုးရသစ်သည် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ၌ အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်ရန် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးစီးသော နိုင်ငံတော်အဆင့် ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီများဖြင့် ဆောင်ရွက်လျက်ရှိနေသည်။ ကျန်းမာရေးကဏ္ဍတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသလျက်ရှိသည့် လူနာများ စိုက်ထုတ်သုံးစွဲရသည့် ငွေကြေးပမာဏ လျော့နည်းစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးဝယ်ယူမှုအတွက် ၂၀၁၂-၂၀၁၃တွင် ငွေကျပ်သိန်းပေါင်း ၇၅၀၀၊ ၂၀၁၃-၂၀၁၄တွင် ငွေကျပ်သိန်းပေါင်း ၂၄၅၀၀နှင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွက် ငွေကျပ်သိန်းပေါင်း ၃၈၅၅၀ အထိတိုးမြှင့်ပေးအပ်ခဲ့သည်။ ရန်ကုန်

စာမျက်နှာ ၈ ကော်လံ ၁ ✻

## ယနေ့ မာတိကာ


ပျောက်ဆုံးမဏ္ဍာဆီကို ကျောင်းသားများကြောင့် ဂူရီယိုမြို့တော်ဝန်သစ်ခန့်အပ် စာမျက်နှာ » ၄

ခုခံအားကျဆင်းမှုရောဂါ အကြောင်း တစ်ကိုယ်တော် စက်ဘီးစီး၍နယ်လှည့်ဟောပြော စာမျက်နှာ » ၆

ရာသီကုန်ဖလား ဆီရီနာဝီလျံ ဆွတ်ခူး စာမျက်နှာ » ၁၃


ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။


ASEAN BUSINESS & INVESTMENT SUMMIT 2014


နိုဝင်ဘာ ၁၁ မှ ၁၃ ရက်အထိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ ၂

နေရာပေးနိုင်မှု ကန့်သတ်ချက်ရှိပါသဖြင့် စာရင်း ကြိုတင်ပေးသွင်းကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။
အစည်းအဝေးအတွက် စာရင်းပေးသွင်းလိုပါက

၀၁-၂၁၄၃၄၄~၄၉ လိုင်းခွဲ ၁၂၃, ၃၁၁

abis2014.umfcci@gmail.com www.abis2014.com

အာဆီယံ၏ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး




Organised by
Platinum Sponsor:
KBZ GROUP
Gold Sponsor:
Silver Sponsors:
LOIHEIN
MJTD
YOMA
Bronze Sponsor:
Summit Sponsor:
Official App Sponsor:
Official International Broadcaster:
Official Local Broadcaster:
Official Local Media Partner:

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဈေးကွက်တည်ငြိမ်ရေး အလေးထားကြိုးပမ်း

လူတို့နေ့စဉ်သုံးစွဲနေသော စားသောက်ကုန်များနှင့် အိမ်သုံးပစ္စည်းအများစုသည် စက်သုံးဆီဈေးနှုန်းနှင့် တစ်နည်းမဟုတ် တစ်နည်းဆက်စပ်နေပါသည်။ စက်သုံးဆီဈေးနှုန်း အလှုပ်အခတ်များသည် ရံဖန်ရံခါ ကုန်ဈေးနှုန်းကို ရိုက်ခတ်တတ်ပါသည်။ ဒေါ်လာဈေးအပြောင်းအလဲနှင့် ကမ္ဘာ့ရွှေဈေးအတက်အကျတို့မှာလည်း စားသောက်ကုန်များဈေးနှုန်းနှင့် အထိုက်အလျောက်ဆက်စပ်နေပါသည်။ အထူးသဖြင့် စက်သုံးဆီဈေးနှုန်းသည် စားကုန်များအများစုအပေါ် အကျိုးသက်ရောက်မှုရှိပါသည်။ အကြောင်းသည်ကား စားသောက်ကုန်များသည် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များအပေါ် အခြေခံလျက်ရှိနေခြင်းကြောင့် ဖြစ်ပါသည်။

ပြည်တွင်း စက်သုံးဆီသုံးစွဲမှုအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဓာတ်ဆီနှစ်စဉ် ပျမ်းမျှဂါလန် ၁၅၉ ဒသမ ၈၅ သန်း ဖြန့်ဖြူးခဲ့ပြီး ဒီဇယ်ဆီကို နှစ်စဉ်ပျမ်းမျှ ဂါလန် ၃၈၆ ဒသမ ၃၁ သန်း ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများမှ တင်သွင်းလာသည့် ပမာဏမှာ ဓာတ်ဆီအနေဖြင့် နှစ်စဉ်ဖြန့်ဖြူးမှု၏ ၃၉ ဒသမ ၉၄ ရာခိုင်နှုန်း ပြည်ပမှတင်သွင်းခဲ့ပြီး ဒီဇယ်ကိုလည်း နှစ်စဉ်ဖြန့်ဖြူးမှု၏ ၇၂ ဒသမ ၈၈ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းခဲ့ရကြောင်း သိရသည်။

ဘဏ္ဍာရေးနှစ်အလိုက် စက်သုံးဆီတင်သွင်းမှုများမှ အကောက်ခွန်ကုန်သွယ်မှုလုပ်ငန်းခွန်အဖြစ် ရရှိသည့်ဝင်ငွေများမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၆၆၅၃၁ ဒသမ ၂၇ သန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ငွေကျပ် ၁၀၇၁၈၂ ဒသမ ၁၂ သန်းနှင့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ငွေကျပ် ၂၁၀၂၇၉ ဒသမ ၈၄ သန်း ရှိခဲ့ပါသည်။

ဤအချက်များကို ထောက်ရှုလျက် မော်တော်ယာဉ်များနှင့် အခြားသော ယာဉ်ယန္တရားများအတွက် မရှိမဖြစ်အသုံးပြုနေရသည့် စက်သုံးဆီသည် ပြည်ပတင်သွင်းမှုအပေါ် အဓိကအားထားနေရကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ဤသို့ နိုင်ငံခြားငွေများ အသုံးပြုတင်သွင်းနေရသည့် စက်သုံးဆီများ အလေအလွင့်မဖြစ်ပေါ်စေရေး၊ မသမာမှုနှင့် ဈေးကစားမှုများ မဖြစ်ပေါ်ရေးအတွက် အရေးကြီးပါသည်။ ယခုအခါ မော်တော်ယာဉ်သုံးစွဲမှု တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသကဲ့သို့ စက်သုံးဆီလိုအပ်ချက်သည်လည်း မြင့်မားလျက်ရှိပါသည်။ စက်သုံးဆီများရောင်းချမှုကို ပုဂ္ဂလိက လုပ်ကိုင်ခွင့်ပြုထားသည့် အလျောက် ဈေးကွက်တည်ငြိမ်ရေး၊ ဈေးကစားမှုများ မဖြစ်ပေါ်စေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ စက်သုံးဆီဈေးနှုန်းသည် အခြေခံစားကုန် ဈေးနှုန်းများနှင့်ဆက်နွယ်လျက်ရှိသဖြင့် ဈေးကွက်တည်ငြိမ်စွာဖြစ်ပေါ်ရေး အလေးထားကြိုးပမ်းအပ်ပေကြောင်း။ ။

**ပြည်တွင်းသတင်း**

# အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်မြေသန့်မင်္ဂလာကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက် မြေသန့်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ပညာဗောဓိကုန်း၌ ကျင်းပသည်။

အခမ်းအနားကို ဆရာတော် သံဃာတော်များနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဧည့်ပရိသတ်တို့က နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တပညာသီရိ (အဂ္ဂမဟာပဏ္ဍိတ) မင်းကွန်းကျောင်းတိုက် ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူ ဆောက်တည်ကြကြောင်း သိရသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် အမှူးပြုသော ပြည်နယ်ဝန်ကြီးများက ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကို သံဃာတော် အရှင်သူမြတ်တို့အား ဆက်ကပ်ကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်တို့က အနန္တရာယိကမ္မဝါစာများ၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူပြီး ဥပါသကာများက ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ချည်တို့ကို သာသနာ့မြေအနှံ့အပြား ပက်ဖျန်းချည်နှောင်ကြဖြန့်ကြကြောင်း သိရသည်။

၎င်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် အမှူးပြုသော ပြည်နယ်ဝန်ကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ ပညာသီရိ(အဂ္ဂမဟာပဏ္ဍိတ) မင်းကွန်းကျောင်းတိုက်ဆရာတော်က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချချီးမြှင့်ပေး၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**


# နေပြည်တော် စံပြစိုက်ကွင်းများ တောင်သူများလေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၇**



နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက် ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတောင်သူပညာပေးစံပြစိုက်ကွင်းသို့ မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးနှင့် အနယ်နယ်အရပ်ရပ်တို့မှ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော တောင်သူများအနေဖြင့် မိမိလယ်ယာ၊ မိမိဒေသကို ဖွံ့ဖြိုးတိုးတက်စေချင်သော ရည်ရွယ်ချက်ဖြင့် တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်ဖြင့်သော်လည်းကောင်း လေ့လာရေးများ ရောက်ရှိကြရာ အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်း ဦးဆောင်သော မုံရွာခရိုင်လေးမြို့နယ်မှ တောင်သူ ၈၄ ဦး၊ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ ဦးဆောင်သော တောင်သူ ၄၀၊ ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ်အောင်နှင့် ဦးမင်းနိုင် ဦးဆောင်သော သာယာဝတီခရိုင် မင်းလှမြို့နယ်မှ တောင်သူ ၁၀၀ တို့သည် အဆိုပါစိုက်ကွင်းအတွင်း လေ့လာကြသည်။ အဆိုပါလေ့လာရေးအဖွဲ့ဝင်များကို စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ ညွှန်ကြားရေးမှူး ဦးအေးကိုကို (စိုက်ပျိုးပညာပေးရေး) ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်နှင့် ပညာရှင်ဝန်ထမ်းများက ပြည်တွင်းပြည်ပဈေးကွက်ဝင် သီးနှံတစ်ခုချင်းအလိုက် စိုက်နည်းစနစ်များ၊ ဓာတုကင်းလွတ် အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်ပုံမျိုးရရှိပုံ၊ မျိုးထုတ်လုပ်ပုံတို့ကို ရှင်းလင်းဆွေးနွေးပြသခဲ့ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ နယ်မြေအတွင်း ပုလဲသွယ်စပ်မျိုးစပါး F1 မျိုးစေ့ထုတ်လုပ်ရန် ဝတ်မှုန်ကူးခြင်းတို့ကိုလည်း လေ့လာခဲ့ကြသည်။ **ကိုပေါက် (ဥတ္တရမြေ)**






# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပ သမဂ္ဂသံအမတ်ကြီး H.E.Mr.Roland Kobia အား ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက နှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်ဥပဒေ ရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော် ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



## ပြည်တွင်းသတင်း

**ရှေ့ဖုံးမှ**

အလားတူ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက်တွင် ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဟူစလပ်ဗ် ဆိုဘော့ကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ချက်သမ္မတနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၈**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လျူဘိုမီယာ ဇာအိုရာလက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# (၃၅)ကြိမ်မြောက် အာရှ-အဝေးမှ စူးစမ်းလေ့လာခြင်းဆိုင်ရာညီလာခံ ဖွင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၇

**မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် အောက်တိုဘာ ၂၇ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ (၃၅)ကြိမ်မြောက် အာရှ-အဝေးမှ စူးစမ်းလေ့လာခြင်းဆိုင်ရာ ညီလာခံ (Asian Conference on Remote Sensing -ACRS 2014) ကို ကျင်းပသည်။**






ညီလာခံဖွင့်ပွဲအခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဤနည်းပညာကို မြန်မာနိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တွင်တွင်ကျယ်ကျယ် အသုံးချနိုင်ခြင်းဖြင့် ထိရောက်ကောင်းမွန်သော ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများ အနေဖြင့်လည်း ကမ္ဘာ့ခေတ်မီ နည်းပညာများကို လေ့လာဆည်းပူးခွင့်ရမှာ ဖြစ်သည့်အတွက် အခွင့်အရေးကောင်းတစ်ခုအဖြစ် မြင်ပါကြောင်း ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးဝင်းထွန်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ထိုညီလာခံတွင် နိုင်ငံပေါင်း ၃၆ နိုင်ငံမှ ပညာရှင်များက သုတေသနစာတမ်းပေါင်း ၂၈၀ ကျော်ကို အခန်းခွဲခြောက်ခုတွင် တစ်ပြိုင်နက်တည်း ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။ ထိုအခမ်းအနားတွင် အဝေးမှ စူးစမ်းလေ့လာခြင်းဆိုင်ရာ၊ အဖွဲ့အစည်းကုမ္ပဏီများ၊ ပထဝီဝင်သတင်းအချက်အလက်ဆိုင်ရာ အဖွဲ့အစည်း ကုမ္ပဏီများ၊ မြေတိုင်းနှင့်မြေယာစီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းနှင့် ကုမ္ပဏီများ၊ အာကာသနှင့် လေကြောင်းဆိုင်ရာ အဖွဲ့အစည်းနှင့် ကုမ္ပဏီများ၊ အချက်အလက်ဆိုင်ရာ ဆော့ဖ်ဝဲကုမ္ပဏီများ၊ ပြခန်းများဖွင့်လှစ်၍ နည်းပညာဆိုင်ရာ အသိပညာပေးမျှဝေမှုများ ပြုလုပ်သွားကြမည်ဖြစ်သည်။

သုတေသန စာတမ်းများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစာတမ်းများ၊ သဘာဝသယံဇာတ၊ သစ်တော၊ ဘူမိဗေဒ၊ စိုက်ပျိုးမွေးမြူရေး၊ ဓာတ်သတ္တု၊ ကျောက်မျက်၊ ရေနံသဘာဝဓာတ်ငွေ့နှင့် တွင်းထွက်များဆိုင်ရာ စာတမ်းများ၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စာတမ်းများ၊ ပို့ဆောင်ရေးနှင့် မြို့ပြဆိုင်ရာစာတမ်းများ၊ မြေတိုင်းနှင့် အာကာသနည်းပညာဆိုင်ရာ စာတမ်းများ၊ ဂြိုဟ်တုနည်းပညာနှင့် အာရုံခံစူးစမ်းခြင်းနည်းပညာဆိုင်ရာ စာတမ်းများ၊ အချက်အလက်များ တွက်ချက်မှုဆိုင်ရာစာတမ်းများ၊ အဝေးမှ စူးစမ်းလေ့လာခြင်းနှင့် ဆက်စပ်သော နည်းပညာအသစ်များ၊ သိပ္ပံလေ့လာမှု အသစ်များဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံတို့ ပူးပေါင်း၍ Civil Service သင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံ (Konrad Adenauer Foundation) တို့ ပူးပေါင်း၍ Civil Service သင်တန်းကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမ၌ ဖွင့်လှစ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သင်တန်းနည်းပြဆရာများဖြစ်သည့် ဦးသီဟန်မျိုးညွန့်၊ ဦးငွေးနိုင်ဝင်းနှင့် ဒေါက်တာ အန်ဂန်နီဆန်တို့ တက်ရောက်ကြသည်။

သင်တန်းတွင် ဒီမိုကရေစီစနစ်နှင့်အညီ လွတ်လပ်စွာပြောဆိုခွင့်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ စီမံကိန်းနှင့် စီမံခန့်ခွဲမှု မူဘောင်သတ်မှတ်ခြင်း စသည့် အကြောင်းအရာများကို ဆွေးနွေးပို့ချမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနများမှ သင်တန်းသား ၆၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့တွင်လည်း အလားတူ သင်တန်းကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**



**ကျောဖုံးမှ**

လေ့ကျင့်ကာ အုပ်စု(ခ)ပွဲစဉ်များ ကျင်းပမည့် စင်ကာပူနိုင်ငံသို့ တိုက်ရိုက် သွားရောက်မည်ဖြစ်သည်။ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ရန်ကုန်မြို့တွင် လေ့ကျင့်မည်ဖြစ်ပြီး နိုဝင်ဘာ ၃ ရက်တွင် ကာတာနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ မြန်မာအသင်းမှာ ဆူဇူကီးဖလား ပြိုင်ပွဲနောက်ဆုံးအဆင့် အုပ်စုပွဲစဉ်တွင် အုပ်စု(ခ)၌ လက်ရှိချန်ပီယံ စင်ကာပူ၊ ထိုင်း၊ မလေးရှားတို့နှင့်အတူ ပါဝင်လျက်ရှိသည်။

ပဏာမ မြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြချုပ် အေဗရာမိုဗစ်၊ လက်ထောက်နည်းပြ ဇီကိုဗစ်၊ ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ ဒီနို၊ ကစားသမားများအဖြစ် **ဂိုး**-သီဟစည်သူ၊ ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးအောင်၊ ရန်အောင်လင်း၊ **နောက်တန်း**-နေမျိုးအောင်၊ ဝင်းမင်းထွဋ်၊ ဇော်မင်းထွန်း၊ ခင်မောင်လွင်၊ သိန်းဇော်၊ အောင်ဇော်၊ စည်သူအောင်၊ **အလယ်တန်း-** မင်းမင်းသူ၊ ကျော်ဇေယျာဝင်း၊ ကျော်မင်းဦး၊ ငြိမ်းချမ်းအောင်၊ တင်ဝင်းအောင်၊ ရန်အောင်ကျော်၊ ချစ်စုမိုး၊ ဒေးဗစ်ဒန်း၊ နေလင်းထွန်း၊ အောင်ကျော်နိုင်၊ **ရှေ့တန်း**-ကျော်ကိုကို၊ ကြည်လင်း၊ သန်းပိုင်၊ စိုးမင်းဦးနှင့် နန္ဒလင်းကျော်ချစ်တို့ ပါဝင်ကြသည်။

## မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

Endoscopic Sinus Surgery



နှာခေါင်းနှင့်ပတ်သက်သော ရောဂါများကို မှန်ပြောင်းဖြင့်ခွဲစိတ်ကုသမှုအစီအစဉ်

မှန်ပြောင်းဖြင့်ကုသပေးနိုင်သောရောဂါများ

+ သောက်ဆေးဖြင့် မပျောက်ကင်းသော နာတာရှည် ထိပ်ကပ်နာများ
+ အနံ့ခံအာရုံချို့ယွင်းနေသောဝေဒနာရှင်များ
+ အိပ်ပျော်နေစဉ်အတွင်းဟောက်တတ်ခြင်းနှင့်အသက်ရှူနှုန်းမမှန်ခြင်းစသောရောဂါများ
+ နှာခေါင်းအတွင်းရှိ ကင်ဆာအကျိတ်များကို ဖြတ်ထုတ်ခြင်း
+ နှာခေါင်းသွေးယိုမှုကို ထိန်းချုပ်ခြင်း
+ နှာခေါင်းနှင့်ပတ်သက်သော အခြားရောဂါများ

မှန်ပြောင်းဖြင့်ခွဲစိတ်ကုသခြင်း၏အကျိုးကျေးဇူးများ

+ ထိခိုက်နာကျင်မှုနည်းပါးသောကုသမှုဖြစ်ပြီး ကျန်းမာသောတစ်သျှူးများကို ထိခိုက်စေခြင်းမရှိနိုင်ပါ။
+ နိုင်ငံတကာအတွေ့အကြုံရှိဆရာဝန်ကြီးမှမှန်ပြောင်းအသုံးပြု၍ခွဲစိတ်ကုသမှုပေးသောကြောင့်ခွဲစိတ်ကုသသည့်အချိန်တိုတောင်းပြီးပိုမိုကောင်းမွန်သောရလဒ်များကို ရရှိစေ၍ ပုံမှန်လုပ်ငန်းဆောင်တာများကိုအမြန်ဆုံးပြန်လည်လုပ်ဆောင်နိုင်ပါမည်။
+ သွေးထွက်နည်းပါးစေပြီးအမာရွတ်ထင်ကျန်မှုလျော့နည်းစေပါသည်။

စင်ကာပူနိုင်ငံမှ အထူးကုဆရာဝန်ကြီးနှင့် မြန်မာဆရာဝန်ကြီးများပူးပေါင်း၍ အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၂ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃ ၊၆၈၄၃၂၅၊၆၈၄၃၃၆၊ (၀၉) ၄၂၃ ၀၄၂ ၆၇၉ ၊(၀၉) ၂၅၄ ၉၅၀ ၈၁၇ / မန္တလေး (၀၉) ၄၃၂၀ ၇၇၈၁ Email : enquiry.phih@spa-mm.com

နိုင်ငံတကာသတင်း

# ဘရာဇီးသမ္မတ ဒီလ်မာရိုဆက် ပြန်လည်အရွေးခံရ သမ္မတကောင်းတစ်ဦးအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်မည်ဆို

**ဘရာဇီးလီးယား အောက်တိုဘာ ၂၇**

ဘရာဇီးလက်ရှိသမ္မတ ဒီလ်မာရိုဆက်သည် သမ္မတရွေးကောက်ပွဲတွင် မဲအရေအတွက် ၅၁ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရပြီး ပြန်လည်ရွေးချယ်တင်မြှောက်ခံရသည်။

၎င်း၏ ပြိုင်ဘက် အေစီယိုနီဗက်မှာ ၄၈ ရာခိုင်နှုန်းသာ ရခဲ့သည်။ လက်ရှိသမ္မတတာဝန်ကို ထမ်းဆောင်နေခြင်းထက် သမ္မတကောင်းတစ်ဦးအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲအနိုင်ရမှု မိန့်ခွန်းပြောကြားစဉ် သမ္မတဒီလ်မာရိုဆက်က ပြောကြားလိုက်သည်။

ရိုဆက်သည် ပြီးခဲ့သည့်နှစ်က အကျင့်ပျက်ခြစားမှု၊ ကမ္ဘာ့ဖလားအသုံးစရိတ်များ အလွန်အကျွံသုံးစွဲမှုနှင့် ဆင်းရဲသားများ ဝန်ဆောင်မှုလုပ်ငန်းများ ညံ့ဖျင်းမှုတို့ပေါ် ဆန္ဒပြမှုနှင့် ရင်ဆိုင်ခဲ့ရသည်။

၂၀၁၀ ပြည့်နှစ်ကတည်းက အာဏာရယူထားခဲ့သော ဒီလ်မာရိုဆက်သည် ၎င်း၏အစိုးရထောက်ပံ့ရေးအစီအစဉ်များကြောင့် ဆင်းရဲသား ဘရာဇီးပြည်သူများအကြား လူကြိုက်များ ရေပန်းစားလျက်ရှိသည်။

ဘရာဇီးပြည်သူများအနေဖြင့် ပိုမိုစည်းလုံးညီညွတ်ကြရန် လိုကြောင်း နိုင်ငံရေးပြုပြင်ပြောင်းလဲရန် ကြိုးစားနေသော သမ္မတရိုဆက်က တိုက်တွန်းလိုက်သည်။

"သမ္မတဆိုတာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးရဲသူ ဖြစ်ရပါမယ်။ ဒီကိစ္စကကျွန်မအတွက်တော့ ဦးစားပေးအလုပ်ပါပဲ"ဟု မြို့တော် ဘရာဇီးလီးယားရှိ လူထုပရိသတ်အား ပြောကြားလိုက်သည်။ ၎င်းကို ထောက်ခံသူများအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ အထူးသဖြင့် နိုင်ငံရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များနှင့် သမ္မတဟောင်း လူလာဒါဆေးလ်ဗားတို့အား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ **(ဘီဘီစီ)**



# ပျောက်ဆုံးမက္ကဆီကိုကျောင်းသားများကြောင့် ဂူရီယိုမြို့တော်ဝန်သစ်ခန့်အပ်



**ဂူရီယို အောက်တိုဘာ ၂၇**

လွန်ခဲ့သောလက ရဲများနှင့် ပဋိပက္ခဖြစ်ပွားပြီးနောက် ကျောင်းသား ၄၃ ဦး ပျောက်ဆုံးသွားသော မက္ကဆီကိုနိုင်ငံ ဂူရီယိုမြို့တွင် ယာယီမြို့တော်ဝန်တစ်ဦးကို ခန့်အပ်ခဲ့သည်။

ဒေသတွင်း တက္ကသိုလ်တစ်ခု၏ အဓိပတိဖြစ်သူ ယခုမြို့တော်ဝန် ဂိုဂီလိုယိုအော်တီဂါမှာ လွန်ခဲ့သောလက ကျောင်းသားများ ပျောက်ဆုံးမှုနှင့် ရာထူးမှနုတ်ထွက်ခဲ့ရသော မြို့တော်ဝန် အိန်ဂျယ်အော်ဂူရီ၏နေရာတွင် ခေတ္တခဏ အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်း ဥပဒေပညာရှင်များက ပြောကြားခဲ့သည်။

ရာဇဝတ် နှိမ်နင်းရေးအဖွဲ့သည် အီဂွါလာမြို့တော်ဝန်၊ ၎င်း၏ဇနီးနှင့် အဆိုပါမြို့ရှိ ရဲမှူးတို့ကို ဆက်လက်ရှာဖွေလျက်ရှိသည်။

အဆိုပါ မြို့တော်ဝန်နှင့်အဖွဲ့သည် ကျောင်းသားများကို လူဆိုးဂိုဏ်းများသို့လွှဲပေးရန် အမိန့်ပေးခဲ့ဖွယ်ရှိပြီး ၎င်းတို့သည် ထွက်ပြေးနေသည်ဟု ယုံကြည်ရသည်။

ကျောင်းသားများကို ရဲကားများပေါ်တွင် တစ်စုတစ်ဝေးတည်း တွေ့လိုက်ရကြောင်း မျက်မြင်များက ပြောခဲ့သည်။

တောင်ပိုင်းပြည်နယ်တစ်ခုလုံးရှိ နိုင်ငံရေးသမားများ၊ ရဲများနှင့် လူဆိုးဂိုဏ်းများအကြား အချင်းချင်းအပြန်အလှန်နားလည်သော ဆက်ဆံမှုများရှိသင့်သည်ဟု လွန်ခဲ့သောအပတ်က နိုင်ငံရှေ့နေချုပ် ဂျီဆက်စ်ပူရီလိုကရမ်းက ပြောကြားခဲ့သည်။

အသစ်ခန့်အပ်လိုက်သောယာယီမြို့တော်ဝန်သည် ယခင်ဂူရီယိုမြို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တက္ကသိုလ်အဓိပတိဖြစ်ပြီး ၎င်း၏ရာထူးသစ်တွင် ရှေ့နှစ်အထိ ဆက်လက်ရှိနေမည်ဖြစ်သည်။

၎င်းသည် ပဋိပက္ခအသွင်ဆောင်သည့် ပြဿနာများဖြစ်ပေါ်ရန် ပိုမိုဖန်တီးပေးသော မြို့တော်ဝန်ဟောင်း၏နေရာတွင် အစားထိုးတာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

အီဂွါလာတွင် လူခြောက်ဦး သေဆုံးခဲ့သော ပဋိပက္ခဖြစ်ပြီးကတည်းက အဆိုပါမြို့တော်ဝန်မှာပြစ်တင်ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။အဆိုပါဖြစ်ရပ်သည် တိုင်းပြည်ကို တုန်လှုပ်စေခဲ့ပြီး နိုင်ငံတစ်ဝန်း ဆူပူအုံကြွမှုများကိုဖြစ်စေသည်။ **(ဘီဘီစီ)**

## ဖိလစ်ပိုင်မိသားစုထက်ဝက်ကျော်မှာ ၎င်းတို့ကိုယ်တိုင် ဆင်းရဲသားများအဖြစ်သတ်မှတ်ကြောင်း စစ်တမ်းတစ်ခုက ဖော်ပြ

**မနီလာ အောက်တိုဘာ ၂၇**

ဖိလစ်ပိုင်နိုင်ငံ၌ ကောက်ယူသော စစ်တမ်းတစ်ခုအရ မေးခွန်းဖြေကြားသူ ၅၅ ရာခိုင်နှုန်း သို့မဟုတ် ၁၂ ဒသမ တစ်သန်းပမာဏရှိသော ဖိလစ်ပိုင်မိသားစုဝင်များသည် ၎င်းတို့ကိုယ်တိုင် ဆင်းရဲသူများအဖြစ် သတ်မှတ်ထားကြောင်း တနင်္လာနေ့ကထုတ်ပြန်လိုက်သော အဆိုပါစစ်တမ်းအရ သိရသည်။

ကိုယ်တိုင်ဆင်းရဲမှုအဆင့် သတ်မှတ်ထားသော စစ်တမ်းကို သုံးလတစ်ကြိမ်ကောက်ယူခဲ့ရာ ယခုလကောက်ယူထားသော စစ်တမ်းသည် လွန်ခဲ့သော ဇွန်လစစ်တမ်းနှင့်နှိုင်းယှဉ်လျှင် ကွာခြားမှုမရှိကြောင်း ပုဂ္ဂလိကလေ့လာရေး အင်စတီကျူဆိုရှယ်ဝဲသားစတေရှင် (အက်စ်ဒဗလျူအက်စ်)က ပြောခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းရှိ မိသားစုဝင်အများစုမှာ ဆင်းရဲကြကြောင်း ၎င်းလေ့လာရေး အင်စတီကျူက ပြောခဲ့သည်။ မြို့တော်မနီလာတွင် မေးခွန်းဖြေကြားသူ ၄၃ ရာခိုင်နှုန်းက ၎င်းတို့မှာ ဆင်းဆင်းရဲရဲနှင့်နေရကြောင်း ပြောခဲ့သည်။

လွန်ခဲ့သော ဒုတိယပတ်က ကောက်ယူခဲ့သောစစ်တမ်း၏ ဆင်းရဲသား ၄၁ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ယခုဆင်းရဲသားများမှာ ၄၃ရာခိုင်နှုန်းအထိ တိုးလာသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရွယ်ရောက်သူ ၁၂၀၀ သည် မျက်နှာချင်းဆိုင် တွေ့ဆုံးမေးမြန်းမှုတွင် ပါဝင်ခဲ့သည်။

အဆိုပါ စစ်တမ်းကောက်ယူမှုကို စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည်။ **(ဆင်ဟွာ)**

## နိုင်ဂျီးရီးယား၌ ကလေးငယ် ၃၀ ခန့် ပြန်ပေးဆွဲခံရ

**နိုင်ဂျီးရီးယား အောက်တိုဘာ ၂၇**

နိုင်ဂျီးရီးယားအစိုးရက အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းခဲ့သော်လည်း ဘိုကိုဟာရမ်ဟု ယူဆရသူများက နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းဒေသ၌ ကလေးငယ် ၃၀ ခန့်ကို ပြန်ပေးဆွဲသွားခဲ့ကြောင်း ဒေသခေါင်းဆောင်က ပြောခဲ့သည်။

ထို့အပြင် ဘော်နိုပြည်နယ် မာဖာရွာကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ၁၇ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ယင်းကိစ္စမှာ ခေါ်းပြတိုက်မှုဖြစ်နိုင်သည်ဟု နိုင်ဂျီးရီးယားအာဏာပိုင်များက ဆိုသည်။

၎င်းတို့သည် ၂၀၀၉ ခုနှစ်ကတည်းက တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး ပြန်ပေးဆွဲခဲ့ရာ အမျိုးသမီးခေါ်းစာခံ ၅၀၀ ကျော်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ဂျီးရီးယား အာဏာပိုင်များအနေဖြင့် ပြီးခဲ့သည့်ခြောက်လက ကျောင်းသူ ၂၀၀ ကျော် ပြန်ပေးဆွဲခံရသည့်ကိစ္စနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောခဲ့သည်။ **(ဘီဘီစီ)**

# အာဖဂန်၌ ဗြိတိန်စစ်ဆင်ရေး တိုက်ခိုက်မှုအဆုံးသတ် လုံခြုံရေးတာဝန် အာဖဂန်တပ်ဖွဲ့ဝင်များသို့ လွှဲပြောင်း



**ကဘူးလ် အောက်တိုဘာ ၂၇**

အာဖဂန်နစ္စတန်နိုင်ငံရှိ ဗြိတိသျှစစ်အခြေစိုက် စခန်းကို အာဖဂန်တပ်များ ထိန်းချုပ်မှုလက်အောက်သို့ လွှဲပြောင်းလိုက်ပြီဖြစ်ရာ ဗြိတိသျှတပ်ဖွဲ့ဝင်များ အာဖဂန်၌ စစ်ဆင်ရေးတိုက်ခိုက်မှုမှာ အဆုံးသတ်သွားပြီဖြစ်သည်။

အဆိုပါ စစ်အခြေစိုက်စခန်းရှိ ဗြိတိသျှယူနီယံအလံကို ဖြုတ်ချလိုက်ချိန် ကပ်လျက်ရှိသော အမေရိကန်အခြေစိုက်စခန်းကိုလည်း အာဖဂန်ထိန်းချုပ်မှုလက်အောက်သို့ လွှဲပြောင်းပေးလိုက်သည်။

ဗြိတိန်နိုင်ငံအနေဖြင့် အာဖဂန်နိုင်ငံအတွင်း တာဝန်ထမ်းဆောင်ရင်း အသက်ပေးခဲ့ရသော တပ်ဖွဲ့ဝင်များအတွက် မည်သည့်အခါမျှ နောင်တရလိမ့်မည်မဟုတ်ကြောင်း ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ပြောသည်။

အဆိုပါ စစ်ဆင်ရေးအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၄၅၃ဦး၊ အမေရိကန်တပ်ဖွဲ့ဝင် ၂၃၄၉ ဦးခန့် အသက်ပေးခဲ့ရသည်ဟု ဆိုသည်။

"ကျွန်ုပ်တို့အားလုံးအတွက် ရဲဝံ့စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအားလုံး၏ သတ္တိကိုတော့ အမြဲတမ်း အမှတ်ရနေမှာပါ"ဟု ဝန်ကြီးချုပ်က ပြောသည်။

အမေရိကန်နိုင်ငံတွင် ၉/၁၁ တိုက်ခိုက်မှုအပြီး ၂၀၀၁ ခုနှစ်က တာလီဘန်အစိုးရကို အမေရိကန်ဦးဆောင်၍ ဖြုတ်ချခဲ့ရာတွင် ဗြိတိန်တပ်ဖွဲ့ဝင်များလည်း ပါဝင်လာခဲ့သည်။ **(ဘီဘီစီ)**

## အိန္ဒိယနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းဒေသသို့ အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်း ဦးတည်နေ

**နယူးဒေလီ အောက်တိုဘာ ၂၇**

အိန္ဒိယနိုင်ငံအနောက်ဘက် ကမ်းရိုးတန်းဒေသသို့ အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်း ဦးတည်နေသဖြင့် ပင်လယ်ပြင်အတွင်း ငါးဖမ်းထွက်မည့် ရေလုပ်သားများကို အာဏာပိုင်များက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်း နီလိုဖားသည် အင်အားပြင်းအဆင့်ရှိပြီး လာမည့် ၂၄ နာရီအတွင်း ဂူဂျာရတ်ပြည်နယ် အနောက်ဘက်ကမ်းရိုးတန်းသို့ ဝင်ရောက်လာနိုင်ဖွယ်ရှိကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြသည်။

ထို့အပြင် အဆိုပါ မုန်တိုင်းတိုက်ခတ်မှုသည် တစ်နာရီ မိုင် ၉၀ နှုန်း တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းခဲ့သည်။

၁၉၉၉ ခုနှစ်က ဩရိသပြည်နယ်၌ ဆူပါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူ ၁၀၀၀၀ ကျော် သေဆုံးခဲ့သည်။

ယခုလအစောပိုင်းကလည်း အိန္ဒိယအရှေ့ပိုင်းကမ်းရိုးတန်းဒေသ၌ ဆိုင်ကလုန်းမုန်တိုင်း ဟွဒ်ဟွဒ်ဝင်ရောက်ခဲ့ရာ လူ ၄၀ ကျော် သေဆုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများစွာဖြင့် ပြည်သူ ၃၅၀၀၀၀ ခန့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြသည်။

နီလိုဖားမုန်တိုင်းဝင်ရောက်မှုကြောင့် Saurashtra နှင့် ကုချ်ဒေသတို့၌ မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း၊ ဂူဂျာရတ်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက်တွင် မိုးပိုလာနိုင်သဖြင့် ပင်လယ်ပြင်ရောက်ရေလုပ်သားများ ပြန်လာကြရန်နှင့် ကမ်းရိုးတန်းရှိ ရွာများကို သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ပြောကြားသည်။

**(ဘီဘီစီ)**

# ရွှေနှင့်ရတနာပစ္စည်းတန်ဖိုး ၃၈၆ သိန်းကျော် ခိုးယူသူများဖမ်းမိ

**မန္တလေး အောက်တိုဘာ ၂၇**

မန္တလေးမြို့တွင် ရွှေနှင့်ရတနာပစ္စည်းမျိုးစုံ တန်ဖိုး ၃၈၆ သိန်းကျော်နှင့် အရေးကြီးစာရွက်စာတမ်းများ ထည့်သွင်းသိမ်းဆည်းထားသည့် မီးခံသေတ္တာနှင့် အခြားပစ္စည်းများ ခိုးယူခံရမှုကို မန္တလေးခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမြို့(၆၈)လမ်း(၃၄×၃၅)လမ်းကြားနေ ဒေါ်မြမြဝင်း မိသားစုသည် အောက်တိုဘာ ၅ ရက်ညက အခြားနေအိမ်သို့သွားရောက်အိပ်ခဲ့ကြပြီး အောက်တိုဘာ ၆ ရက်တွင် အိမ်သို့ပြန်ရောက်စဉ် မီးခံသေတ္တာနှင့်အခြားပစ္စည်းများ ပျောက်ဆုံးနေသည်ကိုတွေ့ရှိရ၍ မန္တလေးမြို့ အမှတ်(၃)နယ်မြေရဲစခန်းတွင် ခိုးယူသွားသူများအား စုံစမ်းအရေးယူပေးပါရန် တိုင်ကြားခဲ့သည်။

အမှုနှင့်ပတ်သက်၍ မန္တလေးခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ်ကြည်ဇင်က အဖွဲ့ဝင်များဖွဲ့၍ စုံစမ်းခဲ့ရာ အောက်တိုဘာ ၁၆ရက်ညနေ ၃ နာရီခန့်တွင် နေဇင်လတ်(ခ)ဖြူဖွေးနှင့် မဖြိုးသန္တာထွေး(ခ)မဖြိုးတို့သည် အမှုမှ ပျောက်ဆုံးရတနာအချို့အားရောင်းချရန် မဟာအောင်မြေမြို့နယ် မန်းမြို့ဈေးအတွင်းရှိ ရွှေဆိုင်များအား လိုက်လံပြသနေသည်ကိုသတင်းရရှိသဖြင့် မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးသို့ ခေါ်ယူစစ်ဆေးခဲ့သည်။



**မျိုးမင်းသူ(ခ) ဆင်ကြီး၊ နေဇင်လတ်(ခ)ဖြူဖွေး၊ ထွန်းထွန်းနိုင်(ခ)ဝတုတ်၊ ရဲနေမျိုး(ခ)ဦးတီးပွားနှင့် မဖြိုး(ခ) ဖြိုးသန္တာထွေးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။**

စစ်ဆေး ဖော်ထုတ်ချက်အရ အောက်တိုဘာ ၆ ရက် နံနက် ၃ နာရီက နေဇင်လတ်(ခ)ဖြူဖွေး၊ ထွန်းထွန်းနိုင်(ခ)ဝတုတ်နှင့် မျိုးမင်းသူ (ခ) ဆင်ကြီးတို့သုံးဦးသည် ဆိုင်ကယ်ဖြင့် (၆၈)လမ်း၊ (၃၄×၃၅) လမ်းကြားရောက်ရှိလာပြီး အိမ်တံခါးပေါက်များ ပွင့်နေကာ ခြံတံခါးသော့ခတ်ထားသော ဒေါ်မြမြဝင်းအိမ်တွင် လူမရှိသည်ကိုတွေ့ရ၍ ခြံတံခါးသော့ဖျက်ပြီး ဝင်ရောက်ခဲ့ကြောင်း၊ နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်းရှိ မီးခံသေတ္တာတစ်လုံးနှင့် အောက်ထပ်မှ စက်ဘီးတစ်စီးကို ၎င်းတို့စီးနင်းလာသည့်ဆိုင်ကယ်ဖြင့် နေဇင်လတ်(ခ) ဖြူဖွေး၏နေအိမ်သို့ ယူဆောင်ခဲ့ကြောင်း၊ မီးခံသေတ္တာအားတူနှင့်စို့များ အသုံးပြု၍ရိုက်ဖွင့်ပြီး ရွှေထည်နှင့်ရတနာပစ္စည်းမျိုးစုံ၊ ငွေကျပ်ခုနစ်သိန်းကို ယူဆောင်ခဲ့ကြောင်း၊ ရတနာအချို့ကို ရောင်းချရန် နေဇင်လတ်(ခ) ဖြူဖွေးနှင့် မဖြိုးသန္တာထွေး(ခ) မဖြိုးတို့ မန္တလေးဈေးသို့လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ စစ်ဆေးဖော်ထုတ်ချက်အရ ကျန်ရှိသောပစ္စည်းများမှ အချို့ကို မူဆယ်မြို့၌ ရောင်းချရန် ထွန်းထွန်းနိုင်(ခ) ဝတုတ်နှင့် ရဲနေမျိုး(ခ)ဦးတီးပွားတို့ ထွက်ခွာသွားကြောင်းနှင့် ကျန်ရတနာပစ္စည်းများအား နေဇင်လတ်(ခ)ဖြူဖွေး၏ နေအိမ်တွင် မြှုပ်နှံထားကြောင်း စစ်ဆေးသိရှိရ၍ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်(ကျူး) ညညရပ်တွင် သွားရောက်ရှာဖွေရာ သက်သေခံပစ္စည်းကိုးမျိုးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ဆက်လက်၍ ရဲအုပ်ကြည်ဇင် ဦးဆောင်သော ရဲအုပ်ဝင်းမင်းထွန်း၊ ရဲအုပ်ဗိုလ်ဗိုလ် အောင်၊ ရဲအုပ်သူရအဖွဲ့သည် အောက်တိုဘာ ၁၇ ရက်က မူဆယ်မြို့သို့ရောက်ရှိပြီး မူဆယ်မြို့ ဇီးကုန်းရပ်ကွက်တွင် ထွန်းထွန်းနိုင်(ခ) ဝတုတ်နှင့် ရဲနေမျိုး(ခ)ဦးတီးပွားတို့ကို အမှုမှ ပျောက်ဆုံးပစ္စည်းများဖြစ်သည့် ရွှေထည်ပစ္စည်းအမျိုး ၂၀နှင့် ရွှေ/ကျောက်ရတနာ ၂၁ မျိုးတို့ကို တွေ့ရှိဖမ်းဆီးရမိ၍ သက်သေများ ရှေ့တွင် ရှာဖွေပုံစံဖြင့်သိမ်းဆည်းပြီး ဆက်လက်အရေးယူနိုင်ရန် မန္တလေးမြို့အမှတ်(၃) နယ်မြေရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **အေးမြ(မန်းကိုယ်ပွား)**

---

ပြည်တွင်းသတင်း

# ခရီးသည်များကို အလုအယက်ခေါ်ရာတွင် တားမြစ်မှုကြောင့် မှန်လုံယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်ကို ဝိုင်းဝန်းရိုက်နှက်

**လားရှိုး အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးရှေ့၌ ခရီးသည်ဆင်းရန် ခေတ္တရပ်နားပေးသော အဝေးပြေးမှန်လုံယာဉ်မှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ခရီးသည်ကြိုသော သုံးဘီးယာဉ်မောင်းများက ဝိုင်းဝန်းရိုက်နှက်သော မှုခင်းတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီခန့်တွင် မကွေးမှ လားရှိုးသို့ပြေးဆွဲသော AA FAMILY ယာဉ်အသင်းမှ မှန်လုံယာဉ်အမှတ် ၇ယ/----ယာဉ်သည် ခရီးသည်အချို့ဆင်းရန် လားရှိုးယာဉ်ထိန်းရဲတပ်ဖွဲ့ရုံးရှေ့၌ခေတ္တရပ်နားပေးစဉ် ယင်းနေရာအနီး ဂိတ်ထိုးမောင်းနှင်သည့် သုံးဘီးယာဉ်မောင်းများက ခရီးသည်များကို ကားအတက်အဆင်း အပေါက်မှပိတ်၍ လုယက်ခေါ်ယူကြခြင်း၊ ကားပေါ်အထိတက်၍ လုယက်ခေါ်ယူကြခြင်းများပြုခဲ့သည့်အတွက် ကားပေါ်သို့မတက်ရန်တားမြစ်ရာမှ သုံးဘီးယာဉ်မောင်း ၁၀ဦးခန့်က မှန်လုံယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်နှစ်ဦးတို့ကို တုတ်များဖြင့် ဝိုင်းဝန်းရိုက်နှက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ရိုက်နှက်မှုကြောင့် ယာဉ်မောင်းဇော်ကြီး(၃၅ နှစ်)၊ ယာဉ်နောက်လိုက်များဖြစ်သော မောင်မောင်(၂၆ နှစ်)၊ နိုင်နိုင်ဝင်း (၂၆ နှစ်)တို့တွင် ဒဏ်ရာများ ရရှိခဲ့ကြပြီး လားရှိုးဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တက်ရောက် ဆေးဝါးကုသမှုခံယူနေရကြောင်း သိရသည်။

လားရှိုးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ဝိုင်းဝန်းရိုက်နှက်ခဲ့သူ သားငယ် ရပ်ကွက်(၉)၊ သန်းဇော် ရပ်ကွက်(၁၀)နှင့်ပါဝင်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေမျိုးနွယ်**

---

# နောင်ချိုမြို့နယ်၌ ဘိန်းဖြူ ၃၆ ဂရမ် ဖမ်းဆီးရမိ



**စံမောင်နှင့် အိုက်ပွဲတို့ကို ဖမ်းဆီးရမိ ဘိန်းဖြူဆပ်ပြာခွက်များနှင့်အတူ တွေ့ရစဉ်။**

**နေပြည်တော် အောက်တိုဘာ ၂၇**

အောက်တိုဘာ ၂၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)မှ လားရှိုးမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲ-နောင်ချို ပြည်ထောင်စုလမ်းမပေါ် နောင်ပစ်လမ်းခွဲအနီးတွင် သီပေါမြို့မှ နောင်ချိုဘက်သို့ စံမောင် မောင်းနှင်ပြီး အိုက်ပွဲလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စံမောင် ဝတ်ဆင်ထားသည့် အနွေးထည်အိတ်ကပ်အတွင်းမှ ဘိန်းဖြူ ၁၂ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် သုံးခွက်၊ အလေးချိန် ၃၆ ဂရမ် သိမ်းဆည်းရမိသဖြင့် စံမောင်(၄၀ နှစ်)နှင့် အိုက်ပွဲ(၃၇ နှစ်)တို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နိုင်ငံတကာသတင်း

# တရုတ်နှင့်စင်ကာပူ ငွေကြေးရောင်းဝယ်ရေးစတင်

**ပေကျင်း အောက်တိုဘာ ၂၇**

တရုတ်နိုင်ငံ နိုင်ငံခြားငွေကြေးရောင်းဝယ်ရေးအဖွဲ့ (CFETS)သည် တရုတ် ယွမ်နှင့် စင်ကာပူဒေါ်လာတိုက်ရိုက်ရောင်းဝယ်ရေးလုပ်ငန်းကို အင်္ဂါနေ့မှစ၍ လုပ်ဆောင်သွားမည်ဟု အောက်တိုဘာ ၂၇ ရက်တွင် ကြေညာခဲ့သည်။

ယင်းလုပ်ဆောင်ချက်သည် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် နှစ်နိုင်ငံငွေကြေးအသုံးပြုမှု အဆင်ပြေချောမွေ့စေရန်၊ ဈေးကွက်ကစားသူများအတွက် ငွေကြေးလဲလှယ်မှုကုန်ကျစရိတ်လျော့နည်းစေရန်ရည်ရွယ်ကြောင်း CFETS ၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ပြည်တွင်းဘဏ်နိုင်ငံခြားငွေကြေးလဲလှယ်ရေးဈေးကွက်တွင် တရုတ်ယွမ်နှင့် စင်ကာပူဒေါ်လာရောင်းဝယ်ရေးလုပ်ငန်းကို စတင်မည်ဖြစ်သည်ဟု သိရသည်။

ကမ္ဘာ့ငွေကြေးဈေးကွက်တွင် တရုတ်ငွေကြေးထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးပမ်းချက်တစ်ရပ်အနေဖြင့် တရုတ်ယွမ်နှင့် စင်ကာပူဒေါ်လာ ရောင်းဝယ်ရေးကြေညာချက်သည် တရုတ်ယွမ်နှင့် ယူရိုငွေ၊ ဗြိတိန်ပေါင်၊ ဂျပန်ယန်းနှင့် နယူးဇီလန်ဒေါ်လာတို့ တိုက်ရိုက်ရောင်းဝယ်ရေး ဆောင်ရွက်ပြီးသည့်နောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

---

# ဖားကန့်မြို့နယ်၌ ဘိန်းဖြူ ၇၅ ဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၇**

အောက်တိုဘာ ၂၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကျောက်သွေးတောင်ကျေးရွာအနီး ကားလမ်းမ၌ သိန်းစိုး(ခ)ဖြိုးကို မောင်းနှင်ပြီး မင်းထက်အောင်လိုက်ပါလာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ သိန်းစိုး(ခ)ဖြိုးကို လွယ်ထားသည့် အနက်ရောင် ဘေးလွယ်အိတ်အတွင်းမှ Love is Flower စာတန်းပါ ရောင်စုံဆပ်ပြာခွက်များဖြင့် ထည့်ထားသည့် ဘိန်းဖြူမှုန့် အလေးချိန် ၁၅ ဂရမ်ခန့်စီပါ ငါးခွက်၊ အလေးချိန် ၇၅ ဂရမ် သိမ်းဆည်းရမိသဖြင့် သိန်းစိုး(ခ)ဖြိုးကို (၂၁ နှစ်) နှင့် မင်းထက်အောင် (၂၇ နှစ်)တို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# ပင်လောင်းမြို့နယ်၌ ဘိန်းစိမ်း ၈၀၀ ဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၇**

အောက်တိုဘာ ၂၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ဘန့်ဘာကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာနေ ခွန်အောင်သန်း၏ နေအိမ်ကိုရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ ဘိန်းစိမ်းအလေးချိန် ၈၀၀ ဂရမ်သိမ်းဆည်းရမိသဖြင့် ခွန်အောင်သန်း(၃၅ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

---




---

# အရှိန်မထိန်းနိုင်သော ဆိုင်ကယ်က သစ်ပင်ကို ဝင်ရောက်တိုက်မိသဖြင့် မောင်းနှင်သူသေဆုံး

**ရန်ကုန် အောက်တိုဘာ ၂၇**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အောက်တိုဘာ ၂၆ ရက် နံနက် ၁ နာရီခွဲက အင်းဝလမ်းအတိုင်း ကိုသီဟဇော်(၃၃ နှစ်) ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေသူ စီးနင်းမောင်းနှင်လာသော ၃၇ယ/----JLM-125 အနက်ရောင်ဆိုင်ကယ်သည် စည်ပင်ရုံးအနီးအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိသစ်ပင်ကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့ တိုက်မိခဲ့သဖြင့် ဆိုင်ကယ်ပျက်စီးကာ ကိုသီဟဇော်တွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သဖြင့် ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ ကိုသီဟဇော်(သေဆုံး)ကို ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်လှမောင်**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# စိုက်ပျိုးရေးအခြေခံ ကုန်ချောထုတ်စက်မှုလုပ်ငန်းများ ထူထောင်၍ နိုင်ငံတကာဈေးကွက်ထိုးဖောက်

**သတင်းမှတ်စု- ဝင်းလှိုင်ဦး**

ယနေ့ မြန်မာနိုင်ငံတစ်ဝန်း လည်ပတ်လုပ်ကိုင်နေသော စီးပွားရေးမှာ စိုက်ပျိုးရေးကိုသာ အခြေခံနေပါသည်။ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်သကဲ့သို့ စက်မှုကုန်ထုတ်နည်းပညာများဖြင့် နိုင်ငံစီးပွားရေးမြှင့်တင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရန် အားပေးကူညီလျက်ရှိပါသည်။

စိုက်ပျိုးရေးဖြင့် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းချက်ထားရှိရာ၌ စိုက်ချင်ရာစိုက်၊ သင့်သလိုရောင်းပြီး ကုန်ကြမ်းအဆင့်ဖြင့်သာ ထုတ်လုပ်၍ ဝယ်သူကိုချည်း အားကိုးနေရပါက မအောင်မြင်နိုင်ပါ။ ခေတ်မီနည်းစနစ်များ၊ ခေတ်မီရိတ်သိမ်းချိန်လွန် နည်းစနစ်များကို အသုံးမချပါကလည်း အရည်အသွေးမကောင်း၍ပြည်ပသာမက ပြည်တွင်းပင် ဈေးကွက်မရနိုင်တော့ပါ။

စိုက်ပျိုးရေးဆိုင်ရာ ကုန်ချောထုတ်စက်ရုံများ ထူထောင်တည်ဆောက်နိုင်ရေးအတွက်လိုအပ်သော ကုန်ကြမ်းများကို အရည်အသွေးမှန်ကန်စွာဖြင့် ရရှိရေး၊ လိုအပ်သောပမာဏရရှိရေးနှင့် ထိုက်တန်သော ဈေးနှုန်းဖြင့် ဝယ်ယူပေးနိုင်ရေးအတွက် တိကျခိုင်မာသောစီမံကိန်း၊ စီမံချက်များနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များရှိရန်လည်း လိုအပ်ပါသည်။

လက်ရှိအခြေအနေ၌ မြန်မာ့ဆန်သည် မျိုးကွဲများ ရောနှောနေပြီး စနစ်တကျသိုလှောင်ခြင်း၊ အခြောက်ခံခြင်းမရှိသေးသည့်အပြင် ခေတ်မမီသော စက်များကြောင့်အရည်အသွေးမမီ၍ဈေးကောင်းမရ။ ဈေးကောင်းမရသဖြင့် တောင်သူများမှာ အကျိုးအမြတ်အလွန်နည်းစွာ ခံစားရတော့သည်။ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းပြီး အဆင့်မြင့်အခြောက်ခံစက်များ၊ သိုလှောင်ရုံများကို အသုံးပြုကာ ခေတ်မီစက်ကြီးများဖြင့် ကြိတ်ခွဲပါက ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းရပေလိမ့်မည်။

ထို့အတွက် ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် တောင်သူများ၏ အကျိုးစီးပွားနှင့် ဆန်စပါးကုန်သွယ်မှုကို မြတ်နိုးတန်ဖိုးထားသော လုပ်ငန်းရှင်များလိုအပ်မည်ဖြစ်ပါသည်။ စက်မှုကုန်ကြမ်းရော်ဘာကို ကားတာယာများ၊ လေယာဉ်ဘီးများ၊ လူမှုရေးသုံးပစ္စည်းများအဖြစ် ထုတ်လုပ်ရန် စက်ရုံများစွာမတည်ဆောက်နိုင်၍ ကုန်ကြမ်းအဖြစ်သာ ရောင်းချရသည့်အတွက် ဝင်ငွေများစွာ မရရှိပါ။ အကယ်၍ ကုန်ချောထုတ်စက်ရုံများ ထူထောင်နိုင်ခဲ့ပါက နည်းပညာရှင် ဝန်ထမ်းများ၊ ကျွမ်းကျင်ဝန်ထမ်းများ စသည်ဖြင့် လူပေါင်းများစွာ အလုပ်အကိုင်ရရှိစေပြီး ပြည်တွင်း ပြည်ပ ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချ၍ ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်သည်။

ထို့အတူ ကြံသီးနှံကို သကြားအဆင့်သာ ထုတ်လုပ်နေခြင်းမှသည် ဆေးဝါးသုံးပစ္စည်းများ၊ အစားအသောက်ကုန်ချောများ၊ အဆင့်မြင့်စားသုံးပစ္စည်းများအဖြစ် ထုတ်နိုင်ပါလျှင်၊ သရက်သီးများကို ခေတ်မီ သရက်သီးဖျော်ရည်၊ သရက်သီးအနှစ်၊ သရက်ပြားစသည်ဖြင့် ကုန်ချောပစ္စည်းအဖြစ်လည်းကောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ သိပ္ပံနည်းကျစိုက်နည်းစနစ်များ၊ အော်ဂဲနစ်နည်းပညာများဖြင့် စိုက်ပျိုးထုတ်လုပ်ပြီး ခေတ်မီအဆင့်မြင့် အအေးခန်းစက်ရုံများတွင် သိုလှောင်၍ စက်ကြီးများဖြင့် သန့်စင်ထုပ်ပိုး၍လည်းကောင်း ပြည်တွင်းပြည်ပ တင်ပို့ရောင်းချနိုင်ရန် ကြိုးပမ်းအားထုတ်ကြရပါမည်။

စီးပွားရေးအသင်းအဖွဲ့များ၊ ဝန်ကြီးဌာနများက စိုက်ပျိုးရေးကုန်ချောများ ထုတ်လုပ်နိုင်ရန် တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်စိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်ရန် နည်းပညာ၊ အရင်းအနှီးရရှိနိုင်မှုတွင် ထောက်ပံ့ကူညီနေချိန်၌ ပညာတတ် မြန်မာလူငယ်သူရဲကောင်းတို့ကို စိုက်ပျိုးစီးပွားအတွက် စွန့်ဦးတီထွင်ကြိုးပမ်းသူများအဖြစ် လိုအပ်လှပေသည်။

တောင်သူလယ်သမားများဝင်ငွေတိုးတက်ခြင်း၊ စိုက်ပျိုးရေးကဏ္ဍတိုးတက်ခြင်းသည် နိုင်ငံတော်တိုးတက်ခြင်းပင်ဖြစ်သည်။ လယ်ယာထွက်ကုန်များမှ ကုန်ချောထုတ်သည့် စက်မှုလုပ်ငန်းများ အစီအရီပေါ်ပေါက်လာခြင်း၊ နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်ဆောင်ရွက်ပေးမည့် ဘာသာစကားကျွမ်းကျင်သော၊ စီးပွားရေးပညာ နှံ့စပ်သော ပညာတတ်လူငယ်များပါဝင်လာခြင်း၊ အရင်းအနှီးရှိသော လုပ်ငန်းရှင်များနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ကုန်ချောထုတ်စက်ရုံများ အပြိုင်အဆိုင် ဆောင်ရွက်လာခြင်းနှင့် အတူ လိုအပ်သောကုန်ကြမ်းကို ထိုက်တန်သော ဈေးနှုန်းဖြင့် ဝယ်ယူ ရရှိအောင် လုပ်ငန်းရှင်များ၊ ကုန်သည်များက တောင်သူလယ်သမားများကို ဘက်ပေါင်းစုံမှ အားပေးကူညီကြရတော့မည်ဖြစ်သည်။ စက်ရုံ အလုပ်ရုံများ အစီအရီပေါ်ပေါက်လာခြင်းနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာပြီး ကာယဉာဏလုပ်သားများစွာ၊ ပညာရှင်များစွာကို အလုပ်အကိုင်များ ရရှိစေနိုင်မည်လည်း ဖြစ်ပါသည်။

မြန်မာ့ရိုးရာမုန့်များကို ခေတ်မီထုပ်ပိုးနည်းစနစ်များဖြင့် ရောင်းချ၍ ကမ္ဘာအရပ်ရပ်ရှိ စားသောက်ဆိုင်များ၊ ဟိုတယ်များတွင် နေရာယူသင့်ပါပြီ။ ကမ္ဘာ့မြို့ကြီးများတွင် မြန်မာ့ဆန်ဈေးကောင်းရသင့်ပါပြီ။ မြန်မာ့ရော်ဘာကို နိုင်ငံတကာ လူမှုစီးပွားရေးသုံးပစ္စည်းများအတွက် မရှိမဖြစ် သုံးစွဲဝယ်ယူရရှိရန် ကြိုးစားသင့်ပါပြီ။ မြန်မာ့သရက်သီးဖျော်ရည်ကို ကမ္ဘာအရပ်ရပ်တွင် ကိုကာကိုလာတို့လို ဖြန့်ဖြူးသင့်ပါသည်။ မြန်မာ့ချည်ထည်တို့ကိုလည်း ဒီဇိုင်းအမျိုးမျိုးဆန်းသစ်လျက် ဥရောပ၊ အာရှ၊ အမေရိကန်၊ အာဖရိကစသည့် ကမ္ဘာတစ်ဝန်းလူမျိုးမရွေး ဝယ်ယူဝတ်ဆင်လာအောင် စွမ်းဆောင်သင့်ပါသည်။

အထက်ပါ တင်ပြချက်များသည် စိတ်ကူးယဉ်အိပ်မက်မဟုတ်ပါ။ ကမ္ဘာ့စားဝတ်နေရေးအတွက် စိုက်ပျိုးရေးကဏ္ဍမရှိလျှင် မပြည့်စုံပါ။ ယခုမူ မိမိတို့စိုက်ပျိုးရေးကုန်ကြမ်းကို ပြန်လည်ပြုပြင်ထားသည့် နိုင်ငံရပ်ခြား အစားအသောက်များ၊ ကျန်းမာရေးနှင့် မကိုက်ညီသော အစားအစာ၊ အသုံးအဆောင်များကို မြန်မာလူထုတစ်ရပ်လုံး ကြိတ်မှိတ်သုံးစွဲ စားသောက်နေရသည်မှာ ကျန်းမာရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း ထိခိုက်ပေသည်။

မိမိနိုင်ငံ၊ မိမိလူမျိုးကိုချစ်လျှင် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတတ်စွမ်းသမျှကိုယ်တိုင်အားထုတ်ရမည်ဖြစ်သည်။ နိုင်ငံစီးပွားရေး၊ လယ်ယာလုပ်ငန်းတိုးတက်ရေးအတွက် စိုက်ပျိုးအခြေခံကုန်ချောထုတ် စက်မှုလုပ်ငန်းများ အစီအရီပေါ်ပေါက်လျက် နိုင်ငံတကာဈေးကွက် ထိုးဖောက်ရေးတာဝန်သည် လက်ရှိသမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်ပေသည်။

လယ်ယာလုပ်သား တောင်သူလယ်သမားလုလင်ပျို၊ လုံမေပျိုများ၊ ဘွဲ့ရခေတ်ပညာတတ်လူငယ်မောင်မယ်များနှင့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံကြမည့်သူများအနေဖြင့် မိမိနိုင်ငံအမျိုးသားစီးပွားအကျိုးအလို့ငှာ လယ်ယာထွက်ကုန်အခြေခံစက်မှုလုပ်ငန်းများ တည်ထောင်၍ တောင်သူလယ်သမားအကျိုးစီးပွား လယ်ယာကဏ္ဍတိုးတက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

**ခေတ်မီနည်းစနစ်များ၊ ခေတ်မီရိတ်သိမ်းချိန်လွန် နည်းစနစ်များကို အသုံးမချပါကလည်း အရည်အသွေးမကောင်း၍ ပြည်ပသာမက ပြည်တွင်းပင် ဈေးကွက်မရနိုင်တော့ပါ။**



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ခေတ်မီစက်မှုလယ်ယာဘက်စုံသီးနှံစံပြစိုက်ကွင်းရှိ စက်ရုံကို တွေ့ရစဉ်။

## ခုခံအားကျဆင်းမှုရောဂါအကြောင်း တစ်ကိုယ်တော်စက်ဘီးစီး၍ နယ်လှည့်ဟောပြော

**ဆီဆိုင်  အောက်တိုဘာ ၂၇**

မြန်မာပြည်တစ်ဝန်းသို့ စက်ဘီးစီးနင်း၍ ခုခံအားကျဆင်းမှုရောဂါနှင့်ပတ်သက်သော အရိုးစွဲနေသည့် အသိအမြင် ပြောဆိုဆက်ဆံနေထိုင်မှုတို့ပြောင်းလဲနိုင်စေရေး၊ ခုခံအားကျဆင်းမှုရောဂါပြန့်ပွားမှုလျော့ကျနိုင်စေရေးနှင့် ကူးစက်ခံဝေဒနာရှင်များ စိတ်ဓာတ်မြှင့်တင်နိုင်စေရေးအတွက် ရည်ရွယ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီက ခုခံအားကျဆင်းမှုရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပရာ HIV ဝေဒနာရှင် ကိုစရကိုက HIV၊ AIDS အချက်အလက်များကို ဝေမျှဟောပြောခဲ့ကြောင်း သိရသည်။

"ခုခံအားကျဆင်းမှုရောဂါဝေဒနာရှင်တွေရဲ့ ရိုးရှင်းတဲ့ဘဝနဲ့ သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ထားရှိရမယ့် စိတ်ဓာတ်နဲ့ နေထိုင်ပြုမူသင့်တာတွေ၊ မိဘ၊ ဆွေမျိုး၊ သူငယ်ချင်း၊ ပတ်ဝန်းကျင်တွေက ထားရှိစေချင်တဲ့ စိတ်ဓာတ်၊ အပြုအမူတွေကိုလည်း ဆွေးနွေးအကြံပြုသွားပါမယ်"ဟု ကိုစရကိုက ပြောကြားခဲ့ကြောင်း သိရသည်။

ကိုစရကို၏ ခရီးစဉ်အတွင်း၌ မြို့ပေါင်း ၁၉၂ မြို့ သွားရောက်ခဲ့ကာ ကျန်းမာရေး ပညာပေးစကားဝိုင်းများ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

## ကေတုမတီ(တောင်ငူ)မြို့တည်နန်းတည် (၅၀၄)နှစ်ပြည့်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်

**တောင်ငူ  အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် (၅၀၄)နှစ်ပြည့်ပွဲတော် အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပမြဲအတိုင်း ယခုနှစ်တွင် နိုဝင်ဘာ ၂ ရက်မှ ၆ ရက်နေ့အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကေတုမတီ(တောင်ငူ)မြို့တည်နန်းတည် (၅၀၄)နှစ်ပြည့်ပွဲတော် အထိမ်းအမှတ် အခမ်းအနားများတွင် အိုင်တီနည်းပညာနှီးနှောဖလှယ်ပွဲ (Bar Camp) များ၊ သမိုင်းဆိုင်ရာဟောပြောပွဲ၊ မီနီမာရသွန် (ကျား+မ)ပြိုင်ပွဲများ၊ မဟာမုနိကေလဇာတိဘုရား မုခ်ဦးဖွင့်ပွဲနှင့် ကျောင်းရေစက်ချပွဲ၊ ရှင် ၅၀၄ ပါး ရဟန်းခံရှင်ပြုပွဲ၊ နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲ၊ ၃၆၅ ရက် ဘုံဆွမ်းလောင်းလှူပွဲ၊ တော်ဝင်ကေတုမတီလမ်းဖွင့်ပွဲ၊ ဆုတောင်းပြည့်မင်္ဂလာကန် ဘုရားထီးတင်ပွဲ၊ ရှင် ၅၀၄ ပါး နေ့ဆွမ်းဆက်ကပ်ပွဲ၊ ၅၀၄ နှစ်ပြည့်ပွဲတော်ဖွင့်ပွဲနှင့် ဝင်းခင်းသဘင်ပွဲ၊ ဆုချီးမြှင့်ပွဲများ၊ ရုပ်ရှင်ဂီတပညာရှင်များနှင့် ဒေသခံအနုပညာရှင်များက ယာဉ်များဖြင့် စင်မြင့်ဖျော်ဖြေပွဲများနှင့် လှည့်လည်ဖျော်ဖြေရေးများ၊ ဇာတ်မင်းသားလေးဖိုးချစ်နှင့်အဖွဲ့၊ ရုပ်ရှင်အဖွဲ့၏ ပြဇာတ်၊ အငြိမ့်၊ ပဒေသာကပွဲများအပြင် လေးကျွန်းကန်တော်ကြီးတွင် မီးကြာခွက် ထွန်းညှိမီးမျှောပူဇော်ပွဲနှင့် အောင်ပွဲအထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်လွှတ်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ကျော်လှ(တောင်ငူ)

## ဗြိတိသျှကောင်စီမှပေးမည့် ၂၀၁၅ ခုနှစ်အတွက် IELTS စကော်လာရှစ်များလျှောက်ထားနိုင်

**ရန်ကုန်  အောက်တိုဘာ ၂၇**

ဗြိတိသျှကောင်စီ(မြန်မာ)မှ ဒုတိယအကြိမ်မြောက် ၂၀၁၅ ခုနှစ်အတွက် ပေးအပ်မည့် IELTS စကော်လာရှစ် ပညာသင်ဆုများကို စတင်လျှောက်ထားနိုင်ကြောင်း သိရသည်။ လာမည့်နှစ်တွင်လည်း ပညာသင်ဆုကို နှစ်မျိုးနှစ်စားသတ်မှတ် ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။ ပထမတစ်မျိုးမှာ မြန်မာနိုင်ငံတွင်နေထိုင်သော ကျောင်းသားနှစ်ဦးအား တစ်ဦးလျှင် စတာလင်ပေါင် ၂၀၀၀ (မြန်မာငွေကျပ် ၃၂ သိန်းခန့်) ပေးသွားမည်ဖြစ်ပြီး ဒုတိယတစ်မျိုးမှာ အရှေ့အာရှနိုင်ငံများဖြစ်သည့် မြန်မာ၊ တရုတ်၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်ဝမ်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဗြိတိသျှကောင်စီတို့က စုပေါင်းချီးမြှင့်သော Regional Scholarship ဆုဖြစ်ပြီး အဆိုပါနိုင်ငံများမှ ထူးချွန်ကျောင်းသားငါးဦးရွေးချယ်ကာ တစ်ဦးလျှင် ဗြိတိသျှပေါင် ၁၂၀၀၀ ( မြန်မာ ငွေကျပ် ၁၉၂ သိန်းခန့်) ပေးသွားမည့်အစီအစဉ်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုလျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဗြိတိသျှကောင်စီ၏ ဝက်ဘ်ဆိုက် www.britishcouncil.org.mm/ielts-Scholarship တွင် Download ရယူနိုင်ကြောင်း၊ ဖြည့်သွင်းပြီးသော လျှောက်လွှာများကို ၂၀၁၅ ခုနှစ် မေလ ၃၁ ရက်နေ့ မတိုင်မီ ဗြိတိသျှကောင်စီသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ယမန်နှစ်ကပေးအပ်သည့် Regional Scholarship ဆုကို မြန်မာနိုင်ငံမှ ဒေါက်တာသန္တာအောင်က ရရှိခဲ့ကြောင်း သိရသည်။ စကော်လာဆုနှင့်ပတ်သက်၍မေးမြန်းလိုပါက ဗြိတိသျှကောင်စီ ဖုန်း -၀၁ - ၂၅၆၂၉၀၊ ၂၅၆၂၉၁၊ ၂၅၄၆၅၈ တို့ကိုဆက်သွယ်၍ မေးမြန်းနိုင်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပျားထွက်ပစ္စည်းများအတွက် ပျားလုပ်ငန်းဦးစီးဌာနထောက်ခံချက်ပါရှိပါက အခွန်ကောက်ခံခြင်းမရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်၏ **ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းများတွင် မတော်တဆပေါက်ကွဲမှုများ မဖြစ်ပွားစေရေးနှင့် ဖြစ်ပွားနိုင်သည့် အလားအလာများကို ကြိုတင်သိရှိနိုင်ရေးအစီအမံများ ရေးဆွဲသတ်မှတ်နိုင်ခြင်းရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရာတွင် ပိုက်လိုင်း လုံခြုံစိတ်ချစေရေးအတွက် ပစ္စည်းအမျိုးအစားရွေးချယ်ခြင်း၊ ဒီဇိုင်းထုတ်လုပ်ခြင်း၊ ပိုက်လိုင်းတည်ဆောက်ခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာမှ လက်ခံကျင့်သုံးလျက်ရှိသည့် အမေရိကန်ရေနံအဖွဲ့အစည်းစံနှုန်း American Petroleum Institute (API) Standard နှင့် အမေရိကန်စက်မှုအင်ဂျင်နီယာ အသင်းစံနှုန်း American Society Of Mechanical Engineers (ASME) Standard အတိုင်းတိတိကျကျ လိုက်နာတည်ဆောက်ထားပါကြောင်း။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရဲတံခွန်၊ ရတနာနှင့် ဇော်တိကပိုက်လိုင်းများတွင် မတော်တဆမဖြစ်ပွားစေရေးနှင့် ကြိုတင်သိရှိနိုင်ရေးအတွက် ခေတ်မီစနစ်များ တပ်ဆင်အသုံးပြုလျက်ရှိပါကြောင်း၊ အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မှု၊ လုံခြုံစိတ်ချရမှုနှင့်ပတ်သက်၍ သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းအသိပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအကြောင်း သိကောင်းစရာလက်ကမ်းစာစောင်များကို ပိုက်လိုင်းဖြတ်သန်းရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များမှ ပြည်သူများသို့ အသိပေးဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။



**ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြေကြားစဉ်။**
(သတင်းစဉ်)

မယ်စဲ့ မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း၏ **ကိုယ်တိုင်စိုက်ပျိုးမွေးမြူ၍ ရရှိလာသော သနပ်ခါး၊ သစ်မွှေးနှင့် ပျားထွက်ပစ္စည်းများအတွက် အခွန်အခများ ကောက်ခံခြင်းရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးမြင့်မောင်က သစ်တောနယ်မြေနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေမှအပ ကျန်မြေများအပေါ်တွင် မိမိကိုယ်တိုင် စိုက်ပျိုးထွက်ရှိသော သနပ်ခါးအပေါ် အခွန်ကောက်ခံခြင်းမပြုဘဲကင်းလွတ်ခွင့်ပြုရန် သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနရုံးများတွင် စည်းကမ်းသတ်မှတ်ချက်ဖြင့် စနစ်တကျ မှတ်ပုံတင်ဆောင်ရွက်သွားကြရန်ဖြစ်ပြီး ယင်းတို့အပေါ် အခွန်ကောက်ခံမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောထားရယူတင်ပြရန် တိုင်းဒေသကြီး၊ ပြည်နယ်သစ်တောဦးစီးဌာနများသို့ အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနမှ စီမံပိုင်ခွင့်ရှိသော မြေမှအပ မိမိကိုယ်ပိုင်မြေပေါ်တွင် စိုက်ပျိုးထွက်ရှိသော သနပ်ခါးနှင့် ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောထားမှတ်ချက်များရရှိလာပါက ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ အလားတူသစ်တောနယ်မြေနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေမှအပ ကျန်မြေများပေါ်တွင် မွေးမြူပြီး ထွက်ရှိလာသော ပျားထွက်ပစ္စည်းများနှင့် ပတ်သက်၍ ပုဂ္ဂလိကပျားမွေးမြူသူ မှတ်ပုံတင်ဖြင့် မွေးမြူခြင်းမှရရှိထားကြောင်း ၊ သက်ဆိုင်ရာ ပျားလုပ်ငန်းဦးစီးဌာန၏ ထောက်ခံချက်ပါရှိပါကသစ်တောဦးစီးဌာနမှ အခွန်ကောက်ခံခြင်း မရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။



**မယ်စဲ့ မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း မေးမြန်းစဉ်။**
(သတင်းစဉ်)

အစည်းအဝေးတွင် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာ** ကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းက လက်ရှိကျင့်သုံးနေသည့် FPTP ရွေးကောက်ပွဲစနစ်အစား PR စနစ်ကိုပြောင်းလဲကျင့်သုံးမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရဆိုလျှင် FPTP စနစ်ကိုသာ ကျင့်သုံးရမည်ဖြစ်ပြီး အခြားနိုင်ငံများတွင်လည်း ရွေးကောက်ပွဲစနစ် ပြောင်းလဲမည်ဆိုပါကဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီးမှသာ ပြောင်းလဲကျင့်သုံးခဲ့သည်ကိုလေ့လာသိရှိရပါကြောင်း၊ အလားတူ ပြည်သူ့ဆန္ဒခံယူပွဲများကိုလည်း ကျင်းပပေးသွားရမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲစနစ်ကို တိုင်းဒေသကြီးတွင် တစ်မျိုး၊ ပြည်နယ်များတွင်တစ်မျိုး မဆောင်ရွက်သင့်ပါကြောင်း၊ ယခုကာလအခြေအနေအရ FPTP စနစ်မှလွဲ၍ အခြားရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန် မသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ဟန်က အောင်မြင်သည့် ရွေးကောက်ပွဲတည်ဆောက်ခြင်းသည် နိုင်ငံရေးအဆောက်အအုံများကို ခြုံငုံ သုံးသပ်ခြင်းအပေါ်တွင် မူတည်ပြီး ယင်းစနစ်၏ အစိတ်အပိုင်းတစ်ခု ပြောင်းလဲလိုက်ခြင်းသည် စနစ်လုပ်ဆောင်ရာ အခြားအဆောက်အအုံများကိုလည်း ညှိယူရမည်ဖြစ်ပါကြောင်း၊ ရွေးကောက်တင်မြှောက်မှု တရားမျှတခြင်း Concept မှာ ဥပဒေမူဘောင်စည်းနှောင်မှုထက်ပိုပြီး ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို ထိန်းသိမ်းနိုင်ခြင်းနှင့် Stakeholder များအကြားဆောင်ရွက်မှုများကို ဩဇာရှိသည့်ကြောင်းခြင်းရာဖြစ်သည်ကို တွေ့ရှိပါကြောင်း။

မြန်မာ့ဒီမိုကရေစီဖော်ဆောင်မှုအုတ်မြစ်သည် Stakeholder များအကြား ယုံကြည်မှုပိုမိုစေနိုင်ပြီး ဘေးထွက်ဆိုးကျိုးများကို တွက်ဆဆင်ခြင်ကာ မျက်မှောက်နှင့် ဆက်စပ်ကာလ နိုင်ငံရေးပတ်ဝန်းကျင်တွင် ကိုက်ညီမည့် ရွေးကောက်ပွဲနည်းလမ်းကို ရွေးချယ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းသုံးသပ်ခြင်းဖြင့် သင့်လျော်မည့် ရွေးကောက်ပွဲ နည်းလမ်းကို ရွေးချယ်သင့်ပါကြောင်း ဆွေးနွေးခဲ့သည်။

အလားတူ တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေက ကော်မရှင်အနေဖြင့် မြန်မာနိုင်ငံနှင့် အသင့်လျော်ဆုံးဖြစ်မည့် ရွေးကောက်ပွဲစနစ်ကျင့်သုံးရေးကို သုံးသပ်လေ့လာခဲ့ကြပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရွေးကောက်ပွဲ (၁၂) မျိုးကို ကျင့်သုံးနေပါကြောင်း၊ မိမိတို့နိုင်ငံနှင့် သင့်လျော်မည့် ရွေးကောက်ပွဲပုံစံ (၈)မျိုးကို ကော်မရှင်က လေ့လာတင်ပြထားပါကြောင်း၊ ကော်မရှင် အစီရင်ခံစာပါ ရွေးကောက်ပွဲ(၈)မျိုးအနက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်များအတွင်းမှ ဆောင်ရွက်နိုင်မည့် ရွေးကောက်ပွဲ စနစ်(၄) မျိုးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အနည်းငယ်ပြင်ဆင်ပြီး ဆောင်ရွက်ရမည့် ပုံစံ(၄)မျိုးကို တွေ့ရှိရ ပါကြောင်း၊ ယင်းတင်ပြချက်(၈)မျိုး အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဆင်ရဘဲ ဆောင်ရွက်နိုင်မည့် ရွေးကောက်ပွဲ(၄)မျိုးအနက် မဲအများဆုံး အနိုင်ယူစနစ်နှင့် အချိုးကျစနစ်ကို ပေါင်းစပ်ထားသည့် ရွေးကောက်ပွဲစနစ်ပုံစံသည် ယနေ့ မိမိတို့နိုင်ငံနှင့် ကျင့်သုံးရန် အသင့်လျော်ဆုံးဖြစ်ကြောင်းဖြင့် ဆွေးနွေးသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အိမ်ခြံမြေရောင်းဝယ်ရာတွင် ဝင်ငွေခွန်များတိမ်းရှောင်ခြင်း၊ ဘဏ္ဍာရေးနှင့် စီမံချက်များထိခိုက်စေရန် ကျူးလွန်ပါက အရေးယူနိုင်

**နေပြည်တော် အောက်တိုဘာ ၂၇**

အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ရှင်းလင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **"အိမ်၊ ခြံ၊ မြေ ဈေးကစားဆောင်ရွက်နေသူများကို ဖော်ထုတ်၍ ထိရောက်သောအရေးယူမှုများ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိနှင့် အိမ်၊ ခြံ၊ မြေ ပါမစ်များချထားပေးရာ၌ အမှန်တကယ် နေထိုင်ခြင်းမရှိဘဲ အမြတ်ယူ တစ်ဆင့်ပြန်လည် ရောင်းချသူများကို ဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အိမ်ခြံမြေရောင်းဝယ်နေသူများ ရင်းနှီးလုပ်ကိုင်သည့် ငွေကြေးမှာ တရားဝင်ငွေများဖြစ်ပြီး ၎င်းတို့ရရှိသည့် မြတ်စွန်းငွေများအပေါ် ဝင်ငွေခွန်ဥပဒေနှင့်အညီ အခွန်ပေးဆောင်ထားပါက အဆိုပါ အိမ်ခြံမြေရောင်းဝယ်သူတို့အား အရေးယူဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း၊ သို့သော် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသောငွေကြေးကိုအသုံးပြု၍ အိမ်ခြံမြေဝယ်ယူခြင်း၊ အိမ်ခြံမြေရောင်းဝယ်ရာတွင် ပေးဆောင်ရမည့်ဝင်ငွေခွန်များအား တိမ်းရှောင်ခြင်း၊ ဘဏ္ဍာရေးဆောင်ရွက်ချက်နှင့် စီမံချက်များကို ထိခိုက်စေရန်ကြံရွယ်ခြင်းတို့ ကျူးလွန်ပါက တည်ဆဲဥပဒေများဖြင့် အရေးယူနိုင်ပါကြောင်း။

သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေး ကော်မတီများ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် သီးခြားတာဝန်ပေးအပ်ခံရသည့် အိမ်ရာမြေချထားရေးအဖွဲ့များမှ အငြိမ်းစားများအပါအဝင် ဝန်ထမ်းများနှင့် အိမ်ရာမြေစီမံကိန်းအရ ပြောင်းရွှေ့သူများအား နေရာချထားပေးပါကြောင်း၊ မြေကွက်များချထားပေးရာတွင် အချို့မှာ အိမ်ရာဆောက်လုပ်နေထိုင်ကြသော်လည်း အချို့မှာ ငွေကြေးအခက်အခဲအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ၎င်းတို့၏ သဘောဆန္ဒအရ ပြန်လည်ရောင်းချခြင်းများ ရှိပါကြောင်း၊ ထိုသို့ ပြန်လည်ရောင်းချရာတွင် ၎င်းတို့တရားဝင် ပိုင်ဆိုင်ခွင့်ရှိသော ပုဂ္ဂလိကပိုင် အိမ်ခြံမြေအဆောက်အအုံများကို ကိုယ်ပိုင်သဘောဆန္ဒဖြင့် လွတ်လပ်စွာ ရောင်းချခြင်းဖြစ်သဖြင့် မူလမြေကွက်ချထားပေးစဉ်က ကန့်သတ်ချက်များကို ဖောက်ဖျက်ခြင်း မရှိပါက အရေးယူဆောင်ရွက်ရန် မရှိပါကြောင်းဖြင့် ဖြေကြားသည်။



**ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြေကြားစဉ်။**
(သတင်းစဉ်)

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **"ဟိုတယ်သစ်များအား အရက်ရောင်းချခွင့်လိုင်စင် ချပေးခြင်း/မချပေးခြင်းအား အသေးစိတ်လေ့လာတွက်ချက်၍ ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ယစ်မျိုးလိုင်စင် အရေအတွက်များကို တစ်နှစ်ထက်တစ်နှစ်လျှော့ချ၍ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တိုးတက်များပြားလာမှုနှင့်အညီ ဧည့်သည်များတည်းခိုရန် ဟိုတယ်များ တိုးတက်များပြားလာခဲ့ပါကြောင်း၊ ဟိုတယ်သဘောသဘာဝအရ ဧည့်သည်များအား ဝန်ဆောင်မှုပေးရန် ယမကာကောင်တာများ ထားရှိပါကြောင်း။

လက်ရှိ အခြေအနေတွင် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ ဟိုတယ်ဖွင့်လှစ်ခွင့်လိုင်စင်ရယူထားသော ဟိုတယ် ၉၃၁ လုံးရှိပါကြောင်း၊ အဆိုပါ ဟိုတယ် ၉၃၁ လုံးအနက် ဟိုတယ် ၂၁၃ လုံးမှာ ယစ်မျိုး လိုင်စင်ရယူထားရှိပြီး ဟိုတယ် ၇၁၈ လုံးမှာ ယစ်မျိုးလိုင်စင်ရယူထားခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းလိုင်စင် ရယူဖွင့်လှစ်လျက်ရှိသော ဟိုတယ်များအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ ဟိုတယ်ဖွင့်လှစ်ခွင့်ပြုထားကြောင်း ထောက်ခံချက်၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၏ ထောက်ခံချက်တို့နှင့်အတူ ယစ်မျိုးလိုင်စင် လျှောက်ထားလာပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။



**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး မေးမြန်းစဉ်။** (သတင်းစဉ်)

ထို့နောက် အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီက ကော်မတီ၏ **ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် ခရီးစဉ်အတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီစောင့်ရှောက်မှု အစီရင်ခံစာ (၅/၂၀၁၄)**ကိုတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီအနေဖြင့် ကော်မတီ၏ (၅/၂၀၁၄) အစီရင်ခံစာပါ လုပ်ငန်းအားလုံးအတွက် ကူညီဆောင်ရွက်ရာတွင် တန်ဖိုးငွေကျပ်စုစုပေါင်း ၁၀၁၈၅၅၀၃၅၀ လှူဒါန်းကူညီနိုင်ခဲ့ကြောင်းနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဒေသဆိုင်ရာလိုအပ်ချက်များကို တတ်စွမ်းသမျှ ဆက်လက်၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ငါးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၃၀၈ ဦးနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) မင်းလှမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၉၂ ဦး စုစုပေါင်း ၄၀၀ တို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပနေပုံကို လာရောက်လေ့လာကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

**✻ *ရွှေဖုံးမှ***

ပြည်သူ့ဆေးရုံကြီးတွင် ကင်ဆာဝေဒနာရှင်များအတွက် ဓာတ်ရောင်ခြည်ကုသခြင်းအပြင် ကင်ဆာရောဂါကုသဆေးဝါးကိုးမျိုးကို အခမဲ့ပေးဝေနိုင်ခဲ့သည်။

ထို့ပြင် စက်တင်ဘာ ၁ ရက်မှစတင်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ် ဆေးကုသမှုဌာနတွင် အရေးပေါ်ဆေးကုသမှုခံယူနေရသည့်လူနာများအတွက် အခြေခံဆေးဝါး၊ အခြေခံ ဓာတ်ခွဲစမ်းသပ်မှုခုနစ်မျိုးနှင့် ဓာတ်မှန်၊ တယ်လီဗီးရှင်း ဓာတ်မှန်၊ ကွန်ပျူတာဓာတ်မှန်ရိုက်ကူးခြင်းများကို အခမဲ့ ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။ ယင်းသို့ကျန်းမာရေးကဏ္ဍစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ပြည်သူများ အဆင်ပြေစေရန် ကျန်းမာရေးလုပ်ငန်းများမြှင့်တင်လျက်ရှိသော ရန်ကုန် ပြည်သူ့ဆေးရုံကြီး၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေများအား ပြည်သူများသိရှိနိုင်ရန် မြန်မာ့သတင်းစဉ်သတင်းအဖွဲ့မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါက်တာလှမြင့် (ဆေးရုံအုပ်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို အသွင်သဏ္ဌာန်ကောင်းအောင်နဲ့ အနှစ်သာရကောင်းအောင် လုပ်ငန်းကိုးရပ်ချပြီး ဆောင်ရွက်နေပါတယ်။ လူနာပေါင်း ၁၅၀၀ လောက် အမြဲတန်းရှိနေတဲ့ ဒီဆေးရုံကြီးမှာ လူနာဆောင် ကိုးခုတော့ရှိပါတယ်။ ဆေးရုံကြီးဟာ တစ်နိုင်ငံလုံးက လူနာတွေအတွက် နောက်ဆုံးလက်ခံကုသပေးတဲ့ဆေးရုံကြီး (Tertiary Referral Hospital) ဖြစ်တဲ့အတွက် မဖြစ်မနေ လက်ခံကုသပေးရပါတယ်။

တက်ရောက်ကုသတဲ့ လူနာများပြားလာတဲ့အတွက် ပင်မအဆောက်အအုံပြုပြင်ဖို့နဲ့ တိုးချဲ့ဆောင် ဆောက်လုပ်ဖို့အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ နိုင်ငံတော်အစိုးရက ၅ ဘီလီယံကျပ်ကို ခွင့်ပြုခဲ့ပါတယ်။ ဆေးရုံကြီးမှာ တိုးချဲ့ငါး ထပ်ဆောင်၊ ကင်ဆာရောဂါရှာဖွေရေးစက် (Pat-CT)တပ်ဆင်ထားရှိမယ့် အဆောက်အအုံတွေလည်း ပြီးတော့မှာပါ။ ပြီးစီးတော့မယ့် တိုးချဲ့ငါးထပ်ဆောင်ရဲ့ အောက်ဆုံးထပ်မှာ ပြင်ပလူနာဌာနနဲ့ ရောဂါရှာဖွေရေးဆိုင်ရာ စက်ပစ္စည်းသစ်များ တပ်ဆင်အသုံးပြုသွားမှာဖြစ်ပါတယ်။ အလယ်သုံးထပ်မှာ ခွဲစိတ်ကုသဆောင် သုံးခုထားမှာဖြစ်ပြီး တစ်ထပ်မှာ ခွဲစိတ်လူနာ ၈၀ ဝန်းကျင်နဲ့ လူနာ ၂၄၀ လောက် ဆေးဝါးကုသမှု ခံယူနိုင်မှာဖြစ်ပါတယ်။ အပေါ်ဆုံးထပ်မှာ ခွဲစိတ်ခန်း ၁၀ ခန်းပါ Theatre Complex ခေတ်မီခွဲစိတ်ခန်းသုံးပစ္စည်းပါ ထည့်သွင်းတပ်ဆင်ထားမှာ ဖြစ်ပါတယ်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီး ငါးထပ်ဆောင် ပြီးစီးမှုကိုတွေ့ရစဉ်။

ရောဂါရှာဖွေရေးဆိုင်ရာ စက်ပစ္စည်းနဲ့ ကုသရေးဆိုင်ရာ စက်ပစ္စည်းတွေ ထပ်မံတပ်ဆင်နိုင်ဖို့ ကင်ဆာရောဂါရှာဖွေရေးစက် (Pet-CT)နဲ့ ဓာတ်ရောင်ခြည် ကုသရေးစက်ဖြစ်တဲ့ (Linear Accelerator) တို့ကို ဝယ်ယူနိုင်ဖို့ နိုင်ငံတော်အစိုးရကငွေကျပ် ၁၄ ဒသမ ၅ ဘီလီယံပံ့ပိုးပေးခဲ့ပါတယ်။ ကျပ်ငွေ ၇ ဘီလီယံလောက်တန်တဲ့ Cyclotron ပါတဲ့ ကင်ဆာရောဂါရှာဖွေရေးစက် Pet-CT စက်က မြန်မာနိုင်ငံမှာ ပထမဆုံးတပ်ဆင်နိုင်ခဲ့တယ်။ အရင်က (Pet-CT) ရိုက်ချင်ရင် သိန်းနှစ်ဆယ်၊ အစိတ်နီးပါးအကုန်ခံပြီး စင်ကာပူနဲ့ ထိုင်းနိုင်ငံတို့ကို သွားရိုက်ရတယ်။ အရင်က ကင်ဆာရောဂါကုသရာမှာ (Cobalt Mechine)ခေါ်တဲ့ ဓာတ်ရောင်ခြည်ကုသရေးစက်နှစ်လုံးနဲ့ တစ်ရက်ကို လူနာ ၁၀၀ နီးပါးကုသပေးခဲ့ပါတယ်။ အခု တပ်ဆင်ထားတဲ့ Linear Accelerator စက်နှစ်လုံးနဲ့ဆိုရင် ကင်ဆာရောဂါဝေဒနာရှင် ၂၅၀ ကို ဓာတ်ရောင်ခြည်ကုထုံးနဲ့ ပုံမှန်ကုသပေးနိုင်မှာပါ။ နောက်ပြီး နှလုံးသွေးကြောကျဉ်းရောဂါတွေ ကုသပေးနိုင်တဲ့ (Cath-Lab)လို စက်တွေနဲ့ နှလုံးသွေးကြော ကျဉ်းရင်ချဲ့ပြီးကုရတဲ့ကုသမှုမျိုးကိုအခုဆိုရင် ဒီမှာလုပ်လို့ရပါပြီ။ Stant ထည့်တာမျိုးဆိုရင်တစ်နှစ်ကိုလူနာ ၈၀၀၊ ၉၀၀ အထိလုပ်ပေးနိုင်ပြီဖြစ်ပါတယ်။

ကျန်းမာရေးဆိုင်ရာ သီးသန့်ဘာသာရပ်တွေဖြစ်တဲ့ အရေးပေါ် ဆေးကုသမှု (Emergency Medicine) ပညာရပ်ကို ဒီပလိုမာဘွဲ့နဲ့ မဟာဘွဲ့သင်တန်းတွေကို ဩစတြေးလျနိုင်ငံက ဆေးပညာဆိုင်ရာ ကောလိပ်တွေ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဆေးတက္ကသိုလ်(၁)ရန်ကုန်တို့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။



ရန်ကုန်ပြည်သူ့ဆေး ရုံ ကြီး ရှိ ဓာတ်ရောင်ခြည်ကုသစက်။

လူနာတွေ စားရေးသောက်ရေးအတွက်လည်းစားသောက်ဆိုင်နေရာတွေကိုစနစ်တကျပေးပြီး ကျန်းမာရေးနဲ့ညီတဲ့ အစားအသောက်တွေ ရောင်းချပေးနိုင်အောင်ပညာပေး စည်းရုံးတာတွေလုပ်ထားတယ်။လက်ရှိဝန်ထမ်းအင်အား ၁၇၀၀ကျော်နဲ့ လည်ပတ်နေပြီး နောက်နှစ် အစီအစဉ်မှာ ၃၂၀၀ လောက်ထိ ထပ်တိုးခန့်ထားသွားဖို့ စီစဉ်ထားပါတယ်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ခြင်း လုပ်ငန်းတွေကို နိုင်ငံတော်က နိုင်ငံတော်အဆင့် တာဝန်ရှိသူတွေနဲ့ ဝိုင်းဝန်းဆောင်ရွက်နေကြတဲ့အတွက် တိုးတက်မှုမြန်မြန်ဆန်ဆန်နဲ့ အကောင်အထည်ပေါ်လာတာ ဖြစ်ပါတယ်။

**ဒေါ်ခင်လှ(ကင်ဆာရောဂါဝေဒနာရှင်) ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏ**

အန်တီဖြစ်တာက အရိုးကင်ဆာပေါ့၊ အကျိတ်သေးသေးလေးကနာပြီး မာနေတော့ သွားခွဲစိတ်လိုက်တယ်။ အဲ့ဒီကနေ ကင်ဆာမှန်းသိတော့ ဆေး ခြောက်လသွင်းရတယ်။ ဒီမှာ အကြိမ်(၂၀)ဓာတ်ကင်ရမယ်။ အခုတစ်ကြိမ် ဓာတ်ကင်တာနဲ့ဆို ၁၆ ကြိမ်ရှိသွားပြီ။ ဖြစ်တာက ဇန်နဝါရီကဆိုတော့ ၁၁ လရှိပါပြီ။ ဓာတ်ကင်တာက အခမဲ့ပါ။ စာအုပ်လုပ်ပြီး အလှည့်ကျ ဓာတ်လာကင်ရတာပေါ့။ ခွဲခြားဆက်ဆံမှု မရှိပါဘူး။ အားလုံးတန်းတူပါပဲ၊ ဓာတ်ကင်တာက လူနာများတော့ အလှည့်ကျ စောင့်ကင်ရတာပေါ့။ ဓာတ်စကင်ခါစတုန်းကဆို အကြာကြီးစောင့်ရတယ်။ စနေ၊ တနင်္ဂနွေ တော့ပိတ်တယ်။ ဓာတ်ကင်တဲ့စက်အသစ်တွေ ထပ်ရောက်လာရင်တော့ ပိုပြီးတော့ အဆင်ပြေမှာပါ။

**ဒေါက်တာသူရ (လက်ထောက်ဆေးရုံအုပ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)**

အရေးပေါ်လူနာဌာနကို ၂၀၁၄ ဩဂုတ်လ ၁ ရက်မှစပြီး ဘယ်လိုအရေးပေါ်ပဲ ဖြစ်ဖြစ် ၂၄ နာရီ အရေးပေါ်ဌာနကို စဖွင့်ထားတယ်။ နှလုံးရောဂါမျိုးကအစပေါ့။ အရေးပေါ်ဌာနမှာရှိတဲ့ လူနာတွေကို ကြည့်ရှုပေးနိုင်တဲ့ ဆရာဝန်အင်အားကတော့ လောလောဆယ်လေးယောက်ပဲရှိသေးတယ်။ မျှကြည့်ပေးတာပေါ့။ အခြေခံဆေးဝါးကုသမှုနဲ့ ပတ်သက်ပြီး စာရွက်စာတမ်းအခမဲ့၊ လူနာသုံးဖို့အတွက် cart တွေကို ၈ လပိုင်း ၁ ရက်နေ့မှာပဲ အခမဲ့ပေါ့။ စက်တင်ဘာ ၁ ရက်နေ့စပြီး အခြေခံဓာတ်ခွဲစမ်းသပ်မှုခုနစ်မျိုး၊ ဓာတ်မှန်၊ အာထရာဆောင်း၊ ကွန်ပျူတာဓာတ်မှန်ရိုက်တာတွေအခမဲ့၊ အရေးပေါ် လူနာအားလုံးအတွက် အခမဲ့ပေါ့၊ အရေးပေါ်ဌာနနဲ့ပတ်သက်ပြီး ရဲမှုခင်းနဲ့ပတ်သက်တာတွေကိုလည်း စာရွက်စာတမ်းမပါလည်း ကုသပေးပါတယ်။ ရဲဆေးစာမလိုဘူးပေါ့။ လူနာအသက်ကယ်ဖို့က အဓိကပဲလေ။ လုပ်စရာရှိတာ အကုန်လုပ်ပေး လိုက်တယ်။ အရေးပေါ်လူနာအချို့ဆိုရင် နာမည်တောင်မသိဘူး။ နောက်တစ်နေ့မှ နာမည်သိရတာမျိုးလည်းရှိတယ်လေ။အရေးပေါ်လူနာ တစ်ယောက်အတွက် ဓာတ်ခွဲတယ်၊ ဓာတ်မှန်ရိုက်တယ်။ အသက်ကယ်ဖို့ဆေးလိုတယ်။ သွေးလိုတယ်၊ အလကားလုပ်ပေးတယ်။ အရေးပေါ်ဌာနထဲမှာတော့ အရေးပေါ်လူနာ တစ်ယောက်အတွက် ကုန်ကျစရိတ်မလိုပါဘူး။ ward ထဲမှာတော့ အနည်းအကျဉ်းကုန်ကျစရိတ်ရှိမှာပေါ့။ အရေးပေါ်ဌာနမှာတော့ လူနာတစ်ယောက်ရောက်လာတာနဲ့ အဆင့်ခွဲလိုက်တယ်။ ဒါက အသက်ကယ်ရမယ့်အနေအထားလား၊ ပြင်းထန်လား၊ သာမန်ပဲလားဆိုပြီး အဲ့ဒီ အပေါ်မှာ မူတည်ပြီးလိုသလိုဆောင်ရွက်ပေးပါတယ်။

**ဒေါ်သန်း အသက် (၇၆) တောင်ဥက္ကလာပ ၅ ရပ်ကွက်**

အရေးပေါ်ဌာနကို ရောက်လာတာက တရားစခန်းမှာ တရားဖြုတ်တော့ အောက်ဆင်းလိုက်တာ ချော်လဲသွားတယ်။ လက်ထောက်လိုက်တာ လက်အဆစ်ကျိုးသွားတယ်။ မနေ့ကညနေ ၄နာရီခွဲအရေးပေါ်ရောက်လာတာပေါ့။ ဆေးကုသမှုနဲ့ပတ်သက်ပြီးတော့ ဘာမှမပေးရဘူး။ ဓာတ်မှန်လည်း မေတ္တာနဲ့ရိုက်ပေးတယ်။ ဆေးစာအုပ်လုပ်တာရော အလကားပါပဲ။ ဆေးဖိုးလည်း မပေးရဘူး။ ငွေကုန်ကြေးကျမရှိဘူး။ ဆရာမလေးတွေကို အမြဲမေတ္တာပို့တယ်။အလွန်ဝမ်းသာတယ်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ၁၈၉၉ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး သက်တမ်းအားဖြင့် ၁၁၅ နှစ်ရှိပြီဖြစ်သည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုဌာနပေါင်း ၂၄ခု၊ ရောဂါရှာဖွေရေးဌာနငါးခုနှင့်ဆက်စပ်ဌာနပေါင်း ၁၁ခုဖြင့် ဖွဲ့စည်းထားပြီး ဆရာဝန်၊ ဆရာမနှင့် ဝန်ထမ်းအင်အား ၁၇၇၆ ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။





ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာအထူးကုဌာန။

---

**❒ *ကျော်ဖုံးမှ***

"သီးသန့် အမျိုးသမီးယာဉ်ပြေးဆွဲပေးတာကတော့ ရန်ကုန်မြို့တွင်း အမျိုးသမီးတွေ သွားလာရေးအဆင်ပြေစေဖို့ ၃၁ ယာဉ်လိုင်းကနေ ယာဉ်ပိုင်ရှင်တွေရဲ့ဆန္ဒနဲ့အညီ အရင်မူလလမ်းကြောင်းအတိုင်း စတင်ပြေးဆွဲပေးတာဖြစ်တယ်။ အခုလို အမျိုးသမီး သီးသန့်ယာဉ်ဖြစ်ပေါ်လာတာကလည်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ညိုညိုသင်းက လွှတ်တော်မှာ တင်သွင်းခဲ့တယ်။ အဲဒါကို အကောင်အထည်ဖော်ဖို့ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ညွှန်ကြားချက်ထုတ်ပြန်ခဲ့တယ်။ ပြေးဆွဲတဲ့အခါမှာလည်း ယာဉ်စီးခကောက်ခံမှုနှုန်းထားတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ယာဉ်ပိုင်ရှင်တွေက တင်ပြခဲ့တာ။ အစိုးရအဖွဲ့ကလည်း မူလယခင်လမ်းကြောင်းအတိုင်းပြေးဆွဲပြီး ယခင်ဈေးနှုန်းအတိုင်းကောက်ခံ ညွှန်ကြားချက်ပေးခဲ့တယ်။ အဲဒါကို ယာဉ်ပိုင်ရှင်တွေအနေနဲ့ သဘောတူပြီး ယခင်မူလလမ်းကြောင်းအတိုင်း ဈေးနှုန်းလည်းမပြောင်းလဲဘဲ မနက်ငါးစီး၊ ညနေငါးစီးနဲ့ ရုံးချိန်အတွင်းမှာ ပြေးဆွဲပေးခဲ့တာဖြစ်တယ်။ အဲဒီအမျိုးသမီး သီးသန့်ယာဉ်လိုင်းအတွက် မထသ(ဗဟို) အနေနဲ့ကတော့ သတ်မှတ်စည်းကမ်းထုတ်ပေးထားတာမရှိပါဘူး။ ဒီအမျိုးသမီးသီးသန့်ယာဉ်လိုင်း ရေရှည်တည်တံ့ဖို့ဆိုတာလည်း ယာဉ်ပိုင်ရှင်တွေပေါ်မှာပဲ မူတည်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးလှအောင်က ပြောကြားသည်။

ယခုစတင်ပြေးဆွဲပေးသည့် အမျိုးသမီးသီးသန့်ယာဉ်လိုင်းသည် မထသ (ဗဟို)အောက်ရှိ ၃၁ ယာဉ်လိုင်းမှ ပြေးဆွဲပေးခြင်း ဖြစ်သည်။ အဆိုပါ ယာဉ်လိုင်းပြေးဆွဲရာတွင် ယာဉ်ပိုင်ရှင်များအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အား ခရီးသည်အမျိုးသမီးတစ်ဦးကို ပုံသေ သတ်မှတ်နှုန်းထား ငွေကျပ် ၂၀၀ ကောက်ခံရန်တင်ပြခဲ့သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က မူလဈေးနှုန်းအတိုင်းကောက်ခံရန် ညွှန်ကြားခဲ့သဖြင့် မူလဈေးနှုန်းအတိုင်း ကောက်ခံလျက် စတင်ပြေးဆွဲပေးခဲ့ခြင်းဖြစ်သည်။ သို့သော် ယနေ့စတင်ပြေးဆွဲသည့်နေ့တွင် ခရီးလမ်းကြောင်းအသွားတစ်ခြမ်း၌ ငွေကျပ် ၁၀၀၀၀ ကျော်အရှုံးပေါ်ပြီး အပြန်တွင်လည်း အလားတူ အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ၃၁ ယာဉ်လိုင်းအနေနဲ့ အခုလိုအမျိုးသမီးသီးသန့်ယာဉ်လိုင်းပြေးဆွဲပေးတာကတော့ ရန်ကုန်မြို့တွင်း ရုံးတက်ချိန်/ ရုံးဆင်းချိန်တွေမှာ အမျိုးသမီးတွေအနေနဲ့ ဣန္ဒြေရရ၊ ဂုဏ်သိက္ခာရှိရှိ သွားလာစေချင်တာရယ်၊ လွှတ်တော်မှာ လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ညိုညိုသင်း တင်ပြလိုက်တာကို အမျိုးသမီးထုဘက်က ကိုယ်ချင်းစာပြီး ကူညီလုပ်ဆောင်ပေးချင်တာရယ်ကြောင့် အခုလို ကျွန်တော်တို့ ယာဉ်ပိုင်ရှင်တွေ ပေါင်းစုတိုင်ပင်ပြီး အရှုံးခံပြေးဆွဲပေးခဲ့တာဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်းမှာ ဒီလိုအမျိုးသမီးသီးသန့်ယာဉ်လိုင်းတွေတိုးတက်စေချင်တယ်။ ခုစစချင်းတော့ ကျွန်တော်တို့ယာဉ်လိုင်းတွေ အနည်းငယ်အရှုံးပေါ်တာပေါ့။ ဒါပေမယ့် ဒီစီးပွားရေးဆန်တဲ့ဘက်ကိုချည်း ကြည့်လို့လည်း မရဘူး။ လူထုအတွက်၊ အမျိုးသမီးထုအတွက် အကျိုးပြုတာကို ပြန်ပြီးတော့ တွက်လိုက်ရင်ဒီအရှုံးဟာအလှူဖြစ်လာတာပါပဲ။ ဒါပေမယ့်နောက်ပိုင်းဆိုရင်တော့ ဒီအမျိုးသမီး သီးသန့်ယာဉ်လိုင်းဟာ မတိုးတက်၊ မဖွံ့ဖြိုးလာစရာအကြောင်း မရှိပါဘူး။ သက်ဆိုင်ရာကလည်း လူထုအကျိုးအတွက် အထိုက်အလျောက် အကူအညီပေးရင်ပေါ့။ နောက်ပိုင်းတော့ ခရီးသည် ပိုမိုများပြားလာဖို့ပဲ ရှိပါတယ်"ဟု ၃၁ယာဉ်လိုင်းတွင် အမျိုးသမီးသီးသန့်ယာဉ် စတင်ပြေးဆွဲပေးသည့် ယာဉ်ပိုင်ရှင် ဦးကိုကိုနိုင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ရန်ကုန်မြို့တွင်း၌ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်ကလည်း ပါရမီယာဉ်လိုင်းအနေဖြင့် အမျိုးသမီးသီးသန့်ယာဉ် ၁၀ စီးကို စမ်းသပ်ပြေးဆွဲပေးခဲ့သည်။ သို့သော် ရရှိသည့် အကျိုးအမြတ်နှင့် ကုန်ကျစရိတ်မှာ မကာမိ၍ စတင်ပြေးဆွဲပြီး ခြောက်လအကြာတွင် အမျိုးသမီးသီးသန့်ယာဉ်ပြေးဆွဲပေးမှုကို ရပ်ဆိုင်းခဲ့ရသည်။ အဆိုပါ ယာဉ်လိုင်းပြေးဆွဲပေးစဉ်က အမျိုးသမီးခရီးသည်တစ်ဦးလျှင် ယာဉ်ပေါ်တက်သည်နှင့် ငွေကျပ် ၂၀၀ နှုန်း သတ်မှတ်ကောက်ခံခဲ့ကြောင်း သိရသည်။

"ဒီနေ့တော့ ပထမဦးဆုံးနေ့မို့လားတော့ မသိဘူး။ အဆင်မပြေဘူးဗျ။ ခရီးသည်လည်း သိပ်မတက်ဘူး။ ဒီအတိုင်းဆို ကျွန်တော်တို့အတွက် ရေရှည်ရပ်တည်ဖို့ ခက်လိမ့်မယ်။ ဒါတောင် မနက်ပိုင်းနဲ့ ညပိုင်းမို့သာ။ ယာဉ်ပိုင်ရှင်တွေ အရှုံးခံနိုင်တောင် ကျွန်တော်တို့အတွက်က အဆင်ပြေမှာမဟုတ်ဘူး။ ဒီနေ့ဆို အသွား/အပြန် ခရီးသည်တက်ဆင်း ၁၀၀ ကျော်လောက်ပဲလုပ်တယ်ဗျ။ ဒီခရီးစဉ်မှာပဲ ရိုးရိုးယာဉ်လိုင်းနဲ့ ယှဉ်လိုက်ရင် ဝင်ငွေထက်ဝက်ကျော်လောက်ကွာသွားပြီ။ ပြီးတော့လည်း ခရီးသည်တွေအနေနဲ့ ကျတော့ မိသားစုလိုက်ခရီးသွားတာတို့၊ သမီးရည်းစားအတွဲတို့ကျတော့ ဘယ်လိုလုပ် ကျွန်တော်တို့ကားတွေမှာ သီးသန့်မိန်းကလေးကခွဲတက်မှာလဲ။ အားလုံးတက်လို့ရတဲ့ ကားကိုပဲစီးကြမှာပေါ့။ ကျွန်တော့်အထင်တော့ ရေရှည်ရပ်တည်ဖို့ ခက်ခဲလိမ့်မယ်လို့ထင်ပါတယ်" ဟု ၃၁ အမျိုးသမီးသီးသန့်ယာဉ်မောင်း ကိုကျော်ကျော်လင်းက ဆိုသည်။

ယခုပြေးဆွဲသည့် ၃၁ အမျိုးသမီးသီးသန့်ယာဉ်သည် နံနက်ပိုင်းတွင် ဂိတ်ရင်း တောင်ဥက္ကလာ (ဘေလီတံတား)၊ ပဒေသာ(၁၀ဈေး)၊ ကျောက်ကုန်း၊ တာမွေ၊ မင်္ဂလာဈေး၊ ပုဇွန်တောင်၊ ဆူးလေ၊ ဘုန်းကြီးလမ်းတွင် ဂိတ်ဆုံးမည်ဖြစ်သည်။ ညနေပိုင်းတွင် ဂိတ်စဘုန်းကြီးလမ်းမှ စထွက်ကာ ဗိုလ်ချုပ်ဈေး၊ ပုဇွန်တောင်၊မင်္ဂလာဈေး၊တာမွေ၊ကျောက်ကုန်း၊ ပဒေသာ(၁၀ဈေး)မှ ဘေလီတံတားတွင်ဂိတ်ဆုံးမည်ဖြစ်သည်။ ကောက်ခံမှုနှုန်းထားမှာလည်း ခရီးစဉ်တစ်ဖြတ် ငွေကျပ် ၅၀၊ ၁၀၀ နှင့် ဂိတ်စ/ဆုံးတွင် ငွေကျပ် ၂၀၀ သာ ကောက်ခံပြေးဆွဲပေးလျက်ရှိသည်။


"ညီမအနေနဲ့ကတော့ အခုလို အမျိုးသမီးသီးသန့်ယာဉ်ပြေးဆွဲပေးတာ အလွန်ကောင်းပါတယ်။ ပြေးဆွဲပေးတဲ့ ယာဉ်တွေကိုလည်း ကျေးဇူးတင်တယ်။ မနက်က မသိလို့ မစီးဖြစ်လိုက်ဘူး။ ခုညနေပိုင်းမှ သူငယ်ချင်းပြောလို့ စီးဖြစ်တာ။ ဈေးနှုန်းကလည်း မူလအတိုင်းပဲဆိုတော့ ကျွန်မတို့အတွက် ပိုအဆင်ပြေတာပေါ့။ စိတ်ချမ်းချမ်းမြေ့မြေ့၊ အေးအေးချမ်းချမ်းနဲ့ အလုပ်သွားအလုပ်ပြန်ရတာ ပျော်ဖို့ကောင်းတယ်။ အရင်ကတော့ ဒီအချိန်ဆိုရင် ချွေးတလုံးလုံးနဲ့ တိုးဝှေ့နေရတာ။ ကျွန်မတို့က တော်သေးတယ်။ သက်ကြီး အဘွားတွေဆို တော်တော်ပင်ပန်းတာ။ ရန်ကုန်မြို့တွင်းမှာ ဒါမျိုး အမျိုးသမီးသီးသန့်ပြေးဆွဲပေးတဲ့ ယာဉ်တွေ နောက်ထပ်တိုးလာမယ်ဆိုရင် ပိုကောင်းမှာ။ ဒါပေမယ့် စပယ်ယာကတော့ မိန်းကလေးဆိုရင် ပိုအဆင်ပြေမယ်လို့ ကျွန်မထင်တယ်။ ဘာကြောင့်လဲဆိုတော့ မိန်းကလေးတွေအတွက် သီးသန့်ပြေးဆွဲပေးတဲ့ ယာဉ်ဆိုတော့လေ" ဟု တောင်ဥက္ကလာပမှ ရန်ကုန်မြို့တွင်းသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် မသင်းသင်းဆွေက ပြောကြားသည်။

**(မြန်မာ့အလင်း)**

# အေဆမ်ထိပ်သီးအစည်းအဝေးမှ လမ်းကြုံတွေ့ဆုံမှုများ

မေနင်းအေး

စစ်အေးလွန်ကာလမှာ ဒေသဆိုင်ရာအဖွဲ့အစည်းတွေ ပိုမိုအားကောင်းလာပြီး အစည်းအဝေးပြီး အစည်းအဝေး၊ အစည်းအဝေးတွေက ဆက်စပ်နေပါတယ်။ ဒီလို အစည်းအဝေးကြီးများမှာ တက်ရောက်သူအဖွဲ့ဝင်တွေများတာနဲ့အမျှ side line meeting လို့ခေါ်တဲ့ အစည်းအဝေးကာလအတွင်း နှစ်နိုင်ငံ သုံးနိုင်ငံတွေ့ဆုံမှုများဟာလည်း ထုံးစံတစ်ခုဖြစ်လာ



နေပါတယ်။ ထိပ်သီးအစည်းအဝေးဆိုတဲ့အတိုင်း နိုင်ငံ့ခေါင်းဆောင်တွေဆိုတော့ တစ်ခါတစ်ခါ ခရီးသွားရတာလည်း ငွေကြေးကော အချိန်ပါ ကာမိအောင် အကွက်စေ့စေ့လုပ်ကြရပါတယ်။ ဒါကြောင့် လမ်းကြုံနိုင်ငံတစ်ခုခုကိုဝင်တာ၊ အစည်းအဝေးကာလမှာ တခြားနိုင်ငံခေါင်းဆောင်များနဲ့ တွေ့ဖို့စီစဉ်တာတွေကို အကွက်ကျကျကြိုတင်စီစဉ်ကြရပါတယ်။

**အခုအေဆမ်အစည်းအဝေးမှာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်း ဆောင်နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အနေနဲ့လည်း ဖင်လန်ဝန်ကြီးချုပ် အလက်ဇန္ဒြားစတပ်ဗ်၊ ဆွီဒင်ဝန်ကြီးချုပ် စတေဖန်လော့ဗ်န်၊ ဗီယက် နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်း၊ နော်ဝေဝန်ကြီးချုပ် အန်နာဆိုးလ်ဘတ်ခ်တို့နဲ့ တွေ့ဆုံနိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်စေဖို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီနိုင်ငံတွေကို သီးခြားဝင်ရောက်မယ်ဆိုရင် အချိန်လည်းအများကြီးကုန်မယ်၊ ငွေလည်းအများကြီးကုန်မယ်၊ အခုအစည်းအဝေးမှာ ကြုံရင်းဆုံရင်း တွေ့လိုက်ရတော့ အားထုတ်မှုနည်းနည်းနဲ့ အကျိုးရှိတယ်လို့ ပြောရမှာပေါ့။ နိုင်ငံခေါင်းဆောင်တွေ မကြာမကြာတွေ့နိုင်တယ်ဆိုတာ နှစ်နိုင်ငံဆက်ဆံရေးကို သိသိသာသာ တိုးတက်စေတာကြောင့် ကောင်းမွန်တဲ့တွေ့ဆုံမှုများ ဖြစ်ပါတယ်။**

ဒါပေမယ့် ဒီတစ်ခေါက် အေဆမ်မှာ အများစိတ်ဝင်စားကြရတာက ရုရှားနဲ့ ယူကရိန်းတွေ့ဆုံမှုဖြစ်ပါတယ်။ ယူကရိန်းအရေးအခင်းဟာ အစ္စလာမ်မစ်နိုင်ငံတော် အဖွဲ့အစည်း အိုင်အက်စ်ကိစ္စကြောင့်၊ အီဘိုလာကြောင့် နောက်တန်းကို ရောက်သွားပြီလို့ ထင်ရပေမယ့် ဥရောပအတွက်တော့ အရေးကြီးနေတဲ့အနေအထားပါ။ ယူကရိန်းအရှေ့ခြမ်းက ခွဲထွက်ရေးလှုပ်ရှားမှုတွေကို ရုရှားက ကူညီတယ်လို့ပြောပြော၊ ရုရှားအပေါ် ပိတ်ပင်ကန့်သတ်မှုတွေ ဘယ်လိုပဲချချ၊ ရုရှားနဲ့ ယူကရိန်းမတွေ့ဘဲ နှစ်ဖက် မဆွေးနွေးဘဲ ပြီးဆုံးနိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ ဒါပေမယ့် ယူကရိန်းသမ္မတက ရုရှားကိုသွားဖို့ မဖြစ်နိုင်သလို ရုရှားသမ္မတ ပူတင်ကလည်း ယူကရိန်းကိုသွားဖို့ မလွယ်ပါဘူး။ ဒါကြောင့် ဒေသဆိုင်ရာနဲ့ နိုင်ငံတကာအစည်းအဝေးကြီးများတက်ရောက်ရင်း အေဆမ်မှာ ရုရှားသမ္မတနဲ့ ယူကရိန်းသမ္မတတို့ သီးခြားတွေ့ခဲ့ကြတယ်။ ဒီ့အပြင် ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာ မာကယ်၊ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်၊ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း၊ အီတလီဝန်ကြီးချုပ် မာတေယို ရန်ဇီတို့နဲ့ အတူ ခြောက်ပွင့်ဆိုင်လည်း တွေ့ဆုံခဲ့ပါတယ်။ ဂျာမန်ဝန်ကြီးချုပ်ဟာ ရုရှားသမ္မတနဲ့ ယူကရိန်းသမ္မတတို့ကိုလည်း သီးခြားစီတွေ့ခဲ့ရာမှာ ဂျာမန်-ယူကရိန်းတွေ့ဆုံမှုက နှစ်နာရီခွဲတောင် ကြာတယ်လို့လည်းဆိုပါတယ်။ အီးယူထဲမှာ ဂျာမနီဟာ ရုရှားနဲ့ ထူးခြားတဲ့ဆက်ဆံရေးရှိတာကြောင့် ယူကရိန်းအရေးကို ဖြေရှင်းဖို့မှာလည်း တာဝန်ရှိနေသလို ဖြစ်နေပါတယ်။ ဒီလိုဆွေးနွေးကြရာမှာ ဆွေးနွေးချက်အသေးစိတ်ကို ထုတ်မပြောကြပေမယ့် ယူကရိန်းအရေးကို ဘယ်လိုငြိမ်းချမ်းစွာ ဖြေရှင်းကြမလဲဆိုတာ ဆွေးနွေးမှုရဲ့ အဓိကအကြောင်းအရာပါပဲ။ ယူကရိန်းက လောင်စာအတွက် ရုရှားရဲ့ သဘာဝဓာတ်ငွေ့ကို မှီခိုနေရတာဆိုတော့ ဆောင်းဝင်ခါနီးအချိန်မှာ အကျေအလည်ဆွေးနွေးကြမှ ဖြစ်မယ်လေ။ နိုင်ငံရေးအခြေအနေဆိုတာတွေအပြင် လောင်စာအတွက်ငွေချေဖို့ အခက်အခဲရှိနေတဲ့ ယူကရိန်းကို ရုရှားက ဓာတ်ငွေ့ဆက်ပေးနေဖို့ အီးယူက ဘာတွေအာမခံပေးမလဲဆိုတာလည်း စိတ်ဝင်စားစရာပါ။

ရုရှားအနေနဲ့ ယူကရိန်းအရေးကြောင့် အနောက်အုပ်စုက နိုင်ငံရေး၊ စီးပွားရေးအရ ကြဉ်ထားဖို့ ကြိုးစားတဲ့အခါ အနောက်အုပ်စုဝင်မဟုတ်တဲ့ နိုင်ငံများနဲ့ ဆက်ဆံရေးကို ပိုမိုအာရုံစိုက်လာတာလည်း တွေ့ရပါတယ်။ ရုရှားသမ္မတ ပူတင်အနေနဲ့ အေဆမ်ကိုအလာမှာ ဆားဗီးယားနိုင်ငံကိုလည်း သွားရောက်ခဲ့ပါသေးတယ်။ အရင် ယူဂိုဆလားဗီးယားပြည်ထောင်စုက အစိတ်စိတ်အမြွှာမြွှာကွဲသွားတဲ့နိုင်ငံဟာ ဆားဗီးယားအဖြစ် ကျန်ခဲ့ရာက အီးယူဝင်ဖို့ကြိုးစားနေပါတယ်။ ဒါပေမယ့် မိတ်ဆွေရင်းနိုင်ငံလည်းဖြစ်တဲ့ ရုရှားကိုပိတ်ပင်ကန့်သတ်မှုတွေ မပြုလုပ်နိုင်ဘူးလို့လည်း ပြတ်သားစွာ ရပ်တည်ခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ အခုလည်း လွန်ခဲ့တဲ့အနှစ် ၇၀ ဒုတိယကမ္ဘာစစ်အတွင်းက ဆိုဗီယက်နဲ့ ယူဂိုဆလားဗီးယားစစ်သည်တို့ ဘဲလ်ဂရိတ်မြို့ကို နာဇီတို့ရန်ကကာကွယ်တဲ့ အခမ်းအနားနှစ်ပတ်လည်ပွဲကို တက်ရောက်ပြီး ဆားဗီးယားနိုင်ငံက ချီးမြှင့်တဲ့အမြင့်မားဆုံး ဂုဏ်ထူးဆောင်ဘွဲ့ကိုလည်း ယူခဲ့တယ်ဆိုတော့ နိုင်ငံရေးအရ အလွန်အဓိပ္ပာယ်ရှိတဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်။

**နောက်ထပ်စိတ်ဝင်စားစရာကောင်းတဲ့တွေ့ဆုံမှုကတော့ ရုရှားသမ္မတပူတင်နဲ့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ တွေ့ဆုံမှုပါ။ ဒီတွေ့ဆုံမှုဟာ ရှင်ဇိုအာဘေး ဝန်ကြီးချုပ်ဖြစ်လာတဲ့ ၂၀၁၂ ဒီဇင်ဘာကနေတွက်ရင် ပဉ္စမအကြိမ်တွေ့ဆုံမှုဖြစ်ပေမယ့် ယူကရိန်းကိစ္စနောက်ပိုင်းမှာတော့ ပထမဆုံးတွေ့ဆုံမှုပါ။ ယူကရိန်း ခရိုင်းမီးယားဖြစ်ရပ်ကြောင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ရုရှားကို အမေရိကန်နဲ့ အီးယူတို့က ပိတ်ဆို့ကန့်သတ်မှုတွေနဲ့ အရေးယူတဲ့အခါ ဂျပန်ကလည်း ပါဝင်အရေးယူခဲ့ပါတယ်။ ရုရှားလို နိုင်ငံရေး၊ စီးပွားရေးအရ အင်အားကြီးတဲ့တစ်နိုင်ငံကို ပိတ်ဆို့မှုတွေနဲ့ အရေးယူတယ်ဆိုတဲ့အခါ အရေးယူခံရတဲ့နိုင်ငံသာမက အရေးယူထားတဲ့နိုင်ငံများမှာ ဆိုးကျိုးတွေရင်ဆိုင်ရတာပါ။ ဒါကြောင့် ဂျပန်နိုင်ငံအနေနဲ့ ပိတ်ဆို့အရေးယူထားတဲ့နိုင်ငံက အကြီးအကဲကို တွေ့တာ၊ လာမယ့်အေပက်အစည်းအဝေး ပေကျင်းမှာကျင်းပတဲ့အခါ ထပ်တွေ့ကြဖို့ ချိန်းတာတွေဟာ ဂျပန်-ရုရှား ဆက်ဆံရေးတိုးတက်လာဖို့ အလားအလာတွေပဲ ဖြစ်ပါတယ်။**

**ဒီ့အပြင် တရုတ်ဝန်ကြီးချုပ် လီကာချင်းကလည်း အေဆမ်အစည်းအဝေးမှာ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း၊ ဗီယက်နမ် ဝန်ကြီးချုပ် ငုယင်တန်ဇွန်း၊ တောင်ကိုရီးယားသမ္မတ ပတ်ခ်တို့နဲ့လည်း တွေ့ဆုံခဲ့ပါသေးတယ်။ တရုတ်-ဗီယက်နမ် တွေ့ဆုံမှုက တောင်တရုတ်ပင်လယ်အတွက်တိုးတက်မှုတွေ ဖြစ်လာစေဖို့အတွက် အထူးအရေးကြီးပါတယ်။ ပြီးတော့ လတ်တလော ဟောင်ကောင်မှာဖြစ်ပေါ်နေတဲ့ အခြေအနေတွေကြောင့် တရုတ်နိုင်ငံကို နိုင်ငံတကာကစောင့်ကြည့်နေတဲ့အချိန်မှာ တရုတ်ကလည်း နိုင်ငံတကာနဲ့ ဆက်ဆံရေးပြေလည်ဖို့ကို ပိုမိုလိုလားပြီး အေပက်အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာကျင်းပနိုင်ဖို့ပြင်ဆင်နေတာဖြစ်ပါတယ်။**

ဒီနှစ် အေဆမ်ထိပ်သီးအစည်းအဝေးမှာ အဖွဲ့ဝင်သစ်အဖြစ် ခရိုအေးရှားနဲ့ ကာဇက်စတန်ကို လက်ခံလိုက်လို့ အခုဆိုရင် အေဆမ်မှာ (၅၃) ဖွဲ့ ဖြစ်သွားပါပြီ။ ကာဇက်စတန်သမ္မတ နာဇာဘာယက်ဗ်ဟာ ဆိုဗီယက်ယူနီယံကခွဲထွက်လာတဲ့နိုင်ငံတွေထဲမှာ အာရှအင်အားစုအဖြစ် ဖွဲ့စည်းလှုပ်ရှားဖို့ စစ်စကာ CICA-Conference on Interaction and Confidence Building Measures in Asia လို့ခေါ်တဲ့ အာရှဒေသယုံကြည်မှု တည်ဆောက်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဦးစီးဆောင်ရွက်နေသူလည်းဖြစ်ပါတယ်။ ကာဇက်စတန်ဟာ လတ်တလောနှစ်များမှာ အာဆီယံဒေသကိုလည်း စိတ်ဝင်စားလာပြီး စစ်စကာနဲ့ အေအာရ်အက်ဖ် ပူးပေါင်းဆောင်ရွက်ဖို့ အာဆီယံဒေသတွင်း ခရီးစဉ်များမှာ ပြောကြားခဲ့ပါတယ်။ အခုအေဆမ်အစည်းအဝေးကို တက်ရောက်လာရာမှာလည်း ဂျာမန်ဝန်ကြီးချုပ်၊ ဗြိတိန်ဝန်ကြီးချုပ်၊ နယ်သာလန်ဝန်ကြီးချုပ်၊ အီတလီဝန်ကြီးချုပ်၊ တောင်ကိုရီးယားသမ္မတ၊ ဂျပန်ဝန်ကြီးချုပ်၊ တရုတ်ဝန်ကြီးချုပ် တို့ကို တွေ့ဆုံခဲ့တာမို့ နာဇာဘာယက်ဗ်ဟာ အေဆမ်အစည်းအဝေးကာလမှာ နိုင်ငံအများဆုံးက ခေါင်းဆောင်တွေကို တွေ့ဆုံခဲ့တဲ့သူလို့တောင် မှတ်တမ်းတင်ရမယ်ထင်ပါတယ်။

> **အေဆမ်အစည်းအဝေးမှာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အနေနဲ့လည်း ဖင်လန်ဝန်ကြီးချုပ် အလက်ဇန္ဒြား စတပ်ဗ်၊ ဆွီဒင်ဝန်ကြီးချုပ် စတေဖန်လော့ဗ်န်၊ ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်း၊ နော်ဝေဝန်ကြီးချုပ် အန်နာဆိုးလ်ဘတ်ခ်တို့နဲ့ တွေ့ဆုံနိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်စေဖို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီနိုင်ငံတွေကို သီးခြားဝင်ရောက်မယ်ဆိုရင် အချိန်လည်းအများကြီးကုန်မယ်၊ ငွေလည်းအများကြီးကုန်မယ်၊ အခု အစည်းအဝေးမှာ ကြုံရင်းဆုံရင်းတွေ့လိုက်ရတော့ အားထုတ်မှုနည်းနည်းနဲ့ အကျိုးရှိ။**

Side Line Meeting ကို လမ်းကြုံတွေ့ဆုံမှုလို့အဓိပ္ပာယ်ဖွင့်တာ သိပ်မကောင်းသလိုဖြစ်ပေမယ့် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ကျော်က ခေါင်းဆောင်တွေ ဆုံနေကြတဲ့အချိန်မှာ အချိန်နဲ့နေရာကို အကျိုးရှိရှိအသုံးချပြီး နှစ်နိုင်ငံဆက်ဆံရေးအတွက် side line meeting လေးတွေလုပ်နိုင်တာကတော့ အရင်းအမြစ်ကို အကျိုးရှိရှိအသုံးချနိုင်တာဖြစ်တဲ့အတွက် ကောင်းမွန်သော စီမံခန့်ခွဲမှုလို့ အမှတ်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာဆက်ဆံရေးမှာ အဓိကအစည်းအဝေးကြီးတွေလိုအပ်သလို side line meeting လေးတွေကလည်း ကောင်းကျိုးများစွာပြုနိုင်တဲ့အကြောင်း တင်ပြလိုက်ရပါတယ်။

---

## ❊ ပြည်ထောင်စုလွှတ်တော်မှ

အချက်များအပေါ် အသေးစိတ်ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ်တွင် သုံးစွဲမည့် ငွေကြေးအစီအမံ ဆိုင်ရာများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စွမ်းရည်ပြည့်ဝသော ခေတ်မီသည့် ပြည်သူ့ရဲတပ်ဖွဲ့အသွင်သို့ ကူးပြောင်းနိုင်စေရန်အတွက် ဆောင်ရွက်ချက်များအပေါ် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က တပ်မတော်၏အသုံးစရိတ်နှင့် ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များ၊ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေမှုများအား အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာများနှင့် ဘတ်ဂျက်အသုံးစရိတ်များကို အကျိုးရှိရှိအသုံးပြု ဆောင်ရွက်သွားရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြည်ပမှ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်ရေး၊ လယ်သမားများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာရေးအတွက် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

**(သတင်းစဉ်)**

## ❖ ကျောဖုံးမှ

နိုင်ငံခြား ခရီးသွားဧည့်သည်များအား ပို့ဆောင်ပေးလျက်ရှိသည့် မန္တလေး-မင်းကွန်း ရေယာဉ်မှာ ၄၁ စင်း၊ မန္တလေး-ပုဂံရေယာဉ်မှာ ငါးစင်း၊ မန္တလေး-ကသာ-ဗန်းမော်ရေယာဉ်မှာ ခုနစ်စင်းကျော်နှင့် အိပ်ခန်းပါ အပျော်စီးသင်္ဘောမှာ ငါးစင်းရှိသည်။အဆိုပါရေယာဉ်အသင်း များအနေဖြင့်မန္တလေး-မင်းကွန်း(အသွား၊ အပြန်)ခရီးစဉ်ကို နိုင်ငံခြားသား တစ်ဦးလျှင်ရှစ်ဒေါ်လာနှင့် ပြည်တွင်းခရီးသည်တစ်ဦးလျှင် ငွေကျပ် ၅၀၀၀နှုန်း၊ မန္တလေး-ပုဂံ ခရီးစဉ်ကို အဆန်တွင် နိုင်ငံခြားသားတစ်ဦးလျှင် ၄၅ ဒေါ်လာနှင့် ပြည်တွင်းခရီးသည် တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀ နှုန်း၊ အစုန်တွင် နိုင်ငံခြားသားတစ်ဦးလျှင် ၃၅ ဒေါ်လာနှင့် ပြည်တွင်းခရီးသည် တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀ နှုန်း သတ်မှတ်ထားသည်။ အိပ်ခန်းပါ အပျော်စီး သင်္ဘောခရီးစဉ်မှာလည်း နှစ်ညအိပ်သုံးရက်ခရီးစဉ်တွင် တစ်ဦးလျှင် ဒေါ်လာ ၇၀၀နှုန်း၊ တစ်ညအိပ် နှစ်ရက်ခရီးစဉ်တွင် တစ်ဦးလျှင် ဒေါ်လာ ၃၅၀ နှုန်းအဖြစ်သတ်မှတ်ထားပြီး နှစ်ညအိပ်သုံးရက်ခရီးစဉ်အဖြစ် မန္တလေးမှ မင်းကွန်း-စစ်ကိုင်း-ရန္တပို-ချင်းတွင်းမြစ်ဆုံ-ပုဂံတို့သို့ ပို့ဆောင်ပေးပြီး တစ်ညအိပ် နှစ်ရက်ခရီးစဉ်အဖြစ် မန္တလေးမှ-ရန္တပို- ချင်းတွင်း မြစ်ဆုံ-ပုဂံတို့သို့ ပို့ဆောင်ပေး ကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီးသို့ နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ၊ ၂၀၁၃ ခုနှစ်က ၂၁၉၅၁၈ ဦးရှိခဲ့ကာ ယခု ၂၀၁၄ ခုနှစ်ဇန်နဝါရီမှ စက်တင်ဘာလအထိ နိုင်ငံခြားခရီးသွားဧည့်သည် ၁၃၀၀၀၀ ကျော်အထိရှိကြောင်းနှင့် ယခုနှစ်တွင် ပြည်တွင်းသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည် ဦးရေပမာဏ သုံးသန်းဝင်ရောက်လာမည်ဟုမြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခန့်မှန်းထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# လမ်းပန်းဆက်သွယ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်း

**ရန်ကုန် အောက်တိုဘာ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရ စီးပွားရေးရာကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ဒေသကြီးအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၅)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ပြီးစီးမှုနှင့် တံတားပြီးစီးပါက ယာဉ်လမ်းကြောင်း သတ်မှတ်ခြင်းနှင့် တံတားဖွင့်ပွဲအတွက် ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြခြင်းများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားပြီး တံတားကြီးအပေါ် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရာ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အမှာစကားပြောကြားပြီး ကော်မတီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာမှူးကြီးက တံတားများကို ယာဉ်လမ်းကြောင်း သတ်မှတ်ခြင်းကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကမ်းရိုးတန်းရေယာဉ်အသင်းဥက္ကဋ္ဌ၊ ကွန်တိန်နာအသင်းဥက္ကဋ္ဌ၊ အဝေးပြေးယာဉ်အသင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများမှ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက တိုင်းဒေသကြီးအစိုးရမှ ဆောင်ရွက်ပေးနိုင်မည့်ကိစ္စများ၊ တိုင်းဒေသကြီးမှ ဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ပေးနိုင်မည့်ကိစ္စများသတ်မှတ်ထားသော ဥပဒေ၊ မူဝါဒများအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်တန်ပိုကိစ္စများ ပြည်သူများသိရှိထားရန်နှင့် လုံခြုံရေးပိုင်းဆိုင်ရာများ ပြည်သူများ ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း မိမိတို့ကော်မတီအနေဖြင့် ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏ အသံ၊ ပြည်သူတို့၏လိုအပ်ချက်များ သိရှိပြီး ချက်ချင်းလုပ်ပေးရမည့် ကိစ္စရပ်များကို ချက်ချင်းဆောင်ရွက်ပြီး ရေတို/ရေရှည်ကိစ္စရပ်များအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# ထိုင်းနိုင်ငံစက်ဘီးစီးအဖွဲ့ သီပေါမြို့နယ်အတွင်း သဘာဝအရင်းအမြစ်အလှအပများလေ့လာ

**သီပေါ အောက်တိုဘာ ၂၇**

ထိုင်းနိုင်ငံ အပျော်တမ်းစက်ဘီးစီးအဖွဲ့သည် အဖွဲ့ခေါင်းဆောင် Mr.Watchara Liwphang Sawat နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်သွယ်ရေးအရာရှိ ဦးသက်လင်း၊ ဧည့်လမ်းညွှန် ဒေါ်သက်သက်ဝေတို့ဦးဆောင်၍ အပျော်စီးကိုယ်ပိုင်စက်ဘီး ၄၁ စီးဖြင့် အောက်တိုဘာ ၂၅ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့သို့ ရောက်ရှိကြသည်။

အဆိုပါထိုင်းနိုင်ငံ အပျော်တမ်းစက်ဘီးစီးအဖွဲ့ ၄၁ဦးသည် မြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင်ဘော်ကြိုဘုရားကြီးနှင့် တန်ခိုးကြီးဘုရားများကို ဖူးမြော်ပြီး သဘာဝအရင်းအမြစ်များအတိုင်းတည်ရှိသော ရေတံခွန်များ၊ ဒုဋ္ဌဝတီမြစ်ဆုံအလှအပများကို အုပ်စုအလိုက်သွားရောက်လေ့လာကြကာ အောက်တိုဘာ ၂၇ ရက်တွင် သီပေါမြို့ပေါ်မှ ပြင်ဦးလွင်မြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ရန်ကုန်မြို့တွင် လုပ်သားကျွမ်းကျင်မှုစစ်ဆေးရေးဌာန ခြောက်ခုဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၇**

ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းများနှင့်ပြည်ပနိုင်ငံများသို့ ကျွမ်းကျင်လုပ်သားများ (Skill Labours) အဖြစ် ဝင်ရောက်လုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရေး လုပ်ငန်းများကို အရည်အသွေးစစ်ဆေးပေးမည့်လုပ်သားကျွမ်းကျင်မှု အရည်အသွေး စစ်ဆေးရေးဌာနများ ရန်ကုန်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အလုပ်သမားရေးရာ ဝန်ကြီးဌာနမှ သိရသည်။

လာမည့် နိုဝင်ဘာ ၁ ရက်မှစတင်ကာ ရန်ကုန်မြို့၌ လုပ်သားကျွမ်းကျင်မှု အရည်အသွေးစစ်ဆေးရေး ဌာနခြောက်ခုကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်သားကျွမ်းကျင်မှုအရည်အသွေး စစ်ဆေးရေးဌာနများ၌ လုပ်သားကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ရရှိရေး အတွက် စာမေးပွဲများဖြေဆိုရမည်ဖြစ်ကြောင်း၊ စာမေးပွဲများကိုအခမဲ့ ဝင်ရောက်ဖြေဆိုလျက် အောင်မြင်ပါက အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကျွမ်းကျင်ဌာနများ ဖွင့်လှစ်ပြီးပါက ကနဦးအနေဖြင့် သံဂဟေဆက်လုပ်သား၊ လက်သမား၊ ပရိဘောဂလုပ်သား၊ လျှပ်စစ်ကျွမ်းကျင်လုပ်သားနှင့် စားသောက်ဆိုင်လုပ်ငန်း ကျွမ်းကျင်လုပ်သားများအား ဦးစွာပထမစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စစ်ဆေးမှုစာမေးပွဲ အောင်မြင်သူများအား ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများဖြစ်သည့်ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့ ကျွမ်းကျင်လုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်လျက်ရှိရာ ယခုထုတ်ပေးမည့် ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များသည် လုပ်ငန်းခွင်ဝင်ရောက်ရာတွင် အထောက်အကူတစ်စုံတစ်ရာရရှိလိမ့်မည်ဟု သိရသည်။

ကျွမ်းကျင်မှုလက်မှတ် ရရှိထားသူများအနေဖြင့် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ရာတွင်လည်း အဆင်ပြေချောမွေ့စွာ ဝင်ရောက်လုပ်ကိုင်ပြီး ထိုက်တန်သော လစာငွေများ ရရှိနိုင်မည်ဖြစ်သည်။

**မောင်နွေသစ်**

# လမ်းဖြတ်ကူးသူအား ယာဉ်တိုက်မိ

**ရန်ကုန် အောက်တိုဘာ ၂၇**

ဗဟန်းမြို့နယ်အတွင်း အောက်တိုဘာ ၂၅ ရက် ည ၈ နာရီက ကမ္ဘာအေးဘုရားလမ်းအတိုင်း ကမ္ဘာအေးဘုရားဘက်မှ ရွှေဂုံတိုင်ဘက်သို့ မရမ်းကုန်းမြို့နယ်နေ ယာဉ်မောင်း ကိုမျိုးဇော်လတ်(၂၄ နှစ်) မောင်းနှင်လာသော မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်း ကြို/ပို့ယာဉ်သည် စက်မှု(၁)မှတ်တိုင်အနီး အရောက် အရှိန်မထိန်းနိုင်ဖြစ်ကာ လမ်းဖြတ်ကူးသူ အသက် (၄၀)ခန့် အမျိုးသားတစ်ဦးအား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် အတိုက်ခံရသူအမျိုးသားတွင် ဒဏ်ရာများရရှိကာ သတိလစ်လျက် ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာ(စိုးရိမ်ရ) အဖြစ် တင်ပို့ကုသခဲ့ရသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းမျိုးဇော်လတ်ကို ဗဟန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

# သတင်းအရရှာဖွေရာမှ မူးယစ်ဆေးဝါးဖမ်းဆီးရမိ

**မိုးညှင်း အောက်တိုဘာ ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ လုံးတုံရဲစခန်း ပိုင်နယ်မြေ မမုံကိုင်ကျေးရွာတွင် အောက်တိုဘာ ၂၅ ရက်က သတင်းအရရှာဖွေရာမှ မူးယစ်ဆေးဝါးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၅ ရက် ည ၁၁ နာရီခွဲခန့်က လုံးတုံရဲစခန်းမှ စခန်းမှူး ရဲအုပ်ရဲထွန်းနှင့် အဖွဲ့သည် သက်သေများနှင့်အတူ သတင်းအရ မမုံကိုင်ကျေးရွာနေ သိန်းမြင့်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ သိန်းမြင့်ကို နေအိမ်တွင် အသင့်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ ၎င်းနေအိမ်အောက် အရှေ့အလယ်တိုင်ခြေရင်းတွင် လေးပေငါးပေခန့်ရှိ အပြာနီရောင် မိုးကာအဟောင်းတွင်ထည့်လျက် မူးယစ်ဆေးဝါးဘိန်းဖြူဟု ယူဆရသော ဖြူဝါရောင်အမှုန့် အလေးချိန် ၅ ဒသမ ၄၄ ဂရမ်ခန့်ပါ ဘူးတစ်ဘူး၊ ပင်နီဆီလင်ပုလင်းဖြင့် ထည့်လျက် မူးယစ်ဆေးဝါး ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့် အလေးချိန် ၀ ဒသမ ၄၀၈ ဂရမ်ခန့်ပါ ပင်နီဆီလင်ပုလင်းနှစ်လုံး၊ စုစုပေါင်း အလေးချိန် ၆ ဒသမ ၂၅၆ ဂရမ် ကာလတန်ဖိုးငွေကျပ် ၃၇၀၀၀၀ ကို ရှာဖွေတွေ့ရှိရသဖြင့် သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံရေးသွင်းသိမ်းဆည်းကာ ရဲအုပ်ရဲထွန်းက တရားလိုပြုလုပ် တိုင်တန်းခဲ့သည်။ အမှုဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ သိန်းမြင့်(၃၁နှစ်) မမုံကိုင်ကျေးရွာ မိုးညှင်းမြို့နေသူကို လုံးတုံရဲစခန်းက ဆက်လက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၄၉)**

# လမ်းဖြတ်ကူးသူ ကွန်တိန်နာယာဉ် ပွတ်တိုက်မိ

**ရန်ကုန် အောက်တိုဘာ ၂၇**

ကြည့်မြင်တိုင်မြို့နယ်အတွင်း အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ကမ်းနားလမ်းအတိုင်း ဆင်မလိုက်ဘက်မှ သီရိမင်္ဂလာဈေးဟောင်းဘက်သို့ မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာနေ ယာဉ်မောင်း ဝင်းနိုင်(၂၂နှစ်) မောင်းနှင်လာသော ၅ဂ/ . . . . SINO TRUCK ကွန်တိန်နာ အငှားယာဉ်သည် နတ်စင်လမ်းမှတ်တိုင်အနီးအရောက် လမ်းဖြတ်ကူးသူ ကြည့်မြင်တိုင်မြို့နယ်နေ ဦးထွန်းစီ (၆၈နှစ်)ကို ယာဉ်၏ နောက်ဝဲဘက်ဘီးဖြင့် ပွတ်တိုက်မိခဲ့ကြောင်း သိရသည်။ ထိုသို့တိုက်မိမှုကြောင့် ဦးထွန်းစီမှာ ဒဏ်ရာများရရှိခဲ့ပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းဝင်းနိုင်ကို ကြည့်မြင်တိုင် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

# ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

**တောင်ငူ အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျီးမနိုးကျေးရွာအုပ်စု ကွင်းအမှတ် (၈၀၀) ရှိ မြတ်အိန္ဒြေ ဧက ၂၀၀၀ စိုက်ကွင်းတွင် အောက်တိုဘာ ၂၄ ရက် က မြို့နယ်မြေစာရင်းဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များမှ မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ ကောင်းအဆင့်အတန်း တစ်ဧက အထွက်နှုန်း အခြောက် ၁၅၀ ဒသမ ၇၂ တင်းထွက်ကြောင်း သတင်းရရှိသည်။ **ဦးကျော်လှ(တောင်ငူ)**

## အမှားပြင်ဆင်ချက်

၂၇-၁၀-၂၀၁၄ရက်ထုတ် ဤသတင်းစာကြော်ငြာကဏ္ဍစာမျက်နှာ(၁)ပါ ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၅၀)ပြည့် အဆောင်နှင့် နေ့ကျောင်းသားများ၏ ရွှေရတုအထိမ်းအမှတ် ညစာစားပွဲကြီးကို နိုဝင်ဘာ ၁ရက် ညနေ ၅နာရီတွင် (တစ်ရက် စော)ပြုလုပ်မည်။ ရန်ကုန်မြို့၊လှိုင်မြို့နယ် RC 2 ရှိ MICT Park ၌ ကျင်းပမည်ဖြစ်သည်။ ဒေါ်ယုယုအောင် ဖုန်းနံပါတ်မှာ ၀၉-၄၂၁၁၆၉၈၂၁ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်တင်တင်နွယ် ပတ်စ်ပို့ ၉၀၅၇၁၄ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၆၈၅၁၈**




## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၆၉-ရပ်ကွက်၊ မြနန္ဒာလမ်း အမှတ်(၁၁၂၆)ဟု ခေါ်တွင်သော အလျား ၄၀ ပေ×အနံ ၆၀ပေရှိ ဦးခင်မောင်ချစ်အမည်ပေါက် မြေကွက် နှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို ဦးခင်မောင်ချစ်ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်ခင်ထွေး (၁၂/သဃက(နိုင်)၁၂၃၃၉၃)မှ အမွေဆက်ခံပိုင်ဆိုင်ပြီး မြေချပါမစ်ပျောက်ဆုံးနေကြောင်းနှင့် အဆိုပါမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း။ ပေါင်နှံထားခြင်း။ ပေးကမ်းထားခြင်းတို့မရှိကြောင်း ပြောဆိုဝန်ခံပြီး အဆိုပါမြေကွက်ကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးနိုင်လင်း (၁၂/ဒဂတ(နိုင်)၀၂၃၀၅၇)အား ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ဦးနိုင်လင်းမှ (၂၃-၁၀-၂၀၁၄) ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူပြီး မြေကွက်ကို လက်ရောက်ရရှိထားပါသည်။

သို့ဖြစ်၍ အဆိုပါမြေကွက်အားတရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ကျွန်ုပ်မိတ်ဆွေသိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပါမစ်ပျောက်လျှောက်ထားခြင်း။ ဂရန်အမည်ပေါက်လျှောက်ထားခြင်း။ ရောင်းချခြင်း။ ပေါင်နှံခြင်း။ လွှဲပြောင်းခြင်း။ ပေးကမ်းခြင်းတို့ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်မောင်အေး**
**LL.B, WIPO (Switzerland)**
**အထက်တန်းရှေ့နေ**
အမှတ်(၅၀)၊ ဘဏ်လမ်း၊ (ပ-ထပ်/အီး-၁၄) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀-၇၄၃၄၆

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၆၁၇၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၁၅၁၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ရွာသာကြီး**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး



## ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားသုံးထပ်ကွေ့လမ်းပိုင်း လမ်းမြေသားချဲ့

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကျောက်ပန်းတောင်း-မြင်းခြံလမ်းပေါ်မှ အန္တရာယ်ရှိသော လမ်းကွေ့/လမ်းကျဉ်းများပေါ်များသည့် ပုပ္ပားသုံးထပ်ကွေ့လမ်းပိုင်းတွင် လမ်းဘေးတောင်ကမ်းပါးယံမြေသားများကို ဖဲ့ယူ၍ လမ်းပခုံးမြေသားချဲ့ထွင်ခြင်းလုပ်ငန်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက စက်ယန္တရားကြီးများ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အန္တရာယ်ရှိသော ပုပ္ပားသုံးထပ်ကွေ့လမ်းပိုင်းကို ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၄၇ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး၊ လုပ်ငန်းပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲက ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးတိုင်းအေး၊ မြို့နယ်အထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးလှဆင့်၊ ကော်မတီအတွင်းရေးမှူး ဦးဘိုကျော်၊ မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လွင်တို့က သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မူလလမ်းအကျယ်က ပေ ၂၀ ပဲရှိတာပါ။ တောင်ပတ်လမ်းမှာ အကွေ့အကောက်ကလည်းများတဲ့အပြင် လမ်းကလည်းကျဉ်းတော့အတက်/အဆင်းကားတွေ မျက်နှာချင်းဆိုင်ဆုံတိုင်း အတော်သတိထားပြီး ရှောင်မောင်းရတာပါ။ အခုလမ်းပခုံးမြေသားကို ဟိုဘက်ငါးပေ၊ ဒီဘက်ငါးပေ ချဲ့ပေးထားတာပါ။ စုစုပေါင်းပေ ၃၀ ပေ့။ အခုဆိုရင်ကားနှစ်စီး လွတ်လွတ်ကင်းကင်းရှောင်လို့ရသွားပါပြီ။ လုပ်ငန်းကတော့ တောင်ကမ်းပါးယံ မြေသားတွေကိုဖဲ့ယူပြီး ချောက်ဘက်ကို ကျောက်တုံးတွေရသလောက်နဲ့ဖို့ခဲ့ရတာပါ။ ပြီးရင်တော့ အဲဒီဖို့မြေကမ်းပါးယံတွေကို ကျောက်ရိုးနံရံစီပေးသွားမှာပါ" ဟု မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လမ်းမြေသားချဲ့ခြင်းလုပ်ငန်းများကို ဩဂုတ်လကုန်မှစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယနေ့အချိန်ထိ လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရပြီး လုပ်ငန်းအားလုံးပြီးစီးပါက လမ်းအသုံးပြုသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်**

## ကနေဒါနိုင်ငံသူ၏ ပျောက်ဆုံးသွားသော ပိုက်ဆံအိတ်ကို ရဲတပ်ဖွဲ့မှ စုံစမ်းရှာဖွေကာ ပြန်လည်အပ်နှံ

**ရန်ကုန် အောက်တိုဘာ ၂၇**

ဂျပန်နိုင်ငံတွင် ဆရာမအဖြစ် လုပ်ကိုင်သော ကနေဒါနိုင်ငံသူ SHAVONNE NATESIA DAVIS သည် အောက်တိုဘာ ၂၅ ရက် ည ၇ နာရီက မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းသို့ ရောက်ရှိလာပြီး ၄င်းသည် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ကန်တော်ကြီး ပန်းကန်လုံးကျွန်းသို့ ညနေ ၃ နာရီခွဲကရောက်ရှိခဲ့ပြီး အပန်းဖြေနေစဉ် မြန်မာငွေကျပ် ၅၀၀၀၀၊ ဂျပန်ယန်းငွေ ၅၅၀၀၀၊ အမေရိကန်ဒေါ်လာ ၂၄ ဒေါ်လာနှင့် ယာဉ်မောင်းလိုင်စင်တစ်ခု၊ ဗီဇာနှစ်ခု၊ ဘဏ်စာအုပ်တစ်အုပ်တို့ ထည့်ထားသည့် ပိုက်ဆံအိတ်ကျပျောက်သွားကြောင်းကို အကြောင်းကြားလာခဲ့ကြောင်း သိရသည်။

အကြောင်းကြားချက်ရရှိသည်နှင့်ချက်ချင်း မင်္ဂလာတောင်ညွန့်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက ပန်းကန်လုံးကျွန်းအတွင်း သွားရောက်၍စုံစမ်းရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ ပန်းကန်လုံးကျွန်းသို့ အဝင်အတွင်းဘက်ရှိ လျှောက်လမ်းပေါ်တွင် ၄င်းကနေဒါနိုင်ငံသူပျောက်ဆုံးသွားသော ပိုက်ဆံအိတ်ကို ရှာဖွေတွေ့ရှိခဲ့ပြီးစစ်ဆေးခဲ့ရာ အိတ်အတွင်းပါရှိသော ငွေများမှလွဲ၍ ကျန်ပစ္စည်းများကို ပြန်လည်တွေ့ရှိခဲ့သဖြင့် ပိုင်ရှင်ဖြစ်သူ ကနေဒါနိုင်ငံသူထံသို့ ပြန်လည်အပ်နှံပေးခဲ့သည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ အဆိုပါကနေဒါနိုင်ငံသူကို မေးမြန်းရာ ၄င်းသည် ပန်းကန်လုံးကျွန်းသို့ ရောက်ရှိစဉ် လူငယ်သုံးလေးဦးနှင့်မိတ်ဖွဲ့စကားပြောပြီး အပြန်အလှန်ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ပိုက်ဆံအိတ်ပျောက်ဆုံးမှုနှင့် ပတ်သက်၍ အမှုဖွင့်ဆောင်ရွက်လိုခြင်း မရှိကြောင်းနှင့် ယခုကဲ့သို့ ရဲတပ်ဖွဲ့မှ လိုက်လံစုံစမ်းရှာဖွေပေးမှုအပေါ် များစွာ ကျေးဇူးတင်ရှိပါကြောင်း၊ ၄င်းမှာ အောက်တိုဘာ ၂၆ ရက်တွင် ဂျပန်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်ရန်အတွက် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ မော်တော်ယာဉ်စီစဉ်ဆောင်ရွက်ကာပို့ဆောင်ပေးခဲ့ကြောင်း၊ ၄င်းကနေဒါနိုင်ငံသူ၏ ပိုက်ဆံအိတ်ပျောက်ဆုံးခဲ့မှုနှင့်ပတ်သက်၍ အရှေ့ပိုင်းခရိုင်မှုခင်းနှိမ်နင်းရေးဌာနမှ တပ်ဖွဲ့ဝင်များ၊ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

## အမျိုးသားပညာရေးဥပဒေရှင်းလင်းပွဲနှင့် ရှေးဦးကလေးသူငယ် ဖွံ့ဖြိုးရေးဆိုင်ရာဆွေးနွေးပွဲကျင်းပ

**ခင်ဦး အောက်တိုဘာ ၂၇**


၂၀၁၄-၂၀၁၅ ပညာသင်နှစ် အမျိုးသားပညာရေးဥပဒေရှင်းလင်းပွဲနှင့် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ကျင်းပရာ မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်များနှင့် ဆရာ၊ ဆရာမများ စုစုပေါင်း ၁၅၀ ကျော် တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးစောဦးတို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် အမျိုးသားပညာရေး ဥပဒေများကို ပညာရေးဝန်ထမ်းများ သိရှိရန်၊ ကလေးသူငယ်များ၏ အစောပိုင်းကာလ ဖွံ့ဖြိုးမှုအရေးပါပုံ၊ အရည်အသွေးပြည့်မီသော ကလေးဖွံ့ဖြိုးမှုရရှိရန်၊ မူကြိုကျောင်း၏ အဓိကကျသော သွင်ပြင်များကို သိရှိနားလည်ရန် ဆွေးနွေးကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

**စာပေမြင့်မှ လူမျိုးတင့်မည်**


**ရွှေနဂါး** (စရိုက်ပြီမ်း)
ကျိုက်ထီးရိုး(နေ့စဉ်)-35000
ချောင်းသာ (နေ့စဉ်)-45000
ကားမျိုးစုံ စီးလုံးငှားသည်။
209077, 209388, 09-73167000

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383


### ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၈)ရပ်ကွက်၊ ရွှေလီလမ်းမကြီး၊ (40' × 60') နှစ်ကွက်တွဲ၊ ထောင့်ကွက်

၂။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ အဝေရာလမ်းမကြီး၊ (40' × 60') နှစ်ကွက်တွဲ၊ ထောင့်ကွက်

၃။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ 141/2 ရပ်ကွက်၊ ကညနရုံးအနီး၊ (40' × 60') သုံးကွက်တွဲ

ဖုန်း-၀၉-၅၁၉၆၉၃၇

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၃၆၉-က၊ ဧရိယာပေ(၂၀×၆၀)ရှိ မြေချပါမစ်မြေအမျိုးအစားမြေကွက်အား အရောင်းအဝယ်ပြုရန်အတွက် အမည်ပေါက်ပိုင်ရှင် ဦးအောင်ခိုင်ဦး၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတည်းသောဇနီးမယားဖြစ်သည့် ဒေါ်စိမ်းယဉ်နွယ်သန်း ၁၂/မရက(နိုင်)၁၀၇၂၄၃ မှ ကျွန်တော်၏မိတ်ဆွေနှင့် သဘောတူစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ စရန်ငွေတစ်စိတ်တစ်ဒေသကိုလည်း ကျွန်တော်၏မိတ်ဆွေမှ ပေးချေထားပြီးဖြစ်ပါသည်။ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်မာသောအထောက်အထားများနှင့်အတူ ကျွန်တော်၏ထံသို့ လာရောက်ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှိုင်ဘွား**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၃၀)**
**အမှတ် ၄၇၅၊ ပထမထပ်(ညာ)၊ သုမနလမ်း၊ ၁၆/၂ ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၅၅၂၂၀၄**

### သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
### အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
### ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)
### ပရိဘောဂပစ္စည်းဝယ်ယူရန်အတွက်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရုံးသုံးပရိဘောဂပစ္စည်း(၂၅)မျိုးနှင့် စက်ပစ္စည်း (၂)မျိုး ဝယ်ယူရန်ရှိပါ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ပေးသွင်းရမည့်ပုံစံများကို ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)တွင် ယခုကြော်ငြာပါသည့်ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်မှ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃ရက် ၁၅:၀၀ နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်များအား သိရှိလိုပါက ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်) ရုံးဖုန်း-၀၉-၆၄၂၂၄၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၆၅/ဘီ၊ မြေညီထပ်(၁၅ပေ×၆၀ပေ)တိုက်ခန်းအား လက်ရှိပိုင်ဆိုင်သူဖြစ်သည့် ဦးမင်းမင်းထွန်းထံမှ ဝယ်ယူရန် စရန်ငွေတချို့အား ပေးချေထားပြီးဖြစ်ပါသည်။ ၄င်းစရန်ငွေပေးချေသော တိုက်ခန်းအား ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း ကျွန်မထံသို့ လာရောက်ဆက်သွယ်နိုင်ပါသည်။ ၄င်းသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စောမြင့် ၉/မထလ(နိုင်)၀၆၇၉၀၄**
**အမှတ် ၂၂၁၊ ကမာကြည်လမ်း၊ သုဝဏ္ဏမြို့နယ်၊ ဖုန်း-၀၁-၅၆၃၇၀၁**

**ပျောက်ဆုံး**

ကျွန်မ နန်းအေးအေးဖြူ ၃/လဘန(နိုင်)၁၁၂၅၉၆သည် ပတ်စ်ပို့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၅၃၄၈၇၄**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## မီးထောင်ချောက်ထွန်းခြင်း ဆောင်ရွက်ရန် ထပ်မံနှိုးဆော်

**ခင်ဦး အောက်တိုဘာလ ၂၇**

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးခင်းအတွင်း၌စပါးဆစ်ပိုးအများစုမှာ ဖလံအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်နှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၂၂ ရက်ကစ၍ ညနေ နေဝင်ချိန်မှစ၍ ည ၉ နာရီခွဲအထိ မီးထောင်ချောက်ကို တောင်သူတစ်ဦးလျှင် ၁၀ခုထက်မနည်း စုပေါင်းထွန်းညှိကာကွယ်ခြင်း၊ ဆစ်ပိုးဥမြုများတွေ့ရှိပါက ဖျက်ဆီးပစ်ခြင်း၊ စပါးခင်းအတွင်း အူပုပ်လက္ခဏာငါးရာခိုင်နှုန်းတွေ့ရှိပါက ပိုးသတ်ဆေး ဖျန်းခြင်းများကို အမြန်ဆုံးဆောင်ရွက်ကြရန် ထပ်မံနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ဟောပြောပွဲများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ စပါးဆစ်ပိုးများကျရောက်ခဲ့သဖြင့် တောင်သူများ စပါးအထွက်နှုန်းလျော့နည်းခဲ့သည်။ ယခုနှစ်တွင်လည်း စုပေါင်းမီးထောင်ချောက် မထွန်းညှိပါက မိုးစပါးအထွက်နှုန်းလျော့နည်းနိုင်ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။ **ခင်ဦးစိုးဝေ**



## မိုးစပါး ပုလဲသွယ်စံကွက်ရိတ်သိမ်းပွဲ ဓနုဖြူ၌ ကျင်းပ

**ဓနုဖြူ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာအုပ်စု တောင်သူ ဦးသန်းစိန်၏ ကွင်းအမှတ် ၁၉၃၊ ပုလဲသွယ် ၁၀ ဧက စံပြစိုက်ခင်း၌ စက်တင်ဘာ ၂၃ ရက်က မိုးစပါး ပုလဲသွယ် စံကွက်ရိတ်သိမ်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူ၊ စိုက်တိုးမြှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြပြီး စံကွက်အရွယ်အစား ၀ ဒသမ ၁၀ ဧကတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း အခြောက် တင်း ၁၄၀ ထွက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

## ပင်လောင်း-ကင်းသာ ကားလမ်းတွင် ယာဉ်ဘရိတ်ပေါက် တိမ်းမှောက်

**တပ်ကုန်း အောက်တိုဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ် ပင်လောင်း-ကင်းသာ ကားလမ်း မိုင်တိုင်အမှတ် (၅/၇)တွင် အောက်တိုဘာ ၂၆ ရက် ညနေ၄ နာရီက ယာဉ်မောင်း ဝင်းသန်းစိုး အသက် (၃၀နှစ်) ဒေါ်အမရပ်ကွက် လှိုင်ကော်မြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 5B --------- (ရွှေကယားယာဉ်လိုင်း)သည် အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၉ ဦး၊ယာဉ်မောင်း ယာဉ်နောက်လိုက် အမျိုးသားနှစ်ဦး စုစုပေါင်း ၃၅ဦးတင်ဆောင်မောင်းနှင်လာစဉ် ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်ခဲ့သည်။ အဆိုပါ ယာဉ်တိမ်းမှောက်သည့်နေရာသို့ တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ သွားရောက်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ဖြစ်စဉ်တွင် အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ဦးမှာ ပြင်ပဒဏ်ရာ အနည်းငယ်ရရှိသဖြင့် တပ်ကုန်းမြို့နယ် ခုတင်(၁၀၀)ဆေးရုံတွင် ဆေးကုသခံယူလျက်ရှိပြီး ပေါလ (၂၀နှစ်) နောင်ယားတိုးချဲ့ ရပ်ကွက် လှိုင်ကော်မြို့နေသူ(သေဆုံး)က ယာဉ်မောင်း ဝင်းသန်းစိုး (၃၀နှစ်) ဒေါ်အမရပ်ကွက် လှိုင်ကော်မြို့နေ ဒဏ်ရာ (စိုးရိမ်ရ)၊ တူးတူးလေး (၂၀နှစ်) ဆီးဘူးရပ်ကွက် လှိုင်ကော်မြို့နေ ဒဏ်ရာ (စိုးရိမ်ရ)တို့အား နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံသို့လွှဲပြောင်းဆေးဝါးကုသခံယူရန် ပို့ဆောင်ထားကြောင်း သိရသည်။

**(လ/၀၃၆)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၁၀-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၈၉-၉၉၅ |
| ဥရောပ | တစ်ယူရို | ၁၃၄၀-၁၃၄၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၅ |
| ထိုင်း | တစ်ဘတ် | ၃၂.၅-၃၂.၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၂-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၇ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧယာအသစ်) | တစ်အိတ် | ၁၅၅၀၀-၁၅၈၀၀ |
| ပေါ်ကျွဲ (အသစ်) | တစ်အိတ် | ၂၂၅၀၀-၂၃၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၉၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၉၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၆၅ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၁၁၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၄၀၀-၁၉၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၆၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၂၀-၆၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၂၅၀-၂၄၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| သကြား | တစ်ပိဿာ | ၉၀၀-၉၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ တင်ပြသည်။

## လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

ကြော်ငြာ

## ဧရာဝတီဘဏ်မှ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ နှစ်(၅၀)ပြည့်ရွှေရတုအခမ်းအနားအား ပံ့ပိုးကူညီ

၂၀၁၄ ခုနှစ် အောက်တိုဘာလ(၃၁)ရက်နေ့မှ နိုဝင်ဘာလ(၂)ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ နှစ်(၅၀)ပြည့်ရွှေရတုအခမ်းအနားကြီးတွင် ဧရာဝတီဘဏ်လီမိတက်မှ ဂုဏ်ယူစွာဖြင့် ပံ့ပိုးကူညီပေးမည်ဖြစ်သည်။

ထိုအခမ်းအနားကြီးတွင် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ၊ Charity Golf ပြိုင်ပွဲ၊ စာတမ်းဖတ်ပွဲများ၊ ဓါတ်ပုံပြပွဲများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ပထမဆုံးပါမောက္ခချုပ်ရုပ်ထုကို ထုလုပ်ထားရှိခြင်း၊ ပြဇာတ်နှင့် ဂီတပဒေသာကပွဲများ၊ စီးပွားရေးပညာရှင်များ၏ ဟောပြောပွဲများ စသည်တို့ကို ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်၊ လှိုင်၊ ရွာသာကြီး) နှင့်ကျောင်းဆောင်များရှိသော လှိုင်မြို့နယ်၊ သမိုင်းဝင်းနေရာများတို့တွင် ၂၀၁၄ ခုနှစ် အောက်တိုဘာလ(၃၁)ရက်နေ့မှ နိုဝင်ဘာလ(၂)ရက်နေ့အထိ (၃)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြမည်ဖြစ်သည်။

ဧရာဝတီဘဏ်မှ ၎င်းပြပွဲရက်များတွင် ဘဏ်၏ဝန်ဆောင်မှုများအား ပြခန်းများဖွင့်လှစ်ကာ လာရောက်ကြည့်ရှုကြမည့် ဧည့်သည်တော်များအား ဝန်ဆောင်မှုများပေးသွားမည်ဖြစ်သည်။

ဧရာဝတီဘဏ်
AYA Bank

ရန်ကုန်စီးပွားရေးတက္ကသိုလ်
50
1964 - 2014

## ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ ၈၄ လမ်း၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြားနေ
မိုးကောင်းရတနာရွှေဆိုင်ပိုင်ရှင် ဦးခင်မောင်တင့်-ဒေါ်နီနီဝင်းတို့၏သားကြီး

**ဒေါက်တာနေဖြိုးအောင်** (M.B.,B.S-MDY)

နှင့်

ရန်ကုန်မြို့၊ ၄၇ လမ်း၊ အမှတ် ၁၃၈/၁၄၀ နှင့်
ကျုံပျော်မြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၂၉ နေ စတားရွှေစင် ရွှေဆိုင်ပိုင်ရှင်
ဦးသန်းစိုး-ဒေါ်ခင်ခင်ဆွေတို့၏သမီး

**မအိအိအောင်** (BA-Eco)

တို့သည် ၂၄-၁၀-၂၀၁၄ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**ဒေါက်တာနေဖြိုးအောင်-မအိအိအောင်**

## အများသိစေရန်ကြေညာချက်

မြန်မာတပ်မတော်၏ ပထမဆုံးတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်း၏ ကိုယ်ရေးမှတ်တမ်း (Memoirs of The Four-Foot Colonel by Gen.Smith Dun, First Commander-in-Chief of Independent Burma's Armed Forces)နှင့် ပတ်သက်၍ ဗိုလ်ချုပ်စမစ်ဒွန်း၏ မိသားစုဝင်များသဘောတူသိရှိခြင်းမရှိပါဘဲ မည်သူ့ကိုမျှ ပုံနှိပ်ထုတ်ဝေခွင့်မပြုကြောင်းနှင့် ခွင့်ပြုချက်မရှိဘဲ ပုံနှိပ်ထုတ်ဝေသည်ကို သိရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိသားစုဝင်များ၏ကိုယ်စားဆောင်ရွက်ခွင့်ရှိသူ-**

**ဒေါ်နန့်စန္ဒာဝင်း(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ(စဉ်-၃၀၄၇၁)**
**LL.B,D.B.L,D.M.L,D.I.L,P.D.S.W(Psy:),**
**C.A.E.S(Asean),B.D.S(MOFA)**

**ဖခင်အမည်မှန်**

ကျောက်တန်း၊ အထက(၂)တက္ကသိုလ်ဝင်တန်း(က)မှ မစုထက်လွင်၏ ဖခင်အမည်မှန်မှာ ဦးအေးသွင် ၁၂/ကခက(နိုင်)၀၃၆၆၆ ဖြစ်ပါသည်။

**ဦးအေးသွင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန်စီးပွားရေးတက္ကသိုလ်

## ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ Norwegian University of Science and Technology (NTNU) နှင့် Knowledge Development (KD) တို့ပူးပေါင်းပြီး Master of Management (MM) မဟာဘွဲ့သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

၂။ အဆိုပါမဟာဘွဲ့သင်တန်းသည် အချိန်ပိုင်းသင်တန်းဖြစ်ပြီး အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိလုပ်သက် (၃)နှစ်ရှိရမည်။
(ဂ) ကုမ္ပဏီဝန်ထမ်း(သို့) အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဝန်ထမ်းဖြစ်လျှင် Management Position ရာထူး၌ လုပ်သက်(၃)နှစ်ရှိရမည်။
(ဃ) ၁-၁၀-၂၀၁၄ရက်တွင် အသက်(၃၀)ပြည့်ပြီးသူဖြစ်ရမည်။
(င) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူမဖြစ်စေရ။
(စ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သောစာရွက်၊ စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို စီမံခန့်ခွဲမှုပညာဌာန(ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)တွင် ၂၈-၁၀-၂၀၁၄ရက်မှ စတင်ရယူပြီး ၂၀-၁၁-၂၀၁၄ရက် နောက်ဆုံးထား၍ အဆိုပါဌာန၌ ပြန်လည်တင်သွင်းလျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကို ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၂ရက် (စနေနေ့)တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)၌ ကျင်းပပါမည်။

၅။ ပြည့်စုံစွာဖော်ပြမှုမရှိသော လျှောက်လွှာများ၊ လုပ်သက်၊ အသက်ထောက်ခံချက် မပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၇။ သင်တန်းနှင့်ပတ်သက်၍ ဖုန်း-၆၆၁၇၃၆၊ ၆၆၄၆၈၄ တို့တွင် အသေးစိတ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်းအဆင့်-၁**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## စီးရီးအေပွဲစဉ်နှင့် ဖလားပွဲစဉ်များ (သီဟ)

| | | | |
|---|---|---|---|
| **အီတလီစီးရီးအေ ပွဲစဉ်(၉)** | | | **အောက်တိုဘာ ၂၉** |
| ဆက်ဆူအိုလို | - | အမ်ပိုလီ | နံနက် ၂း၁၅ |
| **အင်္ဂလန် ကက်ပီတယ်ဝမ်းဖလား** | | | **အောက်တိုဘာ ၂၉** |
| ဘုန်းမောက် | - | ဝက်စ်ဘရွန်း | နံနက် ၂း၁၅ |
| MK ဒွန်း | - | ရက်ဖီးယူနိုက်တက် | နံနက် ၂း၁၅ |
| ရှာရော်စ်ဘူရီ | - | ချယ်လ်ဆီး | နံနက် ၂း၁၅ |
| ဖူလ်ဟမ် | - | ဒါဘီကောင်တီ | နံနက် ၂း၃၀ |
| လီဗာပူးလ် | - | ဆွမ်ဆီး | နံနက် ၂း၃၀ |
| **ဂျာမန်ပိုကယ်ဖလား** | | | **အောက်တိုဘာ ၂၉** |
| ဘီလီဖီးလ် | - | ဟာသာဘာလင် | နံနက် ၀၀း၃၀ |
| ချမ်နစ်ဇ် | - | ဝါဒါဘရီမင် | နံနက် ၀၀း၃၀ |
| အော့ဖန်ဘက်ချ် | - | ကာစရူဟီ | နံနက် ၀၀း၃၀ |
| အေလန်း | - | ဟန်နိုဗာ | နံနက် ၀၀း၃၀ |
| ဒိုင်နမိုဒရက်စ်ဒန်း | - | ဘိုချမ် | နံနက် ၂း၀၀ |
| ဂျူးစ်ဘတ် | - | ကိုလုံး | နံနက် ၂း၀၀ |
| ကိုင်ဇာဆလပ်တန်း | - | ဂရူသာဖတ် | နံနက် ၂း၀၀ |
| စိန့်ပေါ်လီ | - | ဒေါ့မွန် | နံနက် ၂း၀၀ |
| **ပြင်သစ်လိဂ်ဖလား** | | | **အောက်တိုဘာ ၂၉** |
| အီဗီယန် | - | လော်ရီယန့် | နံနက် ၁း၃၀ |
| ရိမ်းစ် | - | အားလက်စ် | နံနက် ၁း၃၀ |
| မောင့်ပယ်လီယာ | - | အဂျာစီယို | နံနက် ၁း၃၀ |
| ကိန်း | - | စီလာမောင့် | နံနက် ၁း၃၀ |
| နန့်တက်စ် | - | လာဗယ် | နံနက် ၁း၃၀ |
| လန်းစ် | - | ခရီတေးလ် | နံနက် ၁း၃၀ |
| ဘတ်စ်တီယာ | - | အော်ဇေး | နံနက် ၁း၃၀ |
| တူးလော့စ် | - | ဘော်ဒိုး | နံနက် ၂း၃၀ |

**အောက်တိုဘာ ၂၆/၂၇ စီးရီးအေရလဒ်များ**

| | | |
|---|---|---|
| ဂျူဗင်တပ်စ် | ၂-၀ | ပါလာမို |
| အူဒီးနိစ် | ၂-၀ | အတ္တလန္တာ |
| ဆီစီနာ | ၀-၁ | အင်တာမီလန် |
| လာဇီယို | ၂-၁ | တိုရီနို |
| နာပိုလီ | ၆-၂ | ဗီရိုနာ |

# ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်တို့ အမှတ်ပြည့်ယူကြမယ့် ပွဲစဉ်(၁၀)

ဒီတစ်ပတ်ရဲ့ စပိန်မြေမှာတော့ လာလီဂါပွဲစဉ်(၁၀)ကို နိုဝင်ဘာ ၁ ရက်မှာ ကျင်းပဖို့ရှိနေပါတယ်။ တန်းစီဇယားအပြောင်းအလဲဖြစ်နိုင်တဲ့ ဒီပွဲစဉ်မှာ ထိပ်တန်းအသင်းတွေဖြစ်တဲ့ ဘာစီလိုနာရော ရီးရဲမက်ဒရစ်တို့ပါ ဘယ်လိုရှုံးအားတွေနဲ့ အမှတ်တွေအပြိုင်ရှာဖွေစုဆောင်းကြမယ်ဆိုတာ စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

**ဘာစီလိုနာနှင့် ဆယ်လ်တာဗီဂို**

ရီးရဲမက်ဒရစ်ကို ရှုံးပွဲကြုံထားတဲ့ ဘာစီလိုနာဟာ ကျားနာလိုဖြစ်နေတာမို့ ဒီပွဲမှာ ပေါက်ကွဲဖို့ရှိနေပါတယ်။ ဆယ်လ်တာဗီဂိုရဲ့ လက်ရှိခြေစွမ်းက ဘာစီလိုနာကို အဟန့်အတားဖြစ်စေမှာမဟုတ်လို့ အိမ်ရှင်ပရိသတ်တွေရှေ့မှာ ဆယ်လ်တာဗီဂိုတို့ ဒူးထောက်ရမယ့် အနေအထားရှိနေပါတယ်။

**ဂရန်နာဒါနှင့် ရီးရဲမက်ဒရစ်**

စီရော်နယ်ဒို၊ ဂျိမ်းရိုဒရီဂွက်ဇ်နဲ့ ဘင်ဇီမာတို့ တိုက်စစ်အတွဲက အကောင်းဆုံးပုံစံရနေတာကြောင့် ဂရန်နာဒါတို့ အိမ်ကွင်းဆိုပေမယ့် အသက်ရှူမှားအောင် ကစားပါလိမ့်မယ်။ ရီးရဲမက်ဒရစ်ဟာ ဘာစီလိုနာကို ပြီးခဲ့တဲ့ပွဲစဉ်(၉)မှာ နှိပ်ကွပ်ခဲ့ပြီး နိုင်ပွဲတွေရပ်တန့်စေခဲ့တာကြောင့် ယုံကြည်မှုပြင်းထန်နေပါတယ်။ ရီးရဲမက်ဒရစ်တို့ ခြေစွမ်းကရလဒ်ကိုပုံဖော်ပါလိမ့်မယ်။

**အက်သလက်တီကိုနှင့် ကော်ဒိုဘာ**

ကော်ဒိုဘာနဲ့ဆိုတိုင်း အက်သလက်တီကိုတို့ ရှုံးပွဲမရှိသလောက်နည်းခဲ့ပါတယ်။ ဒီနှစ်သင်းစုစုပေါင်း ၁၆ ကြိမ်ဆုံတွေ့မှုမှာ အိမ်ရှင်တို့ ၁၀ ပွဲနိုင်ပြီး သရေပွဲလေးပွဲဖြစ်ခဲ့ကာ ရှုံးပွဲနှစ်ပွဲ မှတ်တမ်းဖြစ်ခဲ့ပါတယ်။ အခုပွဲမှာလည်း အိမ်ရှင်တို့ရဲ့စိုးမိုးမှုကို ကော်ဒိုဘာတို့ ခံစားရဦးမှာပါ။

**ဒီပို့တီဗိုနှင့် ဂီတာဖေး**

နည်းဗျူဟာပြန်လည်ကောင်းမွန်လာတဲ့ ဂီတာဖေးကြောင့် ဒီပို့တီဗိုတို့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ကြိုးစားနိုင်တဲ့ ဒီပို့တီဗိုတို့ ဂီတာဖေးကို အမှတ်ခွဲမပေးရအောင် အားထုတ်မှာဖြစ်ပေမယ့် ဒီပွဲမှာ သရေရလဒ်ကိုပဲ ဦးတည်နေပါတယ်။

**ဆိုစီဒက်နှင့် မာလာဂါ**

ဆိုစီဒက်ဟာ နိုင်ပွဲရလိုမှု စိတ်ဓာတ်ပြင်းထန်နေတာမို့ မာလာဂါတို့ ဒီပွဲမှာ အသက်ရှူကျပ်စရာ ဖြစ်နေပါတယ်။ အိမ်ကွင်းမှာ ခြေစွမ်းမာကျောတဲ့ ဆိုစီဒက်ကြောင့် မာလာဂါတို့ အခက်အခဲတွေ့နိုင်ပါတယ်။ မာလာဂါတို့ ဒီပွဲမှာ ခြေကုန်ထုတ်ဖို့ရှိနေပေမယ့် အိမ်ရှင်ရဲ့ အနိုင်ရလိုမှုပြင်းပြတဲ့ ကစားဟန်ကြောင့် မျှော်လင့်ချက်တွေမဲ့သွားနိုင်ပါတယ်။ **မိုးမြင့်လင်းလက်**

# ရာသီကုန်ဖလား ဆီရီနာဝီလျံဆွတ်ခူး

စင်ကာပူနိုင်ငံ၌ကျင်းပခဲ့သော WTA Finalsတင်းနစ်ပြိုင်ပွဲတွင် ဆီရီနာဝီလျံက ရိုမေးနီးယားတင်းနစ်မယ် စီမိုနာလက်ကိုအနိုင်ရပြီး ပဉ္စမအကြိမ်မြောက်ဖလားဆွတ်ခူးခဲ့သည်။ အမေရိကန်သူ ဆီရီနာဝီလျံက အဆိုပါပြိုင်ပွဲတွင် ၆-၃၊ ၆-၀ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဝီလျံအနေဖြင့် စီမိုနာလက်အား အုပ်စုပွဲတွင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အသက် ၃၃ နှစ်ရှိ ဆီရီနာဝီလျံသည် စက်တင်ဘာလက အမေရိကန်အိုးပင်းဖလားနှင့်အတူ ဂရင်းဆလမ်ဖလား ၁၈ လုံးအထိ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ သူမသည် ရာသီကုန်ကမ္ဘာ့နံပါတ်တစ်နေရာကို လေးကြိမ်မြောက်အဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ ဆီရီနာဝီလျံသည် အဆိုပါရာသီကုန်ဖလားကို သုံးနှစ်ဆက်တိုက်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



# တောင်အာဖရိက ဂိုးသမား အသတ်ခံရ

တောင်အာဖရိကဘောလုံးအသင်းခေါင်းဆောင်လည်းဖြစ် ဂိုးသမားလည်းဖြစ်သည့်ဆန်ဇိုမေရီဝါသည် သေနတ်ဖြင့်အပစ်ခံရပြီး သေဆုံးသွားကြောင်း တောင်အာဖရိကရဲတပ်ဖွဲ့က ပြောသည်။ အဆိုပါပစ်ခတ်မှုမှာ ဂျိုဟန်နစ္စဘတ်မြို့တောင်ပိုင်း ဗောစလိုရပ် အရပ်ရှိ မေဝါ၏မိန်းကလေးသူငယ်ချင်းနေအိမ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အိုလန်ဒိုပီရိတ်အသင်းတွင် ကစားနေသော အသက် ၂၇ နှစ်အရွယ်ရှိ အဆိုပါဂိုးသမားသည် တောင်အာဖရိကဘောလုံးအသင်း၏ နောက်ဆုံး အာဖရိကနိုင်ငံများဖလား ခြေစစ်ပွဲလေးပွဲတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ အဆိုပါနေအိမ်သို့ အမျိုးသားနှစ်ဦးဝင်ရောက်ပြီး သေနတ်နှင့်ပစ်သတ်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **ကောင်းမြတ်သူ-စုစည်းသည်**


## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

၂၆-၁၀-၂၀၁၄ရက် (Sedona Hotel)၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ မအားလပ်သည့်ကြားမှ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ဇနီးဒေါ်ခင်ခင်ဝင်းအားလည်းကောင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ် လက်စွပ်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်တို့အားလည်းကောင်း၊ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြင့်ငြိမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာအသီးသီးမှ လူကြီးမင်းများ၊ စန္ဒရားဒေါက်တာသိန်းမြင့်သန်းတေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မေတ္တာဖြင့်မင်္ဂလာတေးသီချင်းအား သီဆိုပေးပါသော Rဇာနည်နှင့် ဝိုင်းစုခိုင်သိန်း၊ မင်္ဂလာစုံတွဲတေးများမေတ္တာဖြင့် သီဆိုပေးပါသော အကယ်ဒမီအနုပညာရှင်များ ဖြစ်ကြသည့် ရန်အောင်၊ ရဲအောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ မျိုးသန္တာထွန်း၊ အိန္ဒြာကျော်ဇင်တို့အားလည်းကောင်း၊ မင်္ဂလာရှေ့ဆောင်လမ်းပြအဖြစ် သိမ့်ဝင်းထက်၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော ထက်မြတ်ဟန်၊ ရွှေမိုး၊ ငွေမိုးများရွာသွန်းပေးပါသော ဒေါက်တာဇင်ယယ်ယယ်စိန်၊ ကြည်လဲ့ရွှန်းကျော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော အိမ့်မှူးဇော်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မေသိမ့်နွယ်၊ သတို့သားအရံများအဖြစ်ကူညီပေးပါသော ဗိုလ်ကြီးကိုကိုနိုင်နှင့် ဗိုလ်ကြီးညီညီနိုင်၊ သတို့သမီးအရံများအဖြစ်ကူညီပေးပါသော ခိုင်သဇင်ညွှန့်နှင့် လူလူထက်တို့အားလည်းကောင်း၊ မင်္ဂလာပန်းဖဲကြိုးအား သယ်ဆောင်ပေးပါသော နန်းခင်ဇေယျာ၊ ဂုဏ်ရည်အေးကျော်၊ သွန်းဆက်၊ ပြုံးပွင့်သူတို့ အားလည်းကောင်း၊ မင်္ဂလာဝတ်စုံအား တီထွင်ဖန်တီးပေးပါသော ဒီဇိုင်နာမျိုးမင်းစိုး၊ နှစ်ဖက်မိဘများဝတ်စုံအား မေတ္တာဖြင့် ချုပ်လုပ်ပေးပါသော သဇင်ခင်နှင့် မမီးမီး၊ အလှမယ်များအား မေတ္တာဖြင့် ချုပ်လုပ်ပေးပါသော ယဉ်သူဆွေ၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော ဇာဇာသဲဦး Zar & Diamond Jewellery၊ သတို့သမီးဆံပင် မိတ်ကပ် ဆင်ယင်ခြယ်သပေးပါသော မေဦး၊ အလှမယ်များ ကူညီပေးပါသော ဦးချိုကြီး (Super Star)၊ ဓာတ်ပုံဗီဒီယို ရိုက်ကူးပေးပါသော ကိုအောင်ပြည့်စုံ (Black & White အဖွဲ့သားများ)နှင့် ကိုဝဏ္ဏခွာနီး၊ Pre-Wedding ဓာတ်ပုံများရိုက်ကူးပေးပါသော ကိုနိုင်နိုင်ထွန်း (Exposure)၊ ပန်းအလှဆင် အန်တီနီလာ (Eternal)၊ ဖိတ်စာများဆန်းသစ်တီထွင်ပေးပါသော Dagon Printing (၄၅လမ်းအဖွဲ့)၊ Sedona Hotel မှ မလီလီနှင့် ဝန်ထမ်းများ၊ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ရုံးမှဝန်ထမ်းများ၊ အောင်မြင်သူအဖွဲ့သားများ၊ ကားရပ်ရန်နေရာနှင့် ထိုင်ခုံနေရာ အခက်အခဲများအပေါ် ချစ်ခြင်းမေတ္တာအပြည့်ဖြင့် နားလည်ပေးကြသူများနှင့်တကွ ၂၆-၁၀-၂၀၁၄ ရက် အင်းလျားလိတ်ဟိုတယ် မြက်ခင်းပြင်တွင် ကျင်းပသော မင်္ဂလာညစာစားပွဲအား တက်ရောက်ပေး ပါသော မိတ်ဆွေသူငယ်ချင်းများ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ကိုဆန်းထွဋ်၊ မသဒ္ဒါကြည်ဖြူ၊ ဝတ်စုံအားလှပဆန်းသစ်စွာ တီထွင်ပေးပါသော မိုးကုတ်ပေါက်ပေါက်၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော ဒေါ်လှလှဝေ (Grade Diamond)၊ DJ သော်သော်နှင့် Sound Squard Bandအဖွဲ့နှင့်အတူ သီဆိုပေးပါသော တေးသံရှင်များ၊ အထူးသဖြင့် မင်္ဂလာပွဲကြီးအား အစမှအဆုံးတိုင် မေတ္တာဖြင့် ခမ်းနားလှပအောင် စီစဉ်ဆောင်ရွက်ပေးပါသော အန်တီဒေါ်မြတ်မြတ်ဦး (Royal Stars Event Planner Group)၊ ကျေးဇူးတင်ထိုက်သူအားလုံးနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်မောင်ကျော်ဘုန်းမြင့်- မဖူးဖူးဖေ**



## မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ

ဒုဗိုလ်မှူးကြီးယုခိုင်(ငြိမ်း)၊ ညွှန်ကြားရေးမှူး(စီမံ-အိမ်ရာ)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊

ဆောက်လုပ်ရေးဝန်ကြီးဌာန-ဒေါ်မူမူအေး(ခ)ဒေါ်မူမူမြင့်တို့၏သား

**စိုင်းကျော်ခန့်ယုခိုင် B.Sc (Maths)**

**နှင့်**

ရန်ကုန်မြို့နေ

ဦးမြင့်ဦး (GM-Active Asia Trading Co.,Ltd.)-ဒေါ်အေးအေးသန်းတို့၏


တစ်ဦးတည်းသောသမီး

**မဝင်းစန္ဒာဦး B.A (Business Management)**

တို့၏ ၂၆-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့)နေပြည်တော် ရွှေစံအိမ်ဟိုတယ် Jade Villa 18(A)ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးခြင်းနှင့် တက်ရောက်ချီးမြှင့်သြဝါဒမြွက်ကြားပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးနှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရအားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာချုပ်များ၊ အင်ဂျင်နီယာမှူးကြီးများနှင့် အင်ဂျင်နီယာမှူးများ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဗိုလ်သင်တန်း အပတ်စဉ်(၆၆)မှ အရာရှိကြီးများ၊ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးတို့အားလည်းကောင်း၊ မင်္ဂလာပွဲမတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်များချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပေးပါသော ရွှေစံအိမ်ဟိုတယ် အထွေထွေမန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**စိုင်းကျော်ခန့်ယုခိုင်-မဝင်းစန္ဒာဦး**

ကြော်ငြာ




PHASE II LAUNCHING SOON
ENHANCING THE MAGNIFICENCE OF GOLDEN CITY

Hotline:+95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar
Developer: Golden Land Real Estate Development Co., Ltd. Website: www.glredcl.com

GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS

# အညာသားယဉ်ကျေးမှု

**မောင်သာ(ရှေးဟောင်းသုတေသန)**

ကျွန်တော်ရေးသားလိုသော အညာသားယဉ်ကျေးမှုသည် မြန်မာနိုင်ငံ အထက်အညာဒေသတွင်နေထိုင်ကြသူ မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုကို ဆိုလိုခြင်းမဟုတ်ပါ။ လွန်ခဲ့သော နှစ်တစ်သန်းနီးပါးက မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သော ကျောက်ခေတ်လူသားတို့၏ ယဉ်ကျေးမှုတစ်စိတ်တစ်ဒေသကို ဖော်ညွှန်းသော အညာသားယဉ်ကျေးမှုဟုအမည်တွင်သည့် ကျောက်ခေတ်အပိုင်းအခြားတစ်ရပ်ကို ပြောလိုရင်းသာဖြစ်ပါသည်။

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်(ယခုရန်ကုန်တက္ကသိုလ်) ဘူမိဗေဒဌာန ပါမောက္ခဖြစ်ခဲ့သူ ဒေါက်တာညီညီက လူသားတို့၏သမိုင်းဦးကျောက်ခေတ်ကာလသည် ကျောက်ခေတ်ဟောင်း (Palaeolithic)၊ ကျောက်ခေတ်လယ် (Mesolithic) နှင့် ကျောက်ခေတ်သစ်(Neolithic) ဟူ၍ သုံးပိုင်းသာရှိသင့်ကြောင်းရေးသားခဲ့ဖူးပါသည်။ ထိုသို့ ကျောက်ခေတ်သုံးခေတ်ရှိရာတွင် မြန်မာနိုင်ငံ၌ ကျောက်ခေတ်ဟောင်းနှင့် ကျောက်ခေတ်သစ်သာရှိခဲ့ပြီး ကျောက်ခေတ်လယ်မရှိခဲ့ကြောင်း ထောက်ပြခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ကျောက်ခေတ်ကာလကို ပြည်ပမှ ပညာရှင်များက စူးစမ်းမှုများပြုလုပ်ခဲ့ရာ ၁၈၉၄ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ အိန္ဒိယဘူမိဗေဒတိုင်းတာရေးအဖွဲ့(The Geological Survey of India) မှ Dr.Noetling က ရေနံချောင်းမြို့အနီးတွင် ကျောက်လက်နက်တစ်ခုကို ပထမဆုံးအကြိမ်တွေ့ရှိခဲ့သည်။

မြန်မာ့ကျောက်ခေတ်အား စနစ်တကျလေ့လာမှုများကိုမူ ၁၉၃၇-၁၉၃၈ ခုနှစ်တို့တွင် အမေရိကန်ဘူမိဗေဒပညာရှင် Dr.H.de Tarra နှင့် ရှေးဟောင်းသုတေသနပညာရှင် Dr. H.L. Mouvius တို့ ဦးဆောင်သော အရှေ့တောင်အာရှ အမေရိကန်စူးစမ်းရေးအဖွဲ့(America Southeast Asia Expedition) အဖွဲ့က ပြုလုပ်ခဲ့ပါသည်။ အဆိုပါအဖွဲ့သည် မြန်မာနိုင်ငံ၏ကျောက်ခေတ်သစ်ယဉ်ကျေးမှုကိုဖော်ထုတ်ရန် ကြိုးပမ်းခဲ့ကြပြီး ဧရာဝတီမြစ်ရိုးတစ်လျှောက် သုတေသနပြုခဲ့ရာတွင် ခြောက်သွေ့ဇုန်ရှိ ဧရာဝတီမြစ်ဝှမ်းများတွင် ကျောက်ခေတ်ယဉ်ကျေးမှု အသုံးအဆောင်လက်နက်အကြွင်းအကျန်များကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

ကျောက်ခေတ်ယဉ်ကျေးမှုများတွေ့ရှိခဲ့ရသောဧရာဝတီမြစ်၏ မြစ်ပြုဆင့်များသည် မြေလတ်ပိုင်း၊ အညာဒေသများတွင် တည်ရှိသောကြောင့် ကျွန်တော်တို့ မြန်မာများခေါ်ဆိုသည့်အတိုင်း အညာဒေသကို ရည်ညွှန်းကာ အညာသားယဉ်ကျေးမှု (Anyathian Culture)ဟု အမည်ပေးရန် ထိုစဉ်က ရေနံချောင်းမြို့တွင် အစိုးရဘူမိဗေဒအရာရှိ တာဝန်ထမ်းဆောင်နေသော Mr.E.J.Bradshaw က Dr. H.L. Mouvius ကို အကြံပြုခဲ့ရာ Dr. H.L. Mouvius ကလည်း အညာသားယဉ်ကျေးမှု(Anyathian Culture)ဟုပင် အမည်ပေးခဲ့သည်။

ထိုအချိန်မှစ၍ မြန်မာနိုင်ငံ၏ ကျောက်ခေတ်ယဉ်ကျေးမှုကိုပြောကြတိုင်း အညာသားယဉ်ကျေးမှုဟုပင် ရည်ညွှန်းပြောဆိုကြပေသည်။

၁၉၃၇ ခုနှစ် မတ်လက အမေရိကန်ပြည်ထောင်စု ဖီလာဒေးလ်ဖီယား သဘာဝသိပ္ပံအကယ်ဒမီကဦးစီးလျက် နိုင်ငံတကာ ရှေးဦးလူသားများဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ခုကိုကျင်းပခဲ့သည်။ ရှေးဦးလူသားတို့၏ ဘူမိရက်စွဲစဉ်ကို အိန္ဒိယနိုင်ငံတွင်ပြုလုပ်ခဲ့ဖူးသော်လည်း ပိုမိုရှင်းလင်းတိကျသော ရက်စွဲစဉ်ရရှိနိုင်ရန် အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်သို့ တိုးချဲ့၍ တရုတ်နှင့်ဂျာဗားတို့တွင် ပြုလုပ်ဆောင်ရွက်ရန်လိုအပ်ကြောင်း သဘောတူညီခဲ့ကြသည်။ မြန်မာနိုင်ငံသည် အနောက်ဘက်တွင် အိန္ဒိယ၊ အရှေ့ဘက်တွင် တရုတ်၊ အရှေ့တောင်ဘက်တွင် ဂျာဗား၊ သုံးပွင့်ဆိုင်နယ်မြေ၏ အလယ်တွင် ဗျူဟာမြောက်တည်ရှိနေသည့်အတွက် ရှေးဦးလူသားတို့၏ အထောက်အထားများ ရှာဖွေရာတွင် များစွာအထောက်အပံ့ရနိုင်ကြောင်းလည်း သုံးသပ်ခဲ့ကြသည်။

ထို့ကြောင့် အဆိုပါနှီးနှောဖလှယ်ပွဲက မြန်မာနိုင်ငံသို့ စူးစမ်းရှာဖွေရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ရန်ဆုံးဖြတ်ခဲ့ပြီးနောက် အထက်တွင်ဖော်ပြခဲ့သည့် Dr.H.de Tarra နှင့် Dr. H.L. Mouvius တို့ ဦးဆောင်သော အရှေ့တောင်အာရှ အမေရိကန်စူးစမ်းရေးအဖွဲ့ (America Southeast Asia Expedition) သည် မြန်မာနိုင်ငံသို့ရောက်ရှိလာကာ ၁၉၃၇ ခုနှစ် နိုဝင်ဘာလမှ ၁၉၃၈ ခုနှစ် မတ်လအထိ ဧရာဝတီမြစ်ရိုးတစ်လျှောက် မကွေး၊ ရေနံချောင်း၊ စလေ၊ ချောက်၊ စဉ့်ကူး၊ ပုဂံ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ မင်းကွန်းနှင့်သပိတ်ကျင်းတို့တွင် ကျောက်ခေတ်သစ်ဆိုင်ရာ အထောက်အထားများကို ရှာဖွေခဲ့ကြသည်။

ယင်းအဖွဲ့သည် မြစ်ကြမ်းခင်းများကို စူးစမ်းလေ့လာကြရာတွင် ဧရာဝတီမြစ်၏ မြစ်ပြုဆင့်ငါးဆင့်ကိုဖော်ထုတ်နိုင်ခဲ့ကြသည်။ မြစ်ပြုဆင့်(၁) သည် ချောက်မြို့အနီး၊ လက်ရှိဧရာဝတီမြစ်ရေမှတ်၏အထက် ပေ ၁၀၀ မှ ၂၀၀ အကြားတွင် တည်ရှိသည်။ ယင်းနေရာမှ ရှေးဦးအညာသားယဉ်ကျေးမှု ကျောက်ခေတ်လက်နက် ၂၃ ခုကို တွေ့ရှိခဲ့ရသည်။ အထူးသဖြင့် ခြင်နောင်မတောင်တန်းနှင့် စလေမြို့အရှေ့ဘက်တို့တွင်တွေ့ရှိခဲ့သည်။ ယင်းကျောက်လက်နက် ၂၃ ခုသည် ဧရာဝတီမြစ်ဝှမ်းတွင်တွေ့ရှိရသော ကျောက်လက်နက်များတွင် သက်တမ်းအရင့်ဆုံးဖြစ်သည်။

အညာသားယဉ်ကျေးမှုကို အကြမ်းအားဖြင့် အစောပိုင်းအညာသား ယဉ်ကျေးမှုနှင့် နှောင်းပိုင်းအညာသား ယဉ်ကျေးမှုဟူ၍ နှစ်ပိုင်းခွဲခြားနိုင်သည်။ အစောပိုင်းအညာသားယဉ်ကျေးမှုကာလကို လွန်ခဲ့သော နှစ် ၇၅၀၀၀၀ မှ ၂၇၅၀၀၀ အကြားဟု ပညာရှင်များက သတ်မှတ်ကြသည်။

မြစ်ပြုဆင့်(၂)သည် လက်ရှိဧရာဝတီမြစ်ရေမှတ်၏ ပေ ၉၀ မှ ပေ ၁၄၀ အကြားတွင်လည်းကောင်း၊ မြစ်ပြုဆင့် (၃) သည် ပေ ၉၀ မှ ပေ ၁၀၀ အကြားတွင်လည်းကောင်း တည်ရှိနေကြပြီး ညောင်ဦးမြို့အနီးဝန်းကျင်ဧရိယာများတွင် ရှိနေသော မြစ်ပြုဆင့်(၃)၏ အောက်ပိုင်းမှ ကျောက်လက်နက် ၁၀၀ နီးပါးခန့်ကို သံခါတ်ကြွယ်ဝသော ကျောက်အကာသားများနှင့်အတူ ရှာဖွေတွေ့ရှိခဲ့သည်။

မြစ်ပြုဆင့်(၂)နှင့် မြစ်ပြုဆင့်(၃)ရှိ ကျောက်စရစ်လွှာများမှ ကျောက်လက်နက်အများဆုံးတွေ့ရှိခဲ့ရာ စုစုပေါင်း ၄၀၀ ခန့်ဖြစ်ပေသည်။ မကွေး၊ မင်းဘူး၊ ရေနံချောင်း၊ ချောက်၊ ပုဂံနှင့် ပခုက္ကူဒေသများဖြစ်သည်။ မြစ်ပြုဆင့် (၄) သည် လက်ရှိဧရာဝတီမြစ်ရေမှတ်၏ ၅၅ ပေမှ ၆၅ ပေအကြားတွင်တည်ရှိသည်။ အဆိုပါမြစ်ပြုဆင့်မှ ကျောက်ခေတ်ဟောင်း နောက်ဆုံးကာလ အသုံးအဆောင်များကိုရရှိခဲ့သည်။

မြစ်ပြုဆင့် (၅) သည် လက်ရှိဧရာဝတီမြစ်ရေမှတ်၏ အထက် ပေ ၄၀ အထက်တွင်ရှိခဲ့ပြီး ကျောက်ခေတ်သစ်လက်နက်များကိုတွေ့ရှိခဲ့ပေသည်။ မြစ်ပြုဆင့်(၅)၏ နုန်းနှင့်သဲတို့ဖွဲ့စည်းမှုသည် စဉ့်ကူးနှင့်မကွေးတို့မှ နုန်းသဲများနှင့် တူညီနေကြောင်းလည်း တွေ့ရှိရပေသည်။

လွန်ခဲ့သော နှစ်တစ်သန်းလောက်က ဧရာဝတီဖြစ်၏ အရှေ့ဘက်ကမ်းသည် ပုပ္ပားတောင်နေရာဖြစ်မည်ဟု သမိုင်းပညာရှင်ဆရာကြီး ဒေါက်တာသန်းထွန်းက ခန့်မှန်းခဲ့ပါသည်။ ဘူမိဖြစ်စဉ်ပြောင်းလဲလာမှုများကြောင့် နှစ်ပေါင်းတစ်သန်းကျော်အကြာ ယခုအခါတွင် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းသည် ညောင်ဦးမြို့အထိ ရောက်ရှိနေပြီဖြစ်သည်။

ထိုကာလများက ကျောက်ခေတ်လူသားတို့ နေထိုင်ခဲ့ရာနေရာများသည် ကမ်းပါးအတွင်းပိုင်းသို့ရောက်ရှိနေခဲ့ပြီဖြစ်ပေသည်။ ကျောက်ခေတ်လူသားတို့ပြုလုပ်သုံးစွဲခဲ့သော ကျောက်လက်နက်တို့သည်လည်း မြစ်ပြုဆင့်များအတွင်း ကျန်နေရစ်ခဲ့ခြင်းဖြစ်ပေသည်။

အညာသားယဉ်ကျေးမှုကို အကြမ်းအားဖြင့် အစောပိုင်းအညာသားယဉ်ကျေးမှုနှင့် နှောင်းပိုင်းအညာသား ယဉ်ကျေးမှုဟူ၍ နှစ်ပိုင်းခွဲခြားနိုင်သည်။ အစောပိုင်းအညာသားယဉ်ကျေးမှုကာလကို လွန်ခဲ့သော နှစ် ၇၅၀၀၀၀ မှ ၂၇၅၀၀၀ အကြားဟု ပညာရှင်များက သတ်မှတ်ကြသည်။ ထိုကာလကလူများသည် ယခုမျက်မှောက်ခေတ် လူသားအဆင့်မရောက်သေးသော မတ်မတ်သွားကနဦးလူ (Homo erectus)များဖြစ်ကြပြီး သူတို့နေထိုင်သည့်ကာလသည် လွန်ခဲ့သော နှစ်လေးသိန်းခန့်က ဖြစ်နိုင်သည်ဟု ယူဆကြပါသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံမှ ကျောက်ခေတ်လက်နက်၊ အသုံးအဆောင်များကို တွေ့ရှိခဲ့ရာတွင်အဓိကအားဖြင့် ကျောက်လက်နက် လေးမျိုးကို တွေ့ရှိခဲ့ရသည်။ ခုတ်ထစ်ကိရိယာ(Choppers)၊ ခုတ်စဉ်းကိရိယာ(Chopping Tools)၊ ကျောက်ပဲခွပ် (Hand Adzes)နှင့် ကျောက်ခြစ် (Scrapers) တို့ဖြစ်ကြသည်။ ယင်းတို့ကို ဆီလီကာများသောမီးတောင်ကျောက်များ အင်ကြင်းကျောက်များနှင့် ပြုလုပ်ထားသည်ကိုတွေ့ရှိရသည်။ သို့သော်လည်း ထိုအချိန်ကာလတွင် နေထိုင်ခဲ့ကြသည့် လူသားများ၏ ရုပ်ကြွင်းများကိုမူ မတွေ့ရှိခဲ့ကြပါချေ။

သမိုင်းမတင်မီ ရှေးပဝေသဏီကာလကတည်းကပင် မြန်မာနိုင်ငံတွင်လူသားများနေထိုင်ခဲ့ကြသည့် အထောက်အထားများအဖြစ် အဆိုပါကျောက်လက်နက်များက သက်သေပြလျက်ရှိရာ လူသားတို့၏ကျောက်ဖြစ်ရုပ်ကြွင်းများအဖြစ် ကျန်ရှိနေနိုင်သည့် ရှေးဦးကျောက်ခေတ် မြန်မာလူသား သို့မဟုတ် ယင်းတို့၏ ဦးခေါင်းခွံ၊ သွား၊ ပေါင်ရိုးအစရှိသည့် ခန္ဓာကိုယ်အစိတ်အပိုင်းရုပ်ကြွင်းများကို ရှာဖွေဖော်ထုတ်နိုင်မည်ဆိုပါက ကျောက်ခေတ်မြန်မာနိုင်ငံသားတို့၏ သမိုင်းမတင်မီပုံရိပ်များကို ယခုထက်ပို၍ ပီပြင်စွာဖော်ပြနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်မိပါသည်။ ။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၈၆၉၆၀၊ Hibao 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူသင်း ၉/ပကခ(နိုင်)၀၁၂၃၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနု၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၀၄၉၈၊ Honda C90 Custom MC ယာဉ်လက်ဝယ်ရှိသူ ဦးနာရေနွရာ ၁၃/ကမန(နိုင်)၀၀၁၀၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနု၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၂၄၈၇၂၊ Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိဖြိုးဝင်း ၉/အမရ(နိုင်)၁၁၉၅၇၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနု၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၂၄၅၀၊ Honda C90 Custom MC ယာဉ်လက်ဝယ်ရှိသူ ဦးတင်မျိုးထွန်း ၉/မဟမ(နိုင်)၀၀၄၃၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနု၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ဖခင်အမည်မှန်**

ကျွန်းလှမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ နဝမတန်း(E)မှ မောင်အောင်ခန့်စိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝေ ၅/ကလန(နိုင်)၀၀၂၂၀၄ ဖြစ်ပါကြောင်း။

**ဦးမြင့်ဝေ**

**မန္တလေးတိုင်းဒေသကြီး၊**
**ကျောက်ပန်းတောင်းမြို့ စိတ္တပါလဂူကျောင်း**

## စာသင်တိုက်-ထွက် တပည့်သံဃာတော်များသို့ လျှောက်ထားခြင်း

**ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်သူမြတ်တို့ဘုရား။**

ကျောက်ပန်းတောင်းမြို့ စိတ္တပါလဂူကျောင်း စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တလာဘ(မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)အမှူးပြုသော စာချနာယကဆရာတော်တို့အား စိတ္တပါလဂူကျောင်း စာသင်တိုက်၌ သီတင်းသုံး၍ ပရိယတ္တိစာပေများကို လေ့လာဆည်းပူးသင်ကြားခဲ့ဖူးသော အနယ်နယ်အရပ်ရပ်ရှိ တပည့်သံဃာတော်ဟောင်းများက ဒုတိယအကြိမ်မြောက်အဖြစ်ဖြင့် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်ဘုရား။ တပည့်သံဃာတော်များအနေဖြင့် အာစရိယပူဇော်ပွဲကို မပျက်မကွက်ကြွရောက်ပူဇော်နိုင်ပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် သံဃာတော်အရှင်မြတ်တို့ဘုရား။ ဆင့်ကဲ ဆင့်ကဲအကြောင်းပေးတော်မူပါဘုရား။

**ပူဇော်ပွဲကျင်းပမည့်ရက်** - ၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၆-၁၁-၂၀၁၄ရက်)၊ တနင်္ဂနွေနေ့ (အမျိုးသားနေ့)
**နေရာ** - စိတ္တပါလဂူကျောင်းစာသင်တိုက်၊ ရွှေနဒီဓမ္မဗိမာန်တော်
**မှတ်ချက်** - တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်နေ့ ညကျိန်းစက်အမီ ကြွတော်မူကြပါဘုရား။

**(သီးခြားပင့်စာမပို့ပါ)**

## နှစ်ဦးသဘောတူကွာရှင်းပြီးစီးခြင်း

ကောလင်းမြို့၊ မြောက်အင်းရပ်နေ ကျွန်တော် ကိုဇော်မင်း ၅/ကလတ(နိုင်)၀၀၆၇၇၀ နှင့် ၄င်းရပ်နေ မခင်ညွန့် ၁/မကတ(နိုင်)၀၀၀၄၅၁ သည် ၁၂-၁၁-၂၀၁၂ရက်တွင် ကောလင်းမြို့နယ်တရားရုံး၌ တရားဝင်ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မခင်ညွန့်နှင့်ပတ်သက်သည့်ကိစ္စအဝဝ ကျွန်တော်နှင့် လုံးဝသက်ဆိုင်မှုမရှိပါကြောင်း။

**ကိုဇော်မင်း ၅/ကလတ(နိုင်)၀၀၆၇၇၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၁၀-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၆)ပါ အထက(ကင်းမော်)၊ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ ကြော်ငြာတွင် အလှူငွေထည့်ဝင်ရန် Bank Acc:KBZ 0911229008177 အစား Bank Acc: KBZ 0911220008173 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 7B/5022 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်မြင့် ၉/အမဇ(ဧည့်)၀၀၀၀၁၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညနု၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၅၆၅၂၃၊ Honda C90 Custom,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်းညို ၉/မရတ(နိုင်)၀၅၁၃၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနု၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၈၈၈၃၂၊ Suzuki Viva 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာမောင် ၉/မဟမ(နိုင်)၀၁၂၉၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနု၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ပျောက်ဆုံးကြောင်း**

ဗိုလ်ကြီးကျော်ထူးအောင် ၁၂/သကတ(နိုင်)၁၂၇၆၆၂၏ GSM ဖုန်း-၀၉-၅၁၈၀၀၂၂ နှင့်ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန် ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၅၂၁၁၂၅၅**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# မြို့ဒိုက်ဦး နှစ်ကျိုပ်ရှစ်ဆူဘုရားပွဲ စည်ကားစွာ ကျင်းပမည်

**ဒိုက်ဦး အောက်တိုဘာ ၂၇**

ဒိုက်ဦးမြို့တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော် ကျင်းပတော့မည်ဖြစ်သည်။ ထိုပွဲတော်ကြီးကို ရိုးရာအစဉ်အလာမပျက် ခေတ်အဆက်ဆက် လက်ဆင့်ကမ်း ကျင်းပလာသည်မှာ ယနေ့အထိပင်ဖြစ်သည်။ ယခုနှစ်တွင်လည်း ဒိုက်ဦးမြို့နယ် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကို အောက်တိုဘာ ၃၁ရက်(၁၃၇၆ ခုနှစ် တန် ဆောင်မုန်းလဆန်း ၉ ရက်) မှ နိုဝင် ဘာ ၇ ရက် (တန်ဆောင်မုန်း လပြည့်ကျော် ၁ ရက်အထိ) ရှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။

(၉၂)ကြိမ်မြောက် ဒိုက်ဦးမြို့နယ် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ ဒေသစာရီ လှည့်လည်ပူဇော်ပွဲကို နိုဝင်ဘာ ၇ ရက် ညနေ ၃ နာရီမှ ည ၉ နာရီခွဲအထိ မြို့တွင်းသို့ ဒေသစာရီကြွချီ လှည့်လည် အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်အပူဇော်ခံမှုတွင် ဘုရားပင့်ဆောင်လှည့်လည် ပူဇော်ကန်တော့ခံယာဉ်၊ လှူဆော်ပြန်ကြားရေးယာဉ်၊ စည်တော်ယာဉ်၊ စုစုပေါင်း မော်တော်ယာဉ် ၆၁ စီးဖြင့် လှည့်လည်အပူဇော်ခံမည်ဖြစ်သည်။ "ယခုအချိန်က ပွဲတော်ကျင်းပဖို့ သိပ်မလိုတော့တဲ့ကာလဖြစ်တာမို့ ဒိုက်ဦးမြို့ ဒေသခံတွေ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်အတွက် စတင်လှုပ်ရှားနေကြပြီဖြစ်ပါတယ်။ ဒိုက်ဦးမြို့ မင်းလမ်း ဦးမဲကြီးတာဆုံမှာ ဖျော်ဖြေရေးဇာတ်စင်တည်ဆောက်ထားပြီး မင်းလမ်း၊ စာတိုက်လမ်းနေရာတွေမှာ စားသောက်ဆိုင်တန်း၊ အထည်တန်း၊ လူသုံးကုန်ပစ္စည်းတန်း စသည်ဖြင့် ဆိုင်ခန်းတွေကို ရောင်းကုန်အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ကာ စနစ်တကျ နေရာချထားပေးမှာဖြစ်ပြီး သတ်မှတ်စည်းကမ်းချက်များနဲ့အညီ ဖွင့်လှစ်ရောင်းချခွင့်ပြုမှာဖြစ်ပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူးကပြောသည်။




တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်အတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် ပွဲတော်ကျင်းပရေးကော်မတီ၊ ဖျော်ဖြေရေး၊ ဆိုင်ခန်းများ နေရာချထားရေး၊ လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီများကိုလည်း ဖွဲ့စည်းပေးထားပြီဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ရှင်းပြသည်။

ယခုနှစ်တွင် ယခင်နှစ်များကဲ့သို့ ခြင်းအလှခတ်၊ အငြိမ့်၊ ကာရာအိုကေများဖြင့် အစဉ်အလာမပျက် ထည့်သွင်းကာ ခြိမ့်ခြိမ့်သဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲဓမ္မသဘင်အဖြစ် နိုဝင်ဘာ ၉ ရက်မှ ၁၉ ရက်အထိ မြို့နယ်သာသနာ့ဗိမာန်၌ ညစဉ် ၇ နာရီမှ စတင်ကာ ဓမ္မကထိကဆရာတော် ၁၁ပါးက အလှည့်ကျတရားချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ရန်အောင်ထွန်း(ပိန်းဇလုပ်)**

# မလှိုင်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ကွင်းသရုပ်ပြ

**မလှိုင် အောက်တိုဘာ ၂၇**

မလှိုင်မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် REVEAL စီမံကိန်းတို့ ပူးပေါင်းကျင်းပသော တောင်သူပညာပေး မိုးနှောင်းချည်မျှင်ရှည်ဝါ ရွှေတောင်(၈)နှင့် ငွေချည်(၉)ဝါအထွက်တိုး စိုက်ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၂၄ ရက်က ဆည်တောကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲသို့ မိတ္ထီလာခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်နှင့် စိုက်ပျိုးရေးအဖွဲ့ဝင်များ၊ REVEAL စီမံကိန်းမှ GP အဖွဲ့ဝင်များ၊ မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ရှိသူများ၊ ဆည်တောကျေးရွာ၊ လိပ်ခွဲကျေးရွာ၊ သပြေပင်ကျေးရွာများမှ ဝါစိုက်တောင်သူများနှင့် REVEAL စီမံကိန်းကျေးရွာများမှ တောင်သူများ တက်ရောက်ခဲ့ကြသည်။



အဆိုပါအခမ်းအနားကို ဆည်တောကျေးရွာအနီး ကွင်းအမှတ်(၁၆၃)တွင် စိုက်ပျိုးထားသော တောင်သူဦးစိုးအောင်၏ မိုးနှောင်းချည်မျှင်ရှည်ဝါအထွက်တိုး စိုက်ခင်း၌ကျင်းပခဲ့ပြီး မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနဒုတိယမြို့နယ်ဦးစီးမှူး ဦးခင်မောင်ကြည်က ရွှေတောင်(၈)ဝါနှင့် ငွေချည်(၉)ဝါ အထွက်နှုန်းကောင်းမွန်ပုံ၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ သုံးစွဲမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော တောင်သူများက သိလိုသည့်အချက်များကို မေးမြန်းခဲ့ရာ ဒုတိယမြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်း တင်ပြဆွေးနွေးခဲ့ကြောင်းသိရသည်။ **အောင်ဌေး(မလှိုင်)**

# ရဲလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၇**

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုမှ ယုံကြည်အားကိုးမှုရရှိစေရန်တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ရဲလုပ်ငန်းနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်သန်းက ၂၀၁၄ ခုနှစ်တွင် ဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့၏ ရဲလုပ်ငန်းများနှင့် ပတ်သက်၍ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိ တရားခံပြေးများ၊ အခြားခရိုင်၊ အခြားမြို့နယ်များမှ မိမိနယ်မြေအတွင်း ခိုအောင်းရောက်ရှိနေသော တရားခံပြေးဖမ်းဆီးရမိရေး ဆောင်ရွက်မှုနှင့် ဖမ်းဆီးရမိမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ဆိပ်ကမ်းမြို့နယ်အတွင်း ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အမှုကြီးအခြားအမှု၊ ကြိုတင်ကာကွယ်မှုများ သုံးနှစ်တာကာလနှိုင်းယှဉ်၍ ရှင်းလင်းဖော်ပြပြီး ဖြစ်ပွားမှုမရှိသေးသောအမှုနှင့် ဖော်ထုတ်ဆဲအမှုများနှင့်ပတ်သက်၍ ပြည်သူလူထုမှ ပူးပေါင်းကူညီဆောင်ရွက်ရန် အခြေအနေတို့ကို ဆွေးနွေးတင်ပြရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များ၊ ရပ်ကွက်အတွင်းနေ ပြည်သူများ၏ တာဝန်ဝတ္တရားများနှင့် အခွင့်အရေးများ၊ ရပ်ကွက်အုပ်ချုပ်ရေးဥပဒေပါ ရဲတာဝန်များဖြင့် ပူးပေါင်းဆောင်ရွက်ရန် နည်းလမ်းများကို ဆွေးနွေးတင်ပြသည်။ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့လုပ်ငန်းနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့နယ်အတွင်းရှိ ရပ်ကွက်သုံးခုမှ အုပ်ချုပ်ရေးမှူးများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသည့် သတင်းမီဒီယာမှ သတင်းထောက်များ တက်ရောက်ကြကြောင်း သိရသည်။ **အောင်သူရ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**

**ငါးဇွန်မြို့နယ်တရားရုံးတော်၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၃**

မခင်မာမြင့် (ပါ-၃ဦး) **နှင့်** ဦးကျော်ဌေးပါ (၂၃ ဦး)

**တရားလိုများ** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ ငါးဇွန်မြို့နယ်၊ မြို့သာအနောက်ရွာနေ တရားပြိုင်အမှတ်(၁၄) ဦးအောင်အေးထွေး (ဘ) ဦးလှမြင့်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တရားလိုများက မြန်မာ့ဝေ့ထုံးတမ်းဥပဒေအရ အမွေအုပ်ထိန်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၀ရက် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**တင့်တင့်စန်း(တ/၁၉၄၂)**
**မြို့နယ်တရားသူကြီး**
**ငါးဇွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**

**လားရှိုးမြို့နယ်တရားရုံးတော်၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၅**

ဒုရဲမှူးနိုင်ထန်းမနား **နှင့်** ဦးအိုက်နပ်

**တရားလို** **တရားပြိုင်**

ဦးအိုက်နပ်၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ လားရှိုးမြို့နေ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒုရဲမှူးနိုင်ထန်းမနားက ကျူးကျော်ဆောက်လုပ်ထားသော တဲအိမ်အား ဖျက်သိမ်းပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၃ရက် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဒေါ်သဉ္ဇာမြ**
**ဒုတိယမြို့နယ်တရားသူကြီး၊ လားရှိုးမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၇၃၉၅၂ ၏ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံးသွားပါသဖြင့် မိတ္တူထုတ်ပေးရန် လျှောက်ထားလာ၍ ကန့်ကွက်လိုသူများရှိပါက အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၀၂**

ဒေါ်နီလာဝင်း **နှင့်** ဒေါ်နီလာသန်း

**တရားလို** **တရားပြိုင်**

ဒေါ်နီလာသန်း ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ဟော်ကုန်းရပ်၊ အောင်ဇေယျာလမ်း၊ အမှတ်(၆၇) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နီလာဝင်းက ငွေကျပ်သိန်း(၄၅၀)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၈ရက် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

**ပြည်တွင်းသတင်းနှင့် ကြော်ငြာ**

# နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို ရန်ကုန်မြို့ သိမ်ဖြူအားကစားခန်းမ၌ ယှဉ်ပြိုင်ထိုးသတ်မည်

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာ့ရိုးရာလက်ဝှေ့ အစည်းအရုံး၏ စီစဉ်မှုဖြင့် နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး (International Challenge Fight) ကို နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူ အားကစားခန်းမ၌ ကြီးကျယ်ခမ်းနားစွာ ကျင်းပသွားမည် ဖြစ်သည်။




အဆိုပါ လက်ဝှေ့ပွဲကြီးတွင် မြန်မာ၊ ဥဇဘတ်ကစ္စတန်၊ ထိုင်း၊ ကနေဒါ၊ ဘရာဇီးလ်၊ မွန်ဂိုလီးယား၊ ဖိလစ်ပိုင်နိုင်ငံများမှ ရိုးရာလက်ဝှေ့ ကျော်များ ပါဝင်ထိုးသတ်ကြမည် ဖြစ်သည်။

တွဲဆိုင်းများအနေဖြင့် ထွန်းထွန်းမင်း(မြန်မာ) မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ အလွတ်တန်း ချန်ပီယံ ၂၀၁၃ မွေထိုင်းရွှေတံဆိပ်ဆုရှင်နှင့် တူတာဘိုဗ် (ဥဇဘတ်ကစ္စတန်) ၂၀၁၄ ထိုင်းချန်ပီယံ (၇၅ ကီလိုတန်း)၊ တူးတူး(မြန်မာ) ၂၀၁၃ မွေဆီးဂိမ်း ရွှေတံဆိပ်ဆုရှင်၊ ၂၀၁၂ အာရှမွေ ရွှေတံဆိပ်ဆုရှင်နှင့် မက်သရူး (ကနေဒါ) ၂၀၁၃ WMC ချန်ပီယံ (၇၁ ကီလိုတန်း)၊ သပြေညို (မြန်မာ) ၂၀၁၂ ဒဂုံ ရွှေအောင်လံ ငွေတံဆိပ် ဆုရှင်နှင့် နာရွှန်ချိုင်း (၂၀၁၃ လုံဗနီချန်ပီယံ) (၆၅ ကီလိုတန်း)၊ ကျားပေါက်(မြန်မာ)နှင့် ရာဖေးလ် (ဘရာဇီးလ်) (၆၃ ကီလိုတန်း)၊ စောအယ်လေး(မြန်မာ)နှင့် ဘတ်ဘာယာ (မွန်ဂိုလီးယား) (၆၅ ကီလိုတန်း)၊ မိုးဟိန်း(မြန်မာ)နှင့် ဂျိုနယ် (ဖိလစ်ပိုင်) (၅၇ ကီလိုတန်း)၊ ရဲမြတ်အောင် (မြန်မာ) ၂၀၁၃ ဒဂုံရွှေအောင်လံ ရွှေတံဆိပ်ဆုရှင်နှင့် ဘီယွန်ဒီ ဖိလစ်ပိုင်(၆၂ ကီလိုတန်း)တို့ အတွဲများပင် ဖြစ်သည်။

တွဲဆိုင်းများကို လေ့လာကြည့်လျှင် ဘက်တူသူချင်းသာ ထိုးသတ်ရန် ရွေးချယ်ထားပြီး ၇၅ ကီလိုတန်းမှ ၅၇ ကီလိုတန်းထိ ပါဝင်သည်ကို လေ့လာသိရှိရသည်။

ထွန်းထွန်းမင်း(မြန်မာ) နှင့် တူတာဘိုဗ်(ဥဇဘတ်ကစ္စတန်) တို့ နှစ်ဦးစလုံးသည် ၇၅ ကီလိုရှိပြီး ပြိုင်ဘက်နှစ်ဦးစလုံးသည် ၂၂ နှစ်သာ ရှိကြသေးသည်။

ထွန်းထွန်းမင်း(မြန်မာ)သည် လက်ရှိ မြန်မာပြည်ချန်ပီယံဖြစ်သလို ၂၀၁၃ ဆီးဂိမ်းမွေရွှေတံဆိပ်ဆုရှင်လည်းဖြစ်သည်။သူနှင့်ယှဉ်ပြိုင်ရမည့် တူတာဘိုဗ်(ဥဇဘတ်ကစ္စတန်) တို့ အတွဲသည် အလွန်ကြည့်ကောင်းမည့် အတွဲဖြစ်သလို အခြားတွဲဆိုင်း များသည်လည်း အသည်းတထိတ်ထိတ် ရင်တမမကြည့်ရမည့် ပွဲကြီး ပွဲကောင်းများဖြစ်သည်။ နိုင်ငံတကာ ရိုးရာလက်ဝှေ့ပွဲမစတင်မီ မျိုးဆက်သစ်စိန်ခေါ်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ပွဲကြည့်ခွင့် လက်မှတ်များကို မြန်မာနိုင်ငံ လက်ဝှေ့အစည်းအရုံး အမှတ်(၁၈) မန္တလေးလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၉၀၂၂ တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ပြီး လက်မှတ်နှုန်းထားများမှာ ငွေကျပ်ငါးသောင်း၊ သုံးသောင်း၊ နှစ်သောင်းနှင့် တစ်သောင်းဖြစ်ပြီး အဓိကကူညီ ပံ့ပိုးပေးသူမှာ 100 Plus မှ ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ကူးစက်မြန်အီဘိုလာရောဂါအကြောင်း ဟောပြော

**လယ်ဝေး အောက်တိုဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့တွင် ကူးစက်မြန် အီဘိုလာ အကြောင်းဟောပြောခြင်းနှင့် လက်ဆေးခြင်းအဆင့် (၆)ဆင့် လက်တွေ့ သရုပ်ပြခြင်းကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီက အမှတ် (၆) ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်လှလှကြည်က အီဘိုလာဗိုင်းရပ်စ်ရောဂါကဲ့သို့ ကူးစက်မြန်ရောဂါများကို လက်ဆေးခြင်းဖြင့် ကာကွယ်ခြင်းအကြောင်း ပညာပေး ဟောပြောပြီး လက်ဆေးခြင်းအဆင့် (၆) ဆင့်ကို လက်တွေ့သရုပ်ပြသခဲ့သည်။

အခမ်းအနားသို့ ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာစုစုထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကို(ပျဉ်းမနား)**

## မြို့နယ်ကျောင်းကျန်းမာရေးအဖွဲ့ ကွင်းဆင်းဆောင်ရွက်

**ရေနံချောင်း အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ စာသင်ကျောင်းများတွင် ကျောင်းကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက လက်မှတ်ကုန်းရပ်ကွက်ရှိ အမှတ် (၁၃) အခြေခံပညာမူလတန်းကျောင်းနှင့် ပျားကြီးတောင်ရပ်ကွက်ရှိ အမှတ်(၁၅) မူလတန်း ကျောင်းတို့တွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေဝေလွင် ဦးစီးသောအဖွဲ့နှင့် ဒေါက်တာဖြိုးဖြိုးဟန်၊ ဒေါက်တာနိုင်ဝင်းသိန်း လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်မြင့်မြင့်ဆွေတို့ ဦးစီးသော ကျောင်း ကျန်းမာရေးအဖွဲ့တို့သည် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကလေးများတစ်ကိုယ်ရေသန့်ရှင်းရေး၊ ယင်လုံအိမ်သာအကြောင်း သိကောင်း စရာများနှင့် ခြင်နှင့် သန်ကောင်တို့၏ လူကိုဒုက္ခပေးတတ်သော ဆိုးကျိုးများ အကြောင်းကို ကျောင်းသား ကျောင်းသူ ၆၀ အား ရှင်းလင်းဟောပြောခဲ့ကြပြီး ကလေးသူငယ်များ၏ ကျန်းမာရေး၊ သွားနှင့် ခံတွင်းကျန်းမာရေးတို့ကို ကြည့်ရှုစစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းငြိမ်းအိ**



# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လဟယ်၌ ပေးအပ်

**လဟယ် အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ရန်စီကျေးရွာနှင့် လောက်လိုင်ကျေးရွာတို့တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ စီ ပေးအပ်ပွဲ အခမ်းအနားများကို အောက်တိုဘာလဆန်းပိုင်းတွင် အဆိုပါ ကျေးရွာများ၌ ကျင်းပခဲ့သည်။

မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားများသို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးစန်းမင်းနှင့် အဖွဲ့ဝင်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာနေ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

စီမံကိန်းရန်ပုံငွေ ပေးအပ်ပွဲ အခမ်းအနားတွင် ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌက နိုင်ငံတော်မှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆင်းရဲမှုလျှော့ချနိုင်ရေးရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နာဂဒေသတွင် မြစိမ်းရောင်စီမံကိန်း ကျေးရွာငါးရွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းချေးငွေဖြင့် ဒေသခံပြည်သူများ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေအား အရင်းမပျောက် တိုးပွားလာစေရေး အုပ်စုဖွဲ့ကြီးကြပ်ဆောင်ရွက်သွားရန် နှင့်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ကဏ္ဍတူအုပ်စုဖွဲ့ဆောင်ရွက်သွားကြရန်၊ ချေးငွေမှရရှိသည့် အကျိုးအမြတ်အား ဒေသဖွံ့ဖြိုးရေးတွင် အကျိုးရှိရှိ အသုံးပြုဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းများအဖြစ် လဟယ်မြို့နယ်တွင် ဂဟုန်းကျေးရွာနှင့် ဟွေကွန်ကျေးရွာ၊ လေရှီးမြို့နယ်တွင် မိုဒွန်ရွာမကျေးရွာ၊ နန်းယွန်းမြို့နယ်တွင် ရန်စီကျေးရွာနှင့် လောက်လိုင်ကျေးရွာတို့တွင် တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီဖြင့် ချေးငွေများ ထုတ်ချေးပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူလိုတာလုပ်ဖို့ရာ ကျရာအခွင့်ပေးဆောင်ပါ


**ပြည်ထဲရေးဝန်ကြီးဌာန**
**အကျဉ်းဦးစီးဌာန**
**ပဲခူးအကျဉ်းထောင်သစ်တည်ဆောက်ရန်အတွက်**
**မြေနေရာပြုပြင်ခြင်းနှင့် မြေနေရာရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်တွင် ပဲခူးအကျဉ်းထောင်သစ်တည်ဆောက်ရန်အတွက် မြေနေရာပြုပြင်ခြင်းနှင့် မြေနေရာရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ဒါ အဆိုပြုလွှာတင်သွင်းထားသော ကုမ္ပဏီများအနက် ပဏာမအောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၂၈-၁၀-၂၀၁၄ရက်တွင် ပြည်ထဲရေး ဝန်ကြီးရုံး၊ (ရုံးအမှတ်၊ ၁၀)ရှေ့ရှိ မူလတန်းကြိုကျောင်းတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။
၂။ ဈေးနှုန်းတင်သွင်းခြင်းနှင့် ဈေးနှုန်းဖွင့်ဖောက်ကြေညာခြင်းကို ၃၁-၁၀-၂၀၁၄ ရက် နံနက် ၁၀နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အရိန္ဒမာခန်းမ၊ နေပြည်တော်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်- ဖုန်း-၀၆၇-၄၃၁၄၂၆၊ ၀၆၇-၄၃၁၄၂၀၊ ၀၉-၅၀၂၂၉၃၂

**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**



### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ရုံးသုံးကွန်ပျူတာ၊ ဆက်စပ်ပစ္စည်းများ၊ မိတ္တူကူးစက်များ၊ ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။
၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့်ပစ္စည်းကိရိယာများအသေးစိတ်စာရင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ အုပ်စု(၁)၊ အားကစားလေ့ကျင့်ရေးစခန်း၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၈၁၀၃၃၄၅သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါရောင်းချမည့်ရက်** - ၂၉-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၄-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၅:၀၀ နာရီ

**ပစ္စည်းဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကြီးကြပ်မှုကော်မတီ**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး**



### (၁၃)ကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

အထက ပေါင်းတလည်မြို့၏ သက်ကြီးအာစရိယပူဇော်ပွဲကို နှစ်စဉ် ကျင်းပမြဲဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက် အမျိုးသားအောင်ပွဲနေ့ ၁၆-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း နဝဒေးခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဆက်သွယ်လှူဒါန်းလိုပါက ဦးဝင်းဆွေ(ရန်ကုန်) ဖုန်း-၀၉-၇၃၀၉၄၄၅၃၊ ဦးရန်နိုင်ဝင်း(ရန်ကုန်) ဖုန်း-၀၉-၅၀၄၁၅၈၃၊ ဦးထင်လင်းသူ(နတ်တလင်း) ဖုန်း-၀၉-၅၃၆၆၃၆၆၊ ဦးလှခိုင်ဇော်(ပြည်) ဖုန်း-၀၉-၄၉၅၀၀၂၄၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**သက်ကြီးအာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**



**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**ဇီဝနည်းပညာသုတေသနဦးစီးဌာန**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာနအတွက် လိုအပ်သော အောက်ပါပစ္စည်းများ ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (1) | NaOH(25kg) | 265 bags |
| (2) | HCL (25kg) | 185 nos |
| (3) | Steel Tank (Grade 316L) | 4 nos |

(အချင်း ၂' ခွဲနှင့် ၄' အမြင့်ရှိ ဒေါက်သုံးခုပါစတီးအိုး)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၇-၁၀-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဤဦးစီးဌာန၏ ငွေစာရင်းဌာန(ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၇-၁၁-၂၀၁၄ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ငွေစာရင်းဌာန(ကျောက်ဆည်)**
**ဖုန်း-၀၆၆-၅၀၅၉၈၊ ၀၆၆-၅၀၆၀၆**



**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နေပြည်တော် ကောင်စီနယ်မြေ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် ကျေးလက်ရေပေးရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်အိမ်ရာ ဆောက်လုပ်ရေးနှင့် ကျေးလက်အိမ်သာတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို အောက်ပါ အစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၇-၁၀-၂၀၁၄ ရက်မှ ၁၉-၁၁-၂၀၁၄ ရက်ထိ
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၀-၁၁-၂၀၁၄ ရက်၊ ၁၆:၀၀ နာရီ
(ဂ) **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)

၂။ အသေးစိတ်သိရှိလိုပါက ဤဦးစီးဌာန၏ ဖုန်း-၀၆၇-၄၀၉၂၁၅၊ ၀၆၇-၄၀၉၀၂၉၊ ၀၆၇-၅၅၀၃၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ရုံးအမှတ်(၁၄)၊ နေပြည်တော်**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# မြိတ်မြို့ ဆိပ်ငယ်ဈေးကြီးတွင် မီးငြှိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်




**မြိတ် အောက်တိုဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ဈေးကြီးတွင် မီးငြှိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို အောက်တိုဘာ ၂၆ ရက် နံနက် ၇ နာရီခွဲက အဆိုပါဈေးကြီး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ရာတွင် ဆီမီးလောင်မှုကို ရေမှုန်ရေမွှား မီးငြှိမ်းသတ်ရေး ကိရိယာများဖြင့် ဦးစွာပထမငြှိမ်းသတ်ပြီး ဈေးအတွင်း ပိတ်မိနေသော လူနာများကို ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးများ၊ ရှေးဦးသူနာပြုစုခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် မီးသတ်ယာဉ်များ ရောက်ရှိလာပြီး သတ်မှတ်နေရာများတွင် နေရာယူ မီးငြှိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ရာတွင် မီးသတ်ယာဉ် ၁၆ စီး၊ သန္ဓေတပ်ဖွဲ့ဝင် ၂၃ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၄၅ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦး၊ စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးသူ/သားများဖြင့် ဆောင်ရွက်ခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးသန်းဦး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ဒေသဖွံ့ဖြိုးရေး နယ်မြေစံပြကျေးရွာအား ကွင်းဆင်းစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အတွင်းရှိ ညောင်ပင်သာကျေးရွာ အုပ်စု ညောင်ပင်သာကျေးရွာကို စံပြကျေးရွာအဖြစ် သတ်မှတ်ပြီး ကျေးရွာဖွံ့ဖြိုးမှုအတွက် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဆိုင်ရာများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများကို အောက်တိုဘာ ၂၃ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ကြသည်။

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌအဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများအား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တွေ့ဆုံဆွေးနွေးခဲ့ပြီး ကျေးရွာ ဒေသခံတစ်ဦးဖြစ်သည့် ဒေါ်စန်းစန်းအေး၏ စီပီအသားတိုးကြက်ကောင်ရေ ၃၀၀၀ မွေးမြူရေးခြံသို့ လည်းကောင်း၊ တစ်ရွာထုတ်ကုန်တစ်မျိုးထွက်ရှိမှု (OVOP) အနေဖြင့် ကျေးရွာတွင်း ကြက်သွန်နီ၊ ဖြူ ကြော်လုပ်ငန်း ခုနစ်ခုကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ယခုကဲ့သို့ ကျေးရွာအတွင်း ဖွံ့ဖြိုးတိုးတက်ပြီး လုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းနေမှုကြောင့် ရွာအတွင်းနှင့် ရွာဝန်းကျင်ဒေသရှိ ဒေသခံပြည်သူ ၂၅၀ ခန့် အလုပ်အကိုင် အခွင့်အလမ်းများရရှိကာ ရွာသူရွာသားများ ယခင်ထက်ပို၍ စည်းလုံးညီညွတ်မှုများ ရှိလာကြကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# တက္ကသိုလ်/ကောလိပ် ဝင်ခွင့်ရအကြောင်းကြားစာ တစ်ဦးချင်းထံ ပေးပို့မည်

**ရန်ကုန် အောက်တိုဘာ ၂၇**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်/ကောလိပ်များကို ၂၀၁၄ခုနှစ် ဒီဇင်ဘာလဆန်းတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများသည် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့သို့ လျှောက်ထားခဲ့သော တက္ကသိုလ်များအတွက် မည်သည့်တက္ကသိုလ်/ကောလိပ်သို့ ဝင်ခွင့်ရရှိကြောင်း ကျောင်းသား ကျောင်းသူ တစ်ဦးချင်းထံ အကြောင်းကြားစာများကို ယခင်နှစ်များအတိုင်း နိုဝင်ဘာလမှစ၍ ပေးပို့အကြောင်းကြားသွားမည် ဖြစ်သည်။

အဆိုပါ ပညာသင်နှစ်အတွက် အဆောင်နေထိုင်လိုသော ကျောင်းသား ကျောင်းသူများအတွက် အဆောင် နေထိုင်ခွင့်ရရှိရေးကို လည်း ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်အဖွဲ့ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်/ကောလိပ်အသီးသီးသို့ တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့သို့ ဝင်ခွင့်လျှောက်ထားသူဦးရေ စုစုပေါင်းမှာ တစ်သိန်းခြောက်သောင်းကျော်ရှိကြောင်း သိရသည်။

**ခင်ချိုဝင်း**

## သတင်းတို

# ရန်ကုန်-မန္တလေးလမ်းတစ်လျှောက် စိတ်ဝေဒနာရှင်များကို ယာဉ်မောင်းများသတိပြုနေရ

**ရေတာရှည် အောက်တိုဘာ ၂၇**

မည်သည့်နေရာကနေ ရောက်လာမှန်မသိသော စိတ်ဝေဒနာရှင်များ ယခင်ကထက်ပိုများလာပြီး ညအချိန် ကားလမ်းတစ်လျှောက်သွားလိုရာကို သွားနေသည့်အတွက် ယာဉ်မောင်းနှင်သူများ ဂရုပြုမောင်းနှင်နေရကြောင်း ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။ "စိတ်ဝေဒနာရှင်တွေ ကားလမ်းတစ်လျှောက် အတော်များလာတာတွေ့ရတယ်၊ အဝတ်အစားကလည်း အရောင်အဆင်းမရှိတော့ ညအချိန်ဆိုရင် ရုတ်တရက်မမြင်နိုင်ဘူး၊ သူတို့က သွားချင်သလိုသွားတာ တိုက်မိရင်ကိုယ်ပဲခံရမှာ"ဟု အထက်ပါ ယာဉ်မောင်းကပင် ဆက်၍ပြောသည်။

အချို့စိတ်ဝေဒနာရှင်များကို ပြည်ပခရီးသွားများက မှတ်တမ်းတင်ရိုက်ကူးမှုများရှိပြီး အဆိုပါ စိတ်ဝေဒနာရှင်ဦးရေ တိုးပွားလာခြင်းကြောင့် အများအပြားဝင်ရောက်လာသည့် နိုင်ငံခြားသားများ၏ အမြင်၌ နိုင်ငံ့ပုံရိပ်ကို ထိခိုက်လာနိုင်သည့်အတွက် သက်ဆိုင်ရာဌာနများက ထိန်းသိမ်းစောင့်ရှောက်ပေးရန် လိုအပ်နေကြောင်း ပြောဆိုမှုများလည်းရှိသည်။

**ကိုလွင်(ဆွာ)**

# ဖွဲ့လုံ့လဆုရရှိသည့် ဆရာမတစ်ဦးအား ဂုဏ်ပြုပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

အမှတ်(၂)အခြေခံပညာဦးစီးဌာန နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံးမှ အခြေခံဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၅၈)တွင် ဖွဲ့လုံ့လဆုရရှိခဲ့သည့် ဆရာမတစ်ဦးကို ဂုဏ်ပြုပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၉နာရီက ပျဉ်းမနားမြို့ အမှတ်(၁) အထကရတနာမွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခြေခံဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၅၈)တွင် ဖွဲ့လုံ့လဆုရရှိခဲ့သည့် လယ်ဝေးမြို့နယ် သပြေပင် အထကမှ အလယ်တန်းပြဆရာမ ဒေါ်တင်တင်ငွေအား နေပြည်တော်ပညာရေးညွှန်ကြားရေးမှူး ဦးစိုးဝင်းက ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပြီး အခြေခံပညာဆရာ ဆရာမများ မွမ်းမံသင်တန်းအမှတ်စဉ်(၅၉)သို့ တက်ရောက်မည့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား လိုအပ်သည်များ မှာကြားခဲ့သည်။

အခမ်းအနားသို့ မွမ်းမံသင်တန်းအမှတ်စဉ် (၅၉)သို့ တက်ရောက်မည့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၈၀ ခန့်တက်ရောက်ကြကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

လူကုန်ကူးမှုတားဆီးရေး
ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်

**အလုပ်လျှောက်လွှာခေါ်ယူခြင်း**

**၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက်**

**(၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၈ ရက်)**

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးတွင်လစ်လပ်လျက်ရှိသော အောက်ပါရာထူးနေရာများသို့ ယှဉ်တွဲပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**(က) ညွှန်ကြားရေးမှူး-လစာနှုန်း ကျပ် ၂၀၀၀၀၀+၃၀၀၀၀=၂၃၀၀၀၀ (၁) ဦး**

(၁) အသက် (၄၀)နှင့် (၆၅)နှစ်အကြားဖြစ်ရမည်။

(၂) အစိုးရဌာနတွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁၃)နှစ်ရှိရမည့်အပြင် လက်ထောက်ညွှန်ကြားရေးမှူးဖြစ်ပါက လုပ်သက်အနည်းဆုံး (၂) နှစ် (သို့မဟုတ်)၊ ဒုတိယညွှန်ကြားရေးမှူးဖြစ်ပါက လုပ်သက်အနည်းဆုံး (၁) နှစ်ရှိရမည်။ ပုဂ္ဂလိကကုမ္ပဏီများတွင်လုပ်ကိုင်သူဖြစ်ပါက အစိုးရဌာနတွင် လုပ်ကိုင်ခဲ့သောလုပ်သက်နှင့် ပုဂ္ဂလိကကုမ္ပဏီတွင်လုပ်ကိုင်ခဲ့သော လုပ်ငန်းအတွေ့အကြုံ စုစုပေါင်းအနည်းဆုံး (၁၅)နှစ်ရှိရမည်။

**(ခ) ဒုတိယညွှန်ကြားရေးမှူး-လစာနှုန်းကျပ် ၁၈၀၀၀၀+၃၀၀၀၀=၂၁၀၀၀၀ (၂)ဦး**

(၁) အသက်(၄၀)နှင့် (၅၀)အကြားဖြစ်ရမည်။

(၂) အစိုးရဌာနတွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁၀)နှစ်ရှိရမည့်အပြင် လက်ထောက်ညွှန်ကြားရေးမှူးဖြစ်ပါက လုပ်သက်အနည်းဆုံး (၁)နှစ်ရှိရမည်။ ပုဂ္ဂလိကကုမ္ပဏီများတွင် လုပ်ကိုင်သူဖြစ်ပါက အစိုးရဌာနတွင် လုပ်ကိုင်ခဲ့သော လုပ်သက်နှင့် ပုဂ္ဂလိကကုမ္ပဏီတွင် လုပ်ကိုင်ခဲ့သော လုပ်ငန်းအတွေ့အကြုံ စုစုပေါင်း အနည်းဆုံး (၁၂)နှစ်ရှိရမည်။

**(ဂ) လက်ထောက်ညွှန်ကြားရေးမှူး-လစာနှုန်းကျပ် ၁၆၀၀၀၀+၃၀၀၀၀=၁၉၀၀၀၀ (၂)ဦး**

(၁) အသက် (၄၀)အောက်ဖြစ်ရမည်။

(၂) အစိုးရဌာနတွင် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၇)နှစ်ရှိရမည့်အပြင် ဦးစီးအရာရှိ လုပ်သက်အနည်းဆုံး (၂)နှစ်ရှိရမည်။ ပုဂ္ဂလိကကုမ္ပဏီများတွင် လုပ်ကိုင်သူဖြစ်ပါက အစိုးရ ဌာနတွင် လုပ်ကိုင်ခဲ့သော လုပ်သက်နှင့် ပုဂ္ဂလိကကုမ္ပဏီတွင် လုပ်ကိုင်ခဲ့သော လုပ်ငန်းအတွေ့အကြုံ စုစုပေါင်း အနည်းဆုံး (၁၀)နှစ်ရှိရမည်။

**(ဃ) ဦးစီးအရာရှိရာထူး-လစာနှုန်းကျပ် ၁၄၀၀၀၀+၃၀၀၀၀=၁၇၀၀၀၀ (၃)ဦး**

(၁) အသက် (၄၀)အောက်ဖြစ်ရမည်။

(၂) အစိုးရဌာနတွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်နှင့် ပုဂ္ဂလိကကုမ္ပဏီများတွင် လုပ်ကိုင်သူဖြစ်ပါက အစိုးရဌာနတွင် လုပ်ကိုင်ခဲ့သော လုပ်သက်နှင့် ပုဂ္ဂလိကကုမ္ပဏီတွင် လုပ်ကိုင်ခဲ့သော လုပ်ငန်းအတွေ့အကြုံ စုစုပေါင်း အနည်းဆုံး (၅)နှစ်ရှိရမည်။

**(င) အထက်ပါရာထူးနေရာများသို့ ဝင်ရောက်လျှောက်ထားလိုသူများသည်-**

(၁) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။

(၂) မဟာဘွဲ့နှင့်အထက် ရရှိသူများကို ဦးစားပေးမည်။

(၃) အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်သူကို ဦးစားပေးမည်။ သို့ရာတွင် စီမံဌာနအတွက် စီမံရေးရာအတွေ့အကြုံရှိသူကို ဦးစားပေးမည်ဖြစ်သဖြင့် အင်္ဂလိပ်စာကို လျှော့ပေါ့ စဉ်းစားပေးမည်။

(၄) လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်။

**မှတ်ချက်။** (၃) အထက်ဖော်ပြပါ အရည်အချင်းများနှင့် ကိုက်ညီသူများသည် အောက်ဖော်ပြပါ အထောက်အထားများ ပြည့်စုံစွာဖြင့် ၁၇-၁၁-၂၀၁၄ ရက် နောက်ဆုံးထား၍ အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၏ စီမံရေးရာဌာနသို့ လျှောက်ထားနိုင်ပါသည်။

- ကိုယ်တိုင်ရေး လျှောက်လွှာ(Curriculum Vitae (CV) Form ပူးတွဲလျက်)
- ဘွဲ့လက်မှတ်မိတ္တူ၊
- နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
- အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း (သို့မဟုတ်)၊ ပြန်တမ်းဝင်အရာရှိတစ်ဦး (သို့မဟုတ်) အကြီးတန်းမန်နေဂျာထောက်ခံချက်၊
- အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ၊
- အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံအထောက်အထားများ၊
- ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦးဦး၏ ထောက်ခံချက်၊

(၄) အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၄၆၈၁၊ ၆၅၄၆၈၄ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စက်မှုဝန်ကြီးဌာန**

**အထည်အလိပ်လုပ်ငန်း**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံများမှဓာတ်ဆေးဆိုးဆေးများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်။

(က) အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)- ဓာတ်ဆေး၊ ဆိုးဆေး ၁၂ မျိုး

(ခ) အမှတ်(၆)အထည်စက်ရုံခွဲ(မုံရွာ)- ဓာတ်ဆေး၊ ဆိုးဆေး ၂၇ မျိုး

(ဂ) အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)-ဓာတ်ဆေး၊ ဆိုးဆေး ၉ မျိုး

(ဃ) အမှတ်(၉)အထည်စက်ရုံခွဲ(အင်းစိန်)-ဓာတ်ဆေး၊ ဆိုးဆေး ၃၈ မျိုး

(င) အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း)-ဓာတ်ဆေး၊ ဆိုးဆေး ၂၁ မျိုး

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၁၁-၂၀၁၄ ရက်

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**

(၁) နေပြည်တော် - အထည်အလိပ်လုပ်ငန်း(စီမံရေးဌာန) ရုံးအမှတ်-၃၇

(၂) ရန်ကုန် - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ) အမှတ်(၁) သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၁

(ဂ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၁၁-၂၀၁၄ ရက် ၁၆း၀၀ နာရီ

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ညွှန်ကြားရေးမှူး(စီမံရေး)၊ အထည်အလိပ်လုပ်ငန်း

**နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆**

**ရန်ကုန် ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၁**

**ပြင်ဆင်ဖတ်ရှုပါရန်**

၅-၄-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၆)တွင် အမှားပြင်ဆင်ဖတ်ရှုပါရန် ကြော်ငြာခြင်းတွင် ၈-၃-၂၀၁၄ ရက်အစား ၂၈-၃-၂၀၁၄ ရက်ဟု ထပ်မံပြင်ဆင်ဖတ်ရှုပါရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာမျိုးအေး**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

## သတင်းတိုများ

### စလင်းမြို့နယ်၌ မြေသားမိုးရေလှောင်ကန် တူးဖော်ပေး

**စလင်း အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်ရှစ်သန်းဖြင့် စလင်းမြို့နယ် ညံကန်ကျေးရွာတွင် မြေသားမိုးရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်းကို မြန်မာ့ရှုခင်းသမလီမိတက်က ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့နယ်ဦးစီးဌာနမှူး ဦးဇော်မင်းထွဋ်နှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များက အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။အဆိုပါမြေသားရေလှောင်ကန်တူးဖော်ပေးသည့်အတွက် လုံလောက်သော သောက်သုံးရေများရရှိတော့မည်ဖြစ်၍ ဒေသခံများက ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

### ပအိုဝ်းတိုင်းရင်းသားများ စုပေါင်းမဟာဘုံကထိန် စည်ကားစွာလှည့်လည်

**သထုံ အောက်တိုဘာ ၂၇**

ပအိုဝ်းတိုင်းရင်းသားများစုပေါင်းကာ နှစ်စဉ်ဆင်နွှဲကျင်းပသည့် သထုံမြို့ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်ကြီး၏ စုပေါင်းမဟာဘုံကထိန်ကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲ၂ နာရီကစတင်ကာ သထုံမြို့အတွင်း စည်ကားစွာဖြင့် လှည့်လည်ခဲ့သည်။

ပအိုဝ်းတိုင်းရင်းသားများ၏ နာယကဖြစ်သော ပုဗ္ဗာရုံ ပရိယတ္တိ စာသင်တိုက်ဆရာတော်၏ ဩဝါဒကိုခံယူကာ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလျက် တိုင်းရင်းသားများက တူညီဝတ်စုံများ ဝတ်ဆင်လျက် လှူဖွယ်ပစ္စည်းများဖြင့် စည်ကားစွာ လှည့်လည်ကြသည်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပအိုဝ်းတိုင်းရင်းသားများ စုပေါင်းလှူဒါန်းမှုဖြင့် မဟာဘုံကထိန်ပွဲကို ကျင်းပခြင်းဖြစ်သည်။

အဆိုပါ စာသင်တိုက်ကြီး၏ မဟာဘုံကထိန်ပွဲတော်တွင် ဒေသများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများဖြင့်ဖျော်ဖြေပြီး အောက်တိုဘာ ၂၆ ရက်တွင် သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များကို ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဆပ်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ချင်းတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်ဖြစ်သည့် ခွာဒိုပွဲခေါ် ကောက်သစ်စားပွဲတော် တီးတိန်မြို့၌ကျင်းပ

**တီးတိန် အောက်တိုဘာ ၂၇**

မြန်မာတို့၏ သီတင်းကျွတ်ရာသီတွင်ကျင်းပလေ့ရှိသော ချင်းတိုင်းရင်းသားတို့၏ ရိုးရာ ခွာဒိုပွဲတော်ကို အောက်တိုဘာ၂၄ ရက် ညနေ ၆ နာရီက ချင်းပြည်နယ် တီးတိန်မြို့ ကမ်းဟောက်အားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ရှေးဦးစွာ ချင်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်က မိန့်ခွန်းပြောကြားသည်။




အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးလတ်က အမှာစကားပြောကြားပြီး ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဆွောင်းဇနန်က ရိုးရာခွာဒိုပွဲတော်အကြောင်း ရှင်းလင်းဖတ်ကြားသည်။

ဆက်လက်၍၂၀၁၄ခုနှစ် ပြည်နယ်အဆင့် ဆို၊ က၊ ရေး၊ တီး၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲတွင်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ခွာဒိုပွဲတော်သည် ချင်းလူမျိုးများ တောင်ပေါ်ဒေသကို ပြောင်းရွှေ့နေထိုင်သည့် ကျိမ်နွဲဒေသမှ စတင်အခြေချနေထိုင်သည့် အေဒီ၁၄ ရာစုခန့်မှစတင်၍ ကျင်းပသည့်ရိုးရာပွဲတော်ဖြစ်ကြောင်း၊ ခွာဒိုပွဲတော်ကျင်းပခြင်းသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကူးကာလတွင် ကောက်သစ်စားပွဲကျင်းပခြင်း၊ ဘိုးဘေးများ၏ ဝိညာဉ်များကို ပူဇော်ကန်တော့ခြင်းစသည့် လူမှုရေး၊ ဘာသာရေးဆောင်သည့် ပွဲတော်အဖြစ်မှ ယခုအချိန်တွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တစ်ဦးနှင့်တစ်ဦးခွဲခြားမှုမရှိဘဲ စည်းလုံးညီညွတ်မှုကိုပြသခြင်းစသည့် အလွန်မွန်မြတ်သော ပွဲတော်ဖြစ်ကြောင်း၊ ယခုနှစ် ချင်းတိုင်းရင်းသားတို့၏ ခွာဒိုပွဲတော်ကို ချင်းတိုင်းရင်းသားများ နေထိုင်ရာ ပြည်တွင်းပြည်ပနှင့်မြို့ပြ၊ ကျေးလက်ဒေသအသီးသီးတို့၌လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်

**မူဆယ် အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့ ပန်ဆိုင်း(ကျူကုတ်)မြို့ မုံးပေါ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ JICA အဖွဲ့နှင့် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း လိုအပ်ချက်အကဲဖြတ်မှု အချက်အလက်ကောက်ယူခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပခဲ့ရာ JICAအဖွဲ့မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးကိန်မိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပန်ဆိုင်း(ကျူကုတ်)မြို့ အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး မုံးပေါ်၊ ဖန်အွမ်၊ မန်ပုံကျေးရွာများမှ ဒေသခံတောင်သူများ စုစုပေါင်း ၁၀၀ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်က ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့် ပတ်သက်၍ ဒေသခံများ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။ ပြီးနောက် JICA အဖွဲ့မှ အကြံပေးအရာရှိချုပ် ဦးရော်ဂျာက ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝကိုလေ့လာ၍ နည်းပညာအထောက်အပံ့များ ပံ့ပိုးကူညီပေးသွားရန် ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒေသခံတောင်သူများနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

ဆက်လက်၍ မီးလောင်ပျက်စီးသွားသည့် မုံးပေါ်ကျေးရွာအုပ်စုဈေး ပြန်လည်တည်ဆောက်ရေးအတွက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ ဈေးကော်မတီဝင်များ၊ ဂရိတ်ဟော်ခမ်းကုမ္ပဏီမှ အင်ဂျင်နီယာမှူးနှင့် တာဝန်ရှိသူများက ဈေးတည်ဆောက်ရေးမြေနေရာနှင့် ဒီဇိုင်းပုံစံများကို ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် မန်ပုံကျေးရွာရှမ်းဘုန်းကြီးကျောင်းတွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ကူညီပံ့ပိုးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(iprd)**


### ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ နည်းပြ သရုပ်ပြရာထူးအတွက် ရေးဖြေစာမေးပွဲကျင်းပမည့် အစီအစဉ်ကြေညာချက်

| နေ့ရက် | ဖြေဆိုမည့်ဘာသာ | အချိန် |
|---|---|---|
| ၁၉-၁၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) | မြန်မာစာ | နံနက် ၈း၃၀နာရီမှ ၁၀း၃၀နာရီအထိ |
| | အထွေထွေဗဟုသုတ | နံနက်၁၁နာရီမှ မွန်းလွဲ ၁နာရီအထိ |
| | အင်္ဂလိပ်စာ | မွန်းလွဲ ၂နာရီမှ ၄နာရီအထိ |

သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၉-၁၀-၂၀၁၄ရက်မှ ၁၈-၁၁-၂၀၁၄ရက်အထိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

စုံစမ်းရန်-၀၅၆-၂၁၈၆၁၊ ၀၅၆-၂၁၈၆၅

**ဌာနမှူး၊ သင်တန်းရေးရာ**
**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ် (၃၈) အကြီးစားစက်ရုံ(မလွန်)မှ 90HP Tractor (95)Unit ထုတ်လုပ်ရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Component Parts | 70 Items |
| (ခ) | Bonnet & Roof Ass'y | 1 Item |
| (ဂ) | Foregin Component Parts | 69 Items |
| (ဃ) | Engine | 1 Item |
| (င) | Oil & Lubricant | 3 Items |
| (စ) | Paint & Tinner | 8 Items |
| (ဆ) | Auxillary Materials | 6 Items |
| (ဇ) | Raw Material | 3 Items |

၂။ တင်ဒါအား ၂၈-၁၀-၂၀၁၄ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၁၉-၁၁-၂၀၁၄ ရက် ၁၅း၃၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ် (၄၁)နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

**(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀)**
**အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း**

### ဖခင်အမည်မှန်

ဂန့်ဂေါမြို့၊ မြို့မရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မအိသဲညှာချော၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်စန်း ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်စန်း**

### ဖခင်အမည်မှန်

ဂန့်ဂေါမြို့၊ မြို့မရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ကျော်သက်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းအောင် ဖြစ်ပါကြောင်း။

**ဦးဇော်မင်းအောင်**

### ဖခင်အမည်မှန်

ဂန့်ဂေါမြို့၊ မြို့မရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မမေဘရဏီစိုး၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်မောင် ဖြစ်ပါကြောင်း။

**ဦးဗိုလ်မောင်**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၅၃၅၃၀ Honda Wave NF 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖေမြင့် ၆/ထဝန(နိုင်)၀၅၉၈၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### သားအဖြစ်မှစွန့်လွှတ်ခြင်း

ရွှေအရုပ်ကလေးဗီဒီယိုထုတ်လုပ်ရေးပိုင်ရှင် ဦးမြင့်ဦး-ဒေါ်တင်တင်နွယ်တို့၏သား မောင်ရဲထက်အောင် ၁၂/ဥကတ(နိုင်)၁၇၇၀၂၃ ကိုင်ဆောင်သူ ဗီဒီယိုဒါရိုက်တာ ရဲရဲသည် မိဘစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပါ၍ ၁၁-၁၀-၂၀၁၄ ရက်မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်သည်။ ၎င်းကိစ္စနှင့်ပတ်သက်ပြီး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးမြင့်ဦး**
**၁၂/ဥကတ(နိုင်)၀၉၉၁၉၈**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၈-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၁) ကန့်ကွက်ကြော်ငြာ ပန်းဘဲတန်းမြို့နယ် ဒေါ်တင့်တင့်ကျော်+၅၏ မြေပုံကူးတွင် ပိုင်ဆိုင်စာချုပ်ရန်အစား ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ဟု ဖတ်ရှုပါရန်။

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၁ယ/၃၂၆၉၉ Honda Dream ND 125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းသိန်း ၁၃/ကတန(နိုင်)၀၀၃၉၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး၊**
**ကျိုင်းတုံမြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဘေးအန္တရာယ်ကင်းရှင်းသော မုန့်ဈေးတန်းလေးဖြစ်ပါစေ

အောင်နိုင်(သတင်းစဉ်)

နေပြည်တော်၏ တစ်ခုတည်းသော နံနက်ခင်းတွင်ဖြစ်သည်။ အိမ်ကသားတော်မောင်ကို ကျောင်းလိုက်ပို့ဖြစ်၏။ ကျောင်းမတက်မီအချိန်လေးတွင် မုန့်စားချင်သည်ဟု သားတော်မောင်က ပူဆာသဖြင့် ကျောင်းဈေးတန်းအတွင်းသို့ လိုက်ပို့ပေးရင်း လှည့်ပတ်လေ့လာကြည့်ရှုမိသည်။ ကစားစရာကို မက်မောသည့် ကလေးငယ်များအတွက် ဈေးပေါပေါနှင့် ရောင်းချလျက်ရှိသည့် တစ်ဖက်နိုင်ငံမှ တင်သွင်းလာသော အရောင်အသွေးစုံကစားစရာလေးများ၊ အန္တရာယ်ရှိသည့် သံချွန်ထိပ်ဖူးတပ်ပစ်စိုက်မြားတံများ၊ ယမ်းသေနတ်ငယ်လေးများကို သာမက ကလေးသူငယ်များ အလွယ်တကူ ဝမ်းနူးဝမ်းပျက်နိုင်ဖွယ်ရှိသည့် စားစရာများစွာကို ထင်ထင်ပေါ်ပေါ် ရောင်းချနေကြသည်ကိုလည်း တွေ့မြင်ရသည်။

ဈေးပေါပေါဖြင့် ရောင်းချပေးနေသည့် ခေါက်ဆွဲခြောက်ထုပ်များကို ဘူးခွံတစ်ခုအတွင်း ရေနွေးဖြောထည့်ပေးကာ ရောင်းချပေးနေသည့် ဆိုင်လေးများကိုလည်းတွေ့ရသည်။ အချို့ဈေးသည်များက ယင်ကောင်များ တရစ်ဝဲဝဲလှည့်ပတ်ပျံသန်းလျက်ရှိသည့် ခေါက်ဆွဲသုပ်၊ ကြာဆံသုပ်များကို အဖုံးအကာမစွပ်ဘဲ ရောင်းချလျက်ရှိပြီး ကလေးငယ်များ ဝယ်ယူသည့်အခါတိုင်း လက်ဗလာဖြင့် အဆင်ပြေသလို ကြွပ်ကြွပ်အိတ်များအတွင်း ထည့်သွင်းရောင်းချသည်ကိုလည်း တွေ့မြင်ရသည်။ ပြီးတော့ ထိုလက်ဗလာများဖြင့်ပင် ဟောင်းနွမ်းညစ်ပေနေသည့် ငွေစက္ကူများကို ကိုင်တွယ်လိုက်၊ ဈေးပြန်ရောင်းလိုက်ဖြင့် သံသရာလည်နေသည့် မြင်ကွင်းကိုလည်း ထိတ်လန့်ဖွယ်ရာ ကြုံတွေ့ခဲ့ရသည်။

အချို့သောမုန့်များမှာ မုန့်ဟူ၍ပင် တံဆိပ်ကပ်ထားရန်မသင့်။ အိတ်အတွင်းတွင် အရုပ်ကလေးများ၊ ကလေးကစားစရာလေးများ ထည့်သွင်းပေးထားသည်ကို တွေ့ရသည်။ များသောအားဖြင့် အချိုလွန်ကဲသည့် စားသောက်ဖွယ်ရာများ၊ အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းလာကာ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေသည့် နို့ထွက်ပစ္စည်း စားသောက်ဖွယ်ရာမျိုးစုံကို တွေ့မြင်ရသည်။ ဘာမှမသိနားမလည်သည့် ကလေးငယ်များသည်ကား ယင်းသို့သောမုန့်မျိုးစုံဆိုင်နားတွင် တရုန်းရုန်းတအုန်းအုန်း။ ဒီကြားထဲ ကလေးငယ်တွေကို ကံစမ်းမဲဖောက်ပေးသည်ဟူသည့် ခေါင်းစဉ်ဖြင့် မဲတစ်ခါနှိုက် ၂၀၀၊ ၁၀၀ စသည်ဖြင့် သတ်မှတ်ကာ မဲနှိုက်ခိုင်းသည့် ဈေးဆိုင်တွေလည်း ရှိနေတာတွေ့ရသည်။ ၂၀၀ ပေး၊ ၁၀၀ ပေးကာ မဲနှိုက်ပြီးမှ ပျားရည်ဝမ်းချ သဘောမျိုးဖြင့် ၅၀တန် မုန့်ထုပ်တစ်ထုပ်လောက် ပေးလိုက်ခြင်းပင်။

ကျွန်တော်ကဲ့သို့ ကျောင်းလိုက်ပို့သော ကျောင်းသားမိဘတစ်ဦးက "တစ်နေ့ ကျွန်တော့်သား ကျောင်းကပြန်လာတော့ ဝမ်းတွေလျှောနေတယ်။ ဒါနဲ့ဘာစားတုံးလို့မေးတော့ ကျောင်းကအာဟာရအဖြစ်တိုက်တဲ့ နွားနို့သောက်ပြီး ကျောင်းဈေးတန်းကအချဉ်ပါတဲ့စားစရာတွေ ဝယ်စားလာတယ်ဆိုတာ သိရတယ်။ အခုတော့ သူ့ကိုကျောင်း မုန့်ဖိုးမပေးတော့ဘူး။ အိမ်က စားစရာ တစ်ခါတည်း ထည့်ပေးလိုက်တော့တယ်။ တကယ်တမ်းဆို ဈေးရောင်းသူတွေအနေနဲ့ သားသမီးချင်းစာနာစိတ်နဲ့ ရောင်းဖို့ မသင့်တော်တဲ့ စားစရာမျိုးတွေ မရောင်းသင့်ပါဘူးဗျာ"ဟု ပြောပြသည်။

"ကျောင်းသားမိဘ တော်တော်များများက ကိုယ့်သားသမီးတွေကို ကျောင်းအထိ လိုက်လံစောင့်ရှောက်ကျွေးမွေးနိုင်ပေမယ့် တချို့ကျောင်းသား ကျောင်းသူငယ်ငယ်လေးတွေကျတော့ မိဘက တစ်ချိန်လုံး စောင့်ရှောက်မှုမပေးနိုင်ဘူး။ ဝန်ထမ်းသားသမီးတွေဖြစ်တော့လည်း မိဘက ကျောင်းပေါက်ဝလောက်ရောက်ရုံ လိုက်ပို့ပြီးရင် ပြန်လှည့်သွားကြတာများတယ်၊ ဒီတော့ ကျောင်းဈေးတန်းမှာ ဘာတွေရောင်းနေတယ်၊ ကိုယ့်သားသမီးတွေ ဘယ်လိုအန္တရာယ်ဖြစ်စေနိုင်လောက်တဲ့ အစားအသောက်မျိုးတွေ ဝယ်ယူစားသောက်နေလဲဆိုတာ အလွယ်တကူ မသိနိုင်တော့ဘူးပေါ့"ဟု နေပြည်တော် ဓနသိဒ္ဓိရပ်ကွက်တွင် နေထိုင်သည့် ကျောင်းသားမိဘတစ်ဦးက ပြောပြသည်။

အချို့သောမုန့်များမှာ သက်တမ်းလွန်ခဲ့သည်မှာ နှစ်ကာလနှင့်ပင်ချီနေပြီဖြစ်ပြီး ကလေးငယ်များအနေဖြင့် သက်တမ်းလွန်မုန့် စားရန်သင့်မသင့်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိ၊ ဖြစ်သလို ဝယ်ယူစားသောက်နေကြသည်ကိုလည်း တွေ့ရသည့်အတွက် စိတ်ထဲတွင် ဘဝင်မကျဖြစ်ခဲ့သည်မှာလည်း အမှန်ပင်။

မိမိတို့နိုင်ငံအတွက် အနာဂတ်ဟုဆိုရပေမည့် ကျောင်းသား ကျောင်းသူလူငယ်လေးများ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးသည် မရှိမဖြစ် လိုအပ်လှပါသည်။ ထို့အတွက် ကျောင်းသားမိဘများသာမက ဆရာ၊ ဆရာမများနှင့် ထိစပ်ပတ်သက်နေသည့် ဝန်းကျင်အသိုင်းအဝိုင်းတွင်လည်း များစွာတာဝန်ရှိနေသည်ကို သတိပြုမိကြရန် လိုအပ်လှပါပေသည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဟူ၍ ဖြစ်လာကြမည့် ကျောင်းသားကျောင်းသူငယ်လေးများအနေဖြင့် အနာဂတ်တွင် နိုင်ငံ့တာဝန်များကို အင်ပြည့်အားပြည့် ထမ်းရွက်သယ်ပိုးသွားနိုင်စေရန်အတွက် အခြေခံပညာကျောင်းများမှ စတင်ကာ စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်သွားကြရန် လိုအပ်လျက်ရှိနေပါကြောင်း။ ။



မြန်မာ့ရိုးရာလှေပြိုင်ပွဲကျင်းပမည့် ငဝန်မြစ်ရိုးရှိ ရေပေါ်ဈေး အပန်းဖြေနေရာ။

## ပုသိမ်မြို့တန်ဆောင်တိုင်ပွဲ ဆီမီးခွက်တစ်သိန်းရေမျှောပူဇော်ပွဲနှင့် မီးပုံးပျံပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ပုသိမ် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး အစိုးရလက်ထက် စတုတ္ထအကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၆ ရက် ( ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်) အရုဏ်ဦးအချိန်မှစတင်၍ ရွှေမုဋ္ဌောမဟာစေတီတော် ရင်ပြင်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို မသိုးသင်္ကန်းကပ်လှူပူဇော်ခြင်းဂိုဏ်းပေါင်းစုံသံဃာ့ဥသျှောင် ဆရာတော်ကြီးများက မဟာသမယသုတ်ရွတ်ဖတ် ပူဇော်ခြင်း၊ အရုဏ်ဦးစတုဒိသာ ကျွေးမွေးလှူဒါန်းပွဲများဖြင့် ကျင်းပမည်ဖြစ်သည်။

ယင်းနေ့ညနေ ၄ နာရီတွင် ပုသိမ်မြို့ ငဝန်မြစ်ရိုးတစ်လျှောက် လှေပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ရာ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ လပွတ္တာ၊ ဖျာပုံ(၆) ခရိုင် ကိုယ်စားပြု အမျိုးသား၊ အမျိုးသမီး လှေလှော်အသင်းများက ရေပေါ်ဈေးအပန်းဖြေစခန်းနေရာမှ ပါဝင်ယှဉ်ပြိုင်ကြမည်။ ထိုနေ့ညနေဆည်းဆာအချိန်တွင် ငဝန်မြစ်ရေအလျှင်၌ ရှင်ဥပဂုတ္တမထေရ်မြတ်ဖောင်တော်ကို ပြည်သူအပေါင်းက ဆီမီးခွက်တစ်သိန်း ရေမျှောပူဇော်ကြမည်။ ကရင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ဒိုးယိမ်းအဖွဲ့၊ ပညာလက်ာရတေးဂီတအဖွဲ့၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းသူလေးများ၏ ယိမ်းအဖွဲ့များကလည်း မြစ်ရေပြင်အတွင်း လှေကြီး လှေငယ်များဖြင့် စုန်ချည်ဆန်ချည် ဖျော်ဖြေကြမည်။ ထို့ပြင် တောင်ကြီးမြို့ စိန်နားပန်မီးပုံးပျံအဖွဲ့ဝင် ၂၀ ကျော်တို့ကလည်း ပုသိမ်မြို့တော်ခန်းမရှေ့ ရှုခင်းသာရင်ပြင်မှနေ၍ မီးပုံးပျံများလွှတ်တင်ခြင်း၊ မီးကျည်၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းများ ကျင်းပကြမည်ဖြစ်ကြောင်း သိရသည်။

ပုသိမ်မြို့ ကမ်းနားလမ်းတစ်လျှောက်တွင် ရပ်ကွက်များမှ အဆို၊ အကအဖွဲ့များနှင့် မဏ္ဍပ်ပေါင်း ၃၀ ကျော်က စတုဒိသာအကျွေးအမွေးများဖြင့်လည်း လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ **ပုသိမ်-လှကြည်**

## မုတ္တမတောင်ပေါ်တွင် ဟိုတယ်တည်ဆောက်ခွင့်ရရှိ

**မော်လမြိုင် အောက်တိုဘာ ၂၇**

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမမြို့ တောင်ပေါ်ကျိုက်ဖျဉ်ကူဘုရားကျိုက်ကဘာတောင် ပတ်ဝန်းကျင်နေရာတွင် ပြည်နယ်အစိုးရအဖွဲ့က ဟိုတယ် တည်ဆောက်ခွင့်ပြုလိုက်ကြောင်း သိရသည်။

အဆိုပါ မုတ္တမတောင်ပေါ်၌ ကျိုက်ကဘာတောင်လယ်၊ ကျိုက်ဖျဉ်ကူတောင်ပေါ်၌ တောင်တက်လမ်းများပြုပြင်ခြင်း၊ ရေရရှိရေးအတွက် အဝီစိတွင်းများတူးခြင်း၊ မီးရရှိရေးအတွက် ထရန်စဖော်မာတပ်ဆင်ခြင်း လုပ်ငန်းများကို သီရိဟံသာကုမ္ပဏီနှင့်သံလွင်အေးကုမ္ပဏီတို့က လုပ်ငန်းဆောင်ရွက်နေပြီဖြစ်ကြောင်း မုတ္တမမြို့အုပ်ချုပ်ရေးမှူးက ပြောသည်။

သီရိဟံသာကုမ္ပဏီက မုတ္တမတောင်ပေါ် ကျိုက်ကဘာတောင်လယ်နေရာတွင် ဆောက်လုပ်ခွင့်ရရှိပြီး သံလွင်အေးကုမ္ပဏီက ကျိုက်ဖျဉ်ကူတောင်မှာ ဆောက်လုပ်ခွင့်ရရှိခြင်းဖြစ်သည်။ တောင်ပေါ်မြေနေရာအခက်အခဲရှိနေ၍ ဟိုတယ်လုပ်ငန်းရှင်အချို့သည် မုတ္တမအနီးရေပေါ်ကျွန်းတို့ကို ဝယ်ယူရင်းနှီးမြှုပ်နှံရန်ဆန္ဒရှိကြောင်း သိရသည်။ "ထိုင်းကုမ္ပဏီတစ်ခုကလည်း လာရောက်လေ့လာသွားတယ်။ ဂျပန်နိုင်ငံကလည်း လာရောက်ပြီးလေ့လာခဲ့တယ်။ ရန်ကုန်မြို့၊မန္တလေးမြို့က လုပ်ငန်းရှင်တွေလည်း လာရောက်လေ့လာနေကြတယ်။ ပြည်တွင်းပြည်ပမည်သည့်ကုမ္ပဏီမဆို အကျိုးတူပူးပေါင်းမှုကို ကြိုဆိုပါတယ်"ဟု သီရိဟံသာကုမ္ပဏီမှ ဦးနေဇော်အောင်က ပြောသည်။

မုတ္တမတောင်ပေါ်မှ သဘာဝအလှမှာ မြင်ကွင်းစုံ ကြည့်ရှုခံစားနိုင်မည်ဖြစ်၍ ပြည်တွင်းဘုရားဖူး လုပ်ငန်းရှင်များနှင့် နိုင်ငံခြားသားများ စိတ်ဝင်စားလျက်ရှိကြောင်း ဒေသ့လမ်းညွှန်တစ်ဦးက ပြောပြခဲ့သည်။ (၁၀၈)


### ဦးစွာဝယ်ယူခွင့်ပြုကြောင်းအသိပေးကြေညာခြင်း

**၁၄-၉-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းကြော်ငြာကဏ္ဍ စာ(၁) (၂)ပါ အထက်တန်းရှေ့နေ ဦးသိန်းသန်းဇော်(စဉ်-၁၈၃၈၀)၏ နေရပ်လိပ်စာ မဖော်ပြလိုသော စိုင်းဆမ်သန်း၊ နန်းပင်းခမ်းတို့၏ ညွှန်ကြားချက်အရ ကြေညာခြင်းအပေါ် ရှင်းလင်းခြင်း။**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ကမ္ဘောဇလမ်းခွဲ(၁)၊ အိမ်အမှတ် ၅/၅နေ ဦးဆိုင်ယုန်း(ခ)ဦးအိုက်ရှန်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးဆိုင်ယုန်းသည် ဇနီးဒေါ်နန်းခမ်းနွန်းနှင့်အတူ ကျိုင်းတုံမြို့၊ အမှတ် (၃) ရပ်ကွက်၊ နောင်ခမ်းလမ်း၊ အိမ်အမှတ် (၁၈)ကိုပိုင်ဆိုင်သူဖြစ်ကြောင်း၊ ရှမ်းဗုဒ္ဓဘာသာဝင်များဖြစ်ကြသဖြင့် ၂၀၀၅ခုနှစ်တွင် ဇနီးကွယ်လွန်သောအခါ မိမိတစ်ဦးတည်းသာ အထက်ပါအိမ်မြေကို အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ အသက်(၈၆)နှစ်ရှိ ဦးဆိုင်ယုန်းသည် ကောင်းမှုကုသိုလ်ပြုအလှူများပြုလိုခြင်း၊ သားသမီးခုနစ်ဦးကို ခွဲဝေပေးခြင်းများပြုလုပ်လိုသဖြင့် အထက်ဖော်ပြပါ အိမ်မြေတို့ကို ရောင်းချမည်ဖြစ်ကြောင်း၊ နေအိမ်မှာဟောင်းနွမ်းပြိုပျက်နေပြီး သားငယ်တစ်ဦးသာစောင့်ပေးနေရကြောင်းနှင့် ထိုသို့ရောင်းချရာတွင် မိသားစုကိုယ်စီဖြင့် မြို့အသီးသီးတွင် နေထိုင်လျက်ရှိကြသော သားသမီးခုနစ်ဦးကို ကာလပေါက်ဈေးအတိုင်း ဦးစွာ ဝယ်ယူခွင့်ပြုမည်ဖြစ်သဖြင့် ၂၀၁၄ခုနှစ် အောက်တိုဘာ ၃၁ရက်မတိုင်မီ ဝယ်ယူလိုခြင်းရှိမရှိကို မိမိ၏အကျိုးဆောင်ရှေ့နေထံ အသိပေးအကြောင်းကြားစေလိုကြောင်း ကြေညာပါသည်။ ဦးစွာဝယ်ယူလိုကြခြင်းမရှိပါက ဦးဆိုင်ယုန်းအနေဖြင့် မိမိသဘောဆန္ဒအတိုင်း အိမ်မြေကိုရောင်းချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ-**
**- ၀၈၁-၂၁၂၁၇၂၅**
**- ၀၈၁-၂၀၆၁၇၇**
**- ၀၈၁-၂၁၂၁၄၈၆**
**- ၀၉-၃၆၀၄၇၃၃၈**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဒေါ်စဝ်မြဝတီ) BA (Law), LL.B**
**နိုင်ငံတော်ဗဟိုတရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၈)**
**အမှတ် ၄၀၃(ဂ)၊ ဇောတိကလမ်း၊**
**ရေအေးကွင်းရပ်၊ တောင်ကြီးမြို့**

| **အမည်ပြောင်း** | ပေါင်မြို့၊ အထက အဋ္ဌမတန်း(D)မှ မခိုင်သဇင်ဦး (ဘ)ဦးရွှေထွန်းဦးအား ယနေ့မှစ၍ မသီတာစမ်းဟု ပြောင်းလဲခေါ်ပါရန်။ **မသီတာစမ်း** |
|---|---|

### ဖခင်အမည်မှန်

မော်လမြိုင်မြို့ အထက(၁၀) မော်လမြိုင် အဋ္ဌမတန်းမှ မနဒီလှိုင်နှင့် အထက(သုခဝတီ)ဆဋ္ဌမတန်းမှ မောင်ဖွဲ့ပြည့်စုံတို့၏ ဖခင်အမည်မှန်မှာ ဦးလှရွှေ ဖြစ်ပါကြောင်း။

**ဦးလှရွှေ ၁၀/ခဆန(နိုင်)၀၆၅၀၁၆**

### ခင်ပွန်းအဖြစ်မှမသက်ဆိုင်တော့ပါကြောင်း

ကျွန်မ ဒေါ်နွယ်စန်းအောင် ၁၀/မလမ(နိုင်)၂၁၀၄၂၆၏ခင်ပွန်း ကောင်းဇော်ထက် ၇/သကန(နိုင်)၁၀၆၅၉၈ သည် ခွင့်မလွှတ်နိုင်သော ကိစ္စကိုပြုလုပ်သည့်အတွက် ၂၇-၂-၂၀၁၃ ရက်မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် နောက်နောင်တွင် စိတ်အနှောင့်အယှက်ဖြစ်စေမည့် ပြုမူဆောင်ရွက်ချက်များကို(လုံးဝ)လုံးဝ မပြုလုပ်ရန်။

**ဒေါ်နွယ်စန်းအောင် ၁၀/မလမ(နိုင်)၂၁၀၄၂၆**

### သားအဖြစ်မှ အမွေပြတ်အပြီးအပိုင်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ အမှတ် ၄၁၂(သုံးလွှာ)နေ ဦးအောင်သန်းမိုး-ဒေါ်နီလာမြင့်တို့၏သား မောင်စိုးပိုင်သူ (ခ)မောင်ဇန်ဗိုလ်ရှိန်းသည် မိဘတို့၏ဆိုဆုံးမစကားကို နာခံခြင်းမရှိဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးအောင်သန်းမိုး ၁၀/မလမ(နိုင်)၁၄၇၅၉၄**
**ဒေါ်နီလာမြင့် ၁၂/တမန(နိုင်)၀၇၉၆၇၀**

### အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ မြိုင်သာယာလမ်း၊ အမှတ် စ/၄၂နေ ဦးဇာဏီထွန်းမှ တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်၊ မြင့်မိုလ်လမ်း၊ အမှတ်ည/၁၂၃၈ နေ ဒေါ်စိန်လှိုင် ၁၃/မကန(နိုင်)၀၁၆၆၄၃ ထံသို့ လွှဲအပ်ထားသော ၁၃-၆-၂၀၁၄ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၇/၂၀၁၄)အား ပြန်လည်ရုပ်သိမ်းပြီး ဖြစ်ပါကြောင်း။ **ဦးဇာဏီထွန်း ၁၃/တကန(ပြု)၀၀၀၂၈၁**

### ပျောက်ဆုံးခြင်း

ကျွန်မ မနန်းလောဝ်ငင်း ၁၃/မကန(နိုင်)၀၃၁၈၈၃ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၂၁၂၆၉၁**

### မြေရောင်းမည်

(ပိုင်ရှင်ကိုယ်တိုင်)
(အကျိုးဆောင်မလို)
အင်းလျားမြိုင်လမ်းမ၊ ရွှေတောင်ကြား (0.138) acres (6011 sgft),
**ဖုန်း-၀၉-၅၁၉၇၁၃၃၊ ၀၉-၅၄၂၂၂၅၄**

### ရောင်းမည်

တောင်ဒဂုံ စက်မှုဇုန်(၂)၊ (၆၃)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ ပေ(၈၀×၆၀)မြေကွက်၊ ခြံဝင်း အုတ်တံတိုင်းခတ်ပြီး၊ ပေ(၂၅×၄၀) ဂိုဒေါင်နှစ်လုံး၊ အဝီစိတွင်းနှစ်ခု၊ ပါဝါမီတာနှစ်လုံးပါ။

**ဖုန်း-၀၉-၇၃၀၇၁၆၁၅၊**
**၀၁-၅၅၇၂၄၆**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၃) ရပ်ကွက်၊ ရတနာလမ်းနေ ဒေါ်ခင်ခင်အေး၏သား မောင်မင်းကိုကို ၁၂/မရက(နိုင်)၁၆၀၅၁၉ သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသဖြင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်းနှင့် အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**မိခင်-ဒေါ်ခင်ခင်အေး**

## လူမှုရေးနှင့် စီးပွားရေးကြော်ငြာ

# မဟာဘုံကထိန်ပွဲတော်သို့ ကြွရောက်နိုင်ပါရန် ဖိတ်ကြားခြင်း

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၂)ကြိမ်မြောက် မဟာဘုံကထိန်ပွဲတော်ကို (Light Foundation Myanmar Mobile Library & Lawyer Network)၏ နာယကဆရာတော် အရှင်ဓမ္မာစရ သီတင်းသုံး နေထိုင်ရာ စံကျောင်းတော်သို့ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးနေ ဒါယကာ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့နှင့် လပြည့်ကျော် ၁ရက် (၆၊ ၇-၁၁-၂၀၁၄ ရက်)

**ကျင်းပမည့်နေရာ** - အမိတကျောင်း၊ ဓမ္မသုခကျောင်းတိုက်၊ မဓမကွင်း၊ ကျိုက္ကဘာကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

**အလှူရှင်** - မတည်အလှူရှင် ဒေါ်သိန်းရီမိသားစုနှင့် ကွင်းသူ ကွင်းသား၊ ဒါယကာ ဒါယိကာမများ။

**မဟာဘုံကထိန်ဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့**

# မိုးကုတ်မြို့နယ်အသင်း
## ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်း တရားတော်နာဖိတ်ကြားလွှာ

မိုးကုတ်မြို့နယ်သူ/သား၊ အသင်းသူ/သားများ၏ပထမအကြိမ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို မိုးထိအောင်စည်ကျောင်းတိုက်၊ နွယ်သာကီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ ဒဂုံမြို့နယ်တွင် သီတင်းသုံးကြသော ဝါဆိုသံဃာတော်များအား ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။ ၃-၁၁-၂၀၁၄ ရက် (တနင်္လာနေ့)နံနက် ၉ နာရီတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ အမှတ်(၈၂)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်သို့ ကထိန်တရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်** -

| | | | | | |
|---|---|---|---|---|---|
| (၁) | ဦးအောင်နိုင်မြင့် | ဖုန်း-၀၁-၅၄၉၅၈၃ | (၂) | ဦးခင်အောင်ရွှေ | ဖုန်း-၀၉-၆၅၃၈၈၇၂ |
| (၃) | ဦးသိန်းအောင် | ဖုန်း-၀၉-၄၂၀၀၃၃၇၃၃ | (၄) | ဦးသန်းဝင်း | ဖုန်း-၀၉-၈၆၃၄၇၉၆ |
| (၅) | ဦးတင်ဦး | ဖုန်း-၀၉-၇၃၈၈၉၉၆၈ | (၆) | ဦးမောင်အေး | ဖုန်း-၀၉-၅၁၃၅၄၃၇ |
| (၇) | ဒေါ်ထားထားလွင် | ဖုန်း-၀၉-၅၀၁၈၆၅၇ | (၈) | ဒေါ်ဝင်းသန္တာ | ဖုန်း-၀၉-၇၃၀၁၇၃၉၀ |

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၃၁၉၆၉ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၁၄/ပတ(နိုင်)၀၄၄၈၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

# ချင်းနှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်သည် တရားဝင်ပြောင်းလဲခေါ်တွင်သော အဖွဲ့ချုပ်၏ အမည်နာမဖြစ်ကြောင်း အများသိသာစေရန် ကြေညာခြင်း

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့၊ ဗိုလ်ချုပ်လမ်း၊ ကျင်မွာလ်ရပ်ကွက်တွင် ရုံးစိုက်လျက် မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်နှင့် ပူးပေါင်းဆက်သွယ်ပြီး မှတ်ပုံတင်အမှတ် ၃၄/၁၉၅၀-၅၁ ဖြင့် ၁၉၅၃ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သော ဇိုမီးနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်အား လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ဖြင့် ဆောင်ရွက်ကာ ၂၀၁၃ ခုနှစ် မတ် ၂၁-၂၄ ရက်များတွင် ကာဆင်နှစ်ခြင်းအသင်းတော်၊ ကလေးမြို့ CBA၌ ကျင်းပပြုလုပ်သောအဖွဲ့ချုပ်၏ (၂၁)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး ဆုံးဖြတ်ချက်အမှတ် ဇဘစ-သလက၊ ၂၁/၂၀၁၃(၂၃)အရ ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (Chin Baptist Convention) ဟု တရားဝင်အတည်ပြုပြောင်းလဲခေါ်တွင်ပြီးဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၏ (၁၆၇)ကြိမ်မြောက် အမှုဆောင်အဖွဲ့အစည်းအဝေးမှလည်း တရားဝင်လက်ခံအတည်ပြုပြီးဖြစ်ပါကြောင်း။

၂။ သို့ဖြစ်ပါ၍ ၁၉၉၉ ခုနှစ် ချင်းဇုံဂေလိရာပြည့် ဓမ္မသဘင်အထိမ်းအမှတ်အဖြစ်ဖြင့် အဖွဲ့ချုပ်၏ (၈၁)ကြိမ်မြောက် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အမှတ်၊ ဇဘစ-မဆ၊ ၉၈/၉၉-၄၂မှ သတ်မှတ်ထားသော အဖွဲ့ချုပ်၏ အမှတ်တံဆိပ်အား အဆိုပါအဖွဲ့ချုပ်နှင့် မူလပူးပေါင်းဆက်သွယ်မှုအား တရားမဝင်ဖြတ်တောက်သည့် မည်သည့်အဖွဲ့အစည်းနှင့် အသင်းတော်မှ သုံးစွဲပိုင်ခွင့်မရှိပါကြောင်း၊ အဖွဲ့ချုပ်မှတစ်ဆင့်သာ ပူးပေါင်းဆက်သွယ်ရသော မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၏ မှတ်ပုံတင်အမှတ် ၃၄/၁၉၅၀-၅၁ကိုပါ မူလအဖွဲ့ချုပ်နှင့် ပူးပေါင်းဆက်သွယ်မှုအား တရားမဝင် ဖြတ်တောက်ပါက သုံးစွဲပိုင်ခွင့်မရှိပါကြောင်း။

၃။ အဆိုပါအဖွဲ့ချုပ်နှင့် မူလပူးပေါင်းဆက်သွယ်သည့်အတိုင်း လက်ရှိတရားဝင်ပူးပေါင်းဆက်သွယ်လျက်ရှိနေသော နယ်အဖွဲ့ ၂၈ ပါးနှင့် တိုက်ရိုက်ဆက်သွယ်သော အသင်းတော် ၆ ပါးတွင် ပါဝင်သည့်အဖွဲ့နှင့် အသင်းတော်များကသာ အဆိုပါအမှတ်တံဆိပ်နှင့် မှတ်ပုံတင်အမှတ်အား သုံးစွဲပိုင်ခွင့်ရှိပါကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

**ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်**
**ဖလမ်းမြို့ ၀၃၀၃၁၊ ချင်းပြည်နယ်၊**
**ဖုန်း-၀၇၀-၄၀၀၄၀၊ ၀၉-၂၄၅၁၀၆၂**

# ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့၊ ပန်းယျှတိုးချဲ့ဝန်ထမ်းအိမ်ရာ မြို့ကွက်သစ်တွင်ရှိသည့်မြေကွက်အမှတ် ၉၀၊ မြေဧရိယာ ပေ(၄၀×၆၀)ရှိသောမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင် အင်န်ဇက်အင်န်-၀၃၇၆၀၅၏ လက်ရှိပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်ကို သက်ဆိုင်သူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်မာသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးချစ်စိန် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၀၉၁)**
**သာဂေါင်ရပ်၊ အမှတ် (၁)နယ်မြေ၊ တံတားဦးမြို့၊ ဖုန်း-၀၉-၄၃၁၇၇၅၂၃**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာ၊ မြို့ရှောင်လမ်းဘေးတွင်ရှိသော ဦးပိုင်အမှတ် (N-51)၊ ကွင်းအမှတ်(ပြင်) အကျယ်အဝန်း ၁ ဒသမ ၅၀ဧကရှိ ဦးသန်းထွန်းအောင် အမည်ပေါက်မြေကွက်အား ကျွန်မ ဒေါ်သန်းဝင်း ၇/ပခန(နိုင်)၀၄၂၈၆၈ မှ ရေငယ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူပြီး ပြင်ဦးလွင်မြို့နယ် မြေစာရင်းရုံးတွင်လည်း တရားဝင် G.P လွှဲပြောင်းပေးခြင်းကိုလည်း လက်ခံပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်၍ ကျွန်မထံတွင် လာရောက်ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်သူမရှိပါက ၎င်းမြေကွက်နှင့်ပတ်သက်ပြီး ဆက်လက်ရောင်းချခြင်းကိစ္စအဝဝကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်-**

**ဒေါ်သန်းဝင်း**
**(၁၆×၁၇၊ ၆၂×၆၃)လမ်းကြား၊**
**အောင်မြေသာစံမြို့နယ်၊ တိုက်(၁၁၄)၊ ဖုန်း-၀၉-၂၅၉၁၆၅၃၅၀**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ၏**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄၆**

ဒေါ်ခင်မာချို **နှင့်** ဒေါ်တင်အေး ] တရားဝင်ကိုယ်စားလှယ် သမီး ဒေါ်တင်မာလာ

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ ၉ လမ်း၊ အမှတ် ၂၉၆နေ တရားပြိုင်၏ တရားဝင်ကိုယ်စားလှယ်သမီး ဒေါ်တင်မာလာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မာချိုက အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ပါအတိုင်း အိမ်ဖိုးကျန်ငွေ ၃၇၅၀၀၀၀ိ/- (ကျပ်သုံးဆယ့် ခုနစ်သိန်းငါးသောင်းတိတိ)လက်ခံ၍ အိမ်နှင့်မြေအား တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ လက်ရောက်ပေးအပ်စေမှု (သို့) အိမ်ခြံမြေဖိုးပေးထားသည့် ငွေကျပ် ၄၀၀၀၀၀၀ိ/-(ကျပ်သိန်းလေးဆယ်) ပြန်လည်ပေးဆပ်စေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိပြီးဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃ ရက် (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်အရ ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်ဘက်က ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ဇော်ဌေး**
**တွဲဖက်မြို့နယ်တရားသူကြီး၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ၁၁-၁၀-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၁၆-၁၀-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာတို့တွင် တရားလွှတ်တော်ရှေ့နေများဖြစ်ကြသည့် ဦးထွန်းအေး၊ ဒေါ်ဆွေဆွေညွန့်တို့၏ သတိပေးကြေညာချက်အပေါ်

# ပြန်လည်ဖြေရှင်းကြေညာချက်

မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း(MLA)ကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လုပ်ငန်းရှင်များစုပေါင်း၍ ဖွဲ့စည်းတည်ဆောင်ခဲ့ရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ၁-၇-၂၀၁၄ ရက်စွဲပါ အသင်းမှတ်ပုံတင်ခွင့် လိုင်စင်အမှတ်-၉၆/၂၀၁၄-၂၀၁၅ (အသင်း)ဖြင့် တရားဝင်ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများ၏ တင်ပြချက်အရ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အရက်လုပ်ငန်းရှင် (၂၂)ဦးတို့၏ ညွှန်ကြားချက်ဖြင့် သတိပေးကြေညာချက်အပေါ် မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်းကြီးမှ အောက်ပါအတိုင်း ပြန်လည်ဖြေရှင်းကြေညာအပ်ပါသည်။

၁။ "ဧရာဝတီတိုင်းဒေသကြီးအတွင်းသို့ အခြားဒေသက ယစ်မျိုးလိုင်စင်(စီ)ရှိသူများမှ ယစ်မျိုးဥပဒေကိုချိုးဖောက်၍ သယ်ယူစီးဆင်းခြင်း၊ လက်ခံသိုလှောင်ခြင်း၊ ဖြန့်ချိရောင်းချမှုများကို မပြုလုပ်ကြရန်"ညွှန်ကြားချက်ပေးသူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင် (၂၂)ဦးမှ ညွှန်ကြားချက်ပေးခွင့်မရှိပါ။

၂။ "အခြားဒေသများမှ ယစ်မျိုးဥပဒေချိုးဖောက်ကာ ကန့်သတ်ကုန် ယစ်မျိုးသက်ဝင်ပစ္စည်းများအား ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိခရိုင်၊ မြို့နယ်များသို့ တရားမဝင် သယ်ယူစီးဆင်းခြင်း၊ လက်ခံသိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချမှုများကို လုံးဝမပြုလုပ်ကြရန်"ဟူသည့် တားမြစ်ပိုင်ခွင့်မှာ မည်သည့်လုပ်ငန်းရှင်များမှ တားမြစ်ပိုင်ခွင့်မရှိသည့်အတွက် ညွှန်ကြားချက်ပေးသူ ပုဂ္ဂိုလ်(၂၂)ဦးမှ တားမြစ်ပိုင်ခွင့်လုံးဝမရှိပါ။

၃။ နိုင်ငံတော်မှသာ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များဖြင့် ကန့်သတ်တားမြစ်ခဲ့ပြီး ဖြစ်ပါသည်။ ထိုဥပဒေအမိန့်ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်ကိုလည်း သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ နိုင်ငံတော်မှ ဆောင်ရွက်ရန်ကိစ္စကို ဘောင်ကျော်လွန်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင် (၂၂)ဦးမှ လုပ်ငန်းရှင်အချင်းချင်းအပေါ် ဥပဒေနှင့်မညီညွတ်သည့် ကြေညာချက်အား မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း (MLA)မှ ပြင်းထန်စွာ ကန့်ကွက်ကြောင်း ဖြေရှင်းကြေညာအပ်ပါသည်။

၄။ နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိသူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ ပြစ်ဒဏ်အသီးသီးကျခံရမည့် ကိစ္စသည် ညွှန်ကြားချက်ပေးသူ လုပ်ငန်းရှင် (၂၂)ဦးအတွက် နစ်နာမှုတစ်စုံတစ်ရာ မပေါ်ပေါက်နိုင်ပါ။ ဥပဒေကိုဖောက်ဖျက်သူ၊ လိုက်နာခြင်းမရှိသူများသာ နစ်နာဆုံးရှုံးရမည်ဖြစ်ပါသည်။ ယင်းသတိပေးကြေညာချက်ကြောင့်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲပြဿနာများနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်သူများ၏ တာဝန်သာဖြစ်ကြောင်း အလေးအနက် ပြန်လည်သတိပေးကြေညာအပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ(၂)စောင်တို့တွင် ထည့်သွင်းဖော်ပြခဲ့သည့် ဥပဒေနှင့်မညီညွတ်သော သတိပေးကြေညာချက်များအား အမြန်ဆုံး ပြန်လည်ရုပ်သိမ်းပေးရန် မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း (Myanmar Liquor Association)မှ အလေးအနက် တောင်းဆိုအပ်ပါသည်။

**မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း(MLA)**
**အမှတ်(၁၀၁)၊ ၄၀လမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၁၀-၂၂၈၅၀၅၊ Mail-myanmarliquorassociation101@ gmail.com**

# အမည်ပြောင်း

ဦးအောင်မောင်း၏သမီး ဆောမြို့နယ်၊ ကြီးရွာအထက(ခွဲ) တက္ကသိုလ်ဝင်တန်း(A)မှ မအေးမွန်ဇင်အား မအိမွန်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိမွန်ဇင်**

# ဖခင်အမည်မှန်

ကနီမြို့နယ်၊ ဝင်းမနား အထက တက္ကသိုလ်ဝင်တန်း(C)မှ မမျိုးမာအေး၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်သန်း ၅/ကနန(နိုင်)၀၃၃၅၅၇ ဖြစ်ပါသည်။

**ဦးဗိုလ်သန်း**

# ဦးစိုးဝင်း (လိုင်စင်အမှတ် -၂၉၂) MTP Construction နှင့် အများသိသာစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ TTC ရိပ်သာလမ်း၊ အမှတ် (၄၄၉/B)တွင် နေထိုင်သူ ဒေါ်ရွှေအိမ် ၉/တကန(နိုင်)၀၂၄၀၀၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၁။ ၇-၆-၂၀၁၀ရက်တွင် ဒေါ်ရွှေအိမ်နှင့်ဦးစိုးဝင်းတို့သည် (၁၃၂ပေ×၂၈ပေ)အကျယ်ရှိ လေးထပ်တိုက် လေးခန်းတွဲအဆောက်အအုံအသစ်ဆောက်လုပ်ရန်အတွက် နှစ်ဦးသဘောတူ ဝန်ခံကတိစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါသည်။

၂။ ယင်းစာချုပ်အပိုဒ် (၇)အပိုဒ်ခွဲ (ဂ)တွင် "**ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ငန်းအပ်နှံသူအနေဖြင့်လည်းကောင်း၊ သို့မဟုတ် လုပ်ငန်းအပ်နှံသူမှ တာဝန်ပေးအပ်သူအနေဖြင့် စစ်ဆေးမည်ဖြစ်ပြီး ခွင့်ပြုပုံစံနှင့်ကိုက်ညီမှုမရှိလျှင်သော်လည်းကောင်း၊ စံချိန်စံညွှန်းနှင့် မညီသော ပစ္စည်းအသုံးပြုမှုကို တွေ့လျှင်သော်လည်းကောင်း၊ အင်ဂျင်နီယာနည်းနိသယများနှင့် ကိုက်ညီစွာ မဆောင်ရွက်နိုင်သော်လည်းကောင်း၊ လုပ်ငန်းခွင်ရပ်စဲခြင်း၊ ဆောက်လုပ်ပြီး လုပ်ငန်းများကို ဖျက်သိမ်းစေ၍ အသစ်ပြုလုပ်စေခြင်း၊ ပစ္စည်းများလဲလှယ်စေခြင်းများကို ညွှန်ကြားဆောင်ရွက်မည်ဖြစ်သည်ကို လုပ်ငန်းလက်ခံသူ(ကန်ထရိုက်တာ)မှ လိုက်နာဆောင်ရွက်ရန် သဘောတူပါသည်။**" ဟုလည်းကောင်း အပိုဒ်ခွဲ(ဇ)တွင် "**ဤစာချုပ်အပိုဒ် (၆)ပါအတိုင်း နှစ်ဦးသဘောတူ စံချိန်စံညွှန်းများအတိုင်း လုပ်ဆောင်ရန်ပျက်ကွက်လျှင်ဖြစ်စေ၊ လုပ်ငန်းအပ်နှံသူ (မြေပိုင်ရှင်)မှ လုပ်ငန်းကိုရပ်စဲခွင့်ရှိသကဲ့သို့ မိမိကုန်ကျထားသည့် လုပ်ငန်းကုန်ကျငွေများအတွက်ကိုလည်း ဥပဒေအရ အရေးယူဆောင်ရွက်ပိုင်ခွင့်သည် လုပ်ငန်းအပ်နှံသူ မြေပိုင်ရှင်၌ရှိသည်ကို လုပ်ငန်းလက်ခံသူ(ကန်ထရိုက်တာ)က သဘောတူပါသည်**"ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဈ)တွင် "**လုပ်ငန်းအပ်နှံသူ (မြေပိုင်ရှင်)မှ လုပ်ငန်းရပ်စဲပါက လုပ်ငန်းလက်ခံသူ ကန်ထရိုက်တာအနေဖြင့် မည်သည့်စရိတ်စကမျှ တောင်းခံပိုင်ခွင့်မရှိတော့ဘဲ လုပ်ငန်းခွင်မှ ချက်ချင်းထွက်ခွာပေးမည်ဖြစ်ကြောင်းကိုလည်း လုပ်ငန်းလက်ခံသူ (ကန်ထရိုက်တာ)မှ သဘောတူပါသည်**"ဟုလည်းကောင်း စည်းကမ်းချက်များပါရှိပါသည်။

၃။ လုပ်ငန်းလက်ခံသူ(ကန်ထရိုက်တာ)သည် အဆောက်အအုံကို ဆောက်လုပ်ရာတွင် နှစ်ဦးသဘောတူ အတည်ပြုရေးဆွဲထားသော အဆောက်အအုံပုံစံနှင့် မကိုက်ညီကြောင်း လုပ်ငန်းအပ်နှံသူ(မြေပိုင်ရှင်)မှ စစ်ဆေးတွေ့ရှိရသဖြင့် လုပ်ငန်းကို ရပ်ဆိုင်းထားခဲ့ပါသည်။ ထို့နောက် မြို့တော်စည်ပင်၏ လိုင်စင်ရအင်ဂျင်နီယာတစ်ဦးအား အဆောက်အအုံကို စစ်ဆေးခိုင်းခဲ့ပါသည်။ အင်ဂျင်နီယာ၏ စစ်ဆေးတွေ့ရှိချက်အရ-

**$GB_1$=9" ×3" , 9" ×4", 9" ×5" အမျိုးမျိုးဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရပြီး 9" ×9" အတိုင်းအတာရှိသော Ground beam တစ်ခုမျှ မတွေ့ရှိရကြောင်း၊ $GB_2$= 9" ×3" , 9" ×4", 9" ×5", 9" ×6" စသဖြင့် အမျိုးမျိုးဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရပြီး 9" ×12" အရွယ်အစားရှိ သော Ground Beam တစ်ခုမျှ မတွေ့ရှိရကြောင်းနှင့် $GB_1$ နှင့် $GB_2$ နှစ်မျိုးစလုံးသည် Drawing & Schedule နှင့် လုံးဝကိုက်ညီမှုမရှိပါကြောင်း စစ်ဆေးတွေ့ရှိရပါသည်။**

၄။ ထို့ကြောင့် ကန်ထရိုက်တာသည် မြေရှင်နှင့်ချုပ်ဆိုထားခဲ့သော ပဋိညာဉ်ပါစည်းကမ်းချက်များကို တိကျစွာလိုက်နာခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် ပဋိညာဉ်အပိုဒ်(၇) အပိုဒ်ခွဲ(ဂ) ပါအတိုင်း ကန်ထရိုက်တာမှ လက်ရှိဆောက်လက်စအဆောက်အအုံကို ၁၅-၁၁-၂၀၁၄ရက် နောက်ဆုံးထား၍ ဖြိုချဖျက်သိမ်းပြီး အဆောက်အအုံသစ် ထပ်မံဆောက်လုပ်ပေးရန် တောင်းဆိုလိုက်ပါသည်။

၅။ အကယ်၍ လိုက်နာမှုမရှိပါက ပဋိညာဉ်အပိုဒ် (၇) အပိုဒ်ခွဲ (ဇ)နှင့် (ဈ)ပါအတိုင်း ကန်ထရိုက်တာရယူထားသော ငွေကြေးများအားလုံးနှင့် နစ်နာကြေးများကိုပါ မြေပိုင်ရှင်အား လာရောက်ပေးအပ်ရန် တောင်းဆိုလိုက်ပါသည်။ အကယ်၍ တောင်းဆိုမှုများကို လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေအိမ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအုန်းမြင့်** | **ဒေါ်ကေခိုင်မွန်** |
| **B.Sc(Q)., C.T.Med., H.G.P., R.L,** | **LL.B, D.B.L., D.M.L., D.I.L.,** |
| **D.B.L., D.M.L., D.I.L., D.A.Psy., D.A.E** | **အထက်တန်းရှေ့နေ (စဉ်-၃၈၃၈၃)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၅၈)** | |

**အမှတ် (၇၄၅)၊ မြရတနာ(၆)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ ကင်းဝန်မင်းကြီး (၃)လမ်း၊ အမှတ် ၁၀၆၈/က ဟုခေါ်တွင်သော ပါမစ်မြေအားတရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားသူ ဦးတင်လှ(ကွယ်လွန်)-ဒေါ်လှရွှေ၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၆၊ မြေကွက်အမှတ် ၁၀၆၈/က၊ အကျယ်အဝန်း (အလျားပေ ၂၀×အနံပေ ၆၀)၊ ဧရိယာ ၀ဒသမ ၀၂၅ ဧကရှိမြေနှင့် အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးအား ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလင်းမင်းထက်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်တို့နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဥမ္မာမြင့် (အထက်တန်းရှေ့နေ) LL.B**
**အောင်တံခွန်ဟိုဏ်းအထွေထွေဝန်ဆောင်မှုကုမ္ပဏီလီမိတက်**
**တိုက်(၂၂)၊ အခန်း(၂၀၂)၊ ဒုတိယထပ်၊ Commercial Area၊ ရွှေလင်ပန်းစက်မှုဇုန်၊**
**လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉-၇၃၂၄၅၇၆၁၊ ၀၉-၄၂၀၁၃၁၆၅၉**

# စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သုံးခွမြို့နယ်၊ ဒုတိယမြို့နယ်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၁**

ဦးတင့်အောင် (ဘ)ဦးဘလှိုင် **နှင့်** ၁။ ဦးစိုးမြင့် ပါ (၇)ဦး
**တရားလို** **တရားပြိုင်များ**

ဒေါ်ကေသွယ်မိုး (ဘ) ဦးဘလှိုင် (ယခင်) အောင်ပန်းစိန်ကျေးရွာ၊ သုံးခွမြို့နယ် (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးတင့်အောင်မှ သုံးခွမြို့နယ် ဒုတိယမြို့နယ်တရားသူကြီးရုံးတော်တွင် သင်၏မိဘနှစ်ပါးကျန်ရှိခဲ့သော အမွေပုံပစ္စည်းအားစီမံခန့်ခွဲ-ခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက် (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စည်သူကျော်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**သုံးခွမြို့နယ်တရားရုံး**

## နှစ်ဦးသဘောတူလင်မယားကွာရှင်းပြတ်စဲခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မောင်ထက်ဦးလွင် ၁၂/ဒဂမ(နိုင်)၀၁၀၇၆၁ နှင့် မချမ်းငြိမ်းစု ၂/လကန(နိုင်)၀၆၀၀၈၅တို့သည် ၂၄-၁၀-၂၀၁၄ ရက်၌ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ဦးစီးအရာရှိ ဒေါ်လှကြည် ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲကြပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်။)

**မောင်ထက်ဦးလွင်၏ ညွှန်ကြားချက်အရ-**
**(ဗေယျာ) ဦးစိန်လှိုင် B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ-၂၃၅၇**
**အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇အိုင်၊ မြေကွက်အမှတ် II၁၄/ခ(ယခု)၊ (ယခင် II၁၄)၏ တစ်စိတ်တစ်ဒေသ၊ မြေကွက်တည်နေရာအမှတ်-၃၂၊ ကရမ္မက်လမ်း(ယခု) (ယခင်)ကာယသိဒ္ဓိလမ်း၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ဦးထွန်းမောင် B.A,B.L နှင့် Mr. Lee Khai Ngaw(a) U Chi အမည်ပေါက် ဂရန်ရှိ မြေပိုင်မြေအား ဒေါ်စီစီ၊ ဦးတင်အေး၊ ဒေါ်ချိုချိုဝင်း၊ ဒေါ်ခင်ခင်ရီ(ဒေါ်နီ)၏ သားသမီးများက ပုဇွန်တောင်မြို့နယ်တရားမရုံး၌ ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် ၅ ဖြင့် ဒေါ်အေးအေးမြင့်၊ ဦးစိုးဝင်း၊ ဦးစိုးတင့်၊ ဒေါ်ချိုချိုမြင့်(ဦးကျင်မောင်၏ သားသမီးများ)အပေါ် ၅-၈-၁၉၈၂ ရက်စွဲပါ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၇အိုင်၊ ဦးပိုင်အမှတ် ၁၄၊ မြေပိုင်မြေဧရိယာ ၁၁ ဒသမ ၁၇၄ ဧကရှိ မြေကွက်အနက်မှ အလျား ၄၄ပေ၊ အနံ ၅၅ပေအကျယ်ရှိ အစိတ်အပိုင်းကို အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ (၂၈-၃-၂၀၁၃)ရက်စွဲပါစီရင်ချက်နှင့် အနိုင်ဒီကရီ၊ ယင်းရုံး၏ ဇာရီမှုအမှတ် ၄/၂၀၁၃ ၏ အမိန့်တင်ပြပြီး တရားပြိုင်တရားရှုံးများကိုယ်စား ဘိလစ်ဒေါ်အေးပြည့်မိုးက အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိထားသောအခန်းကို ကန်ထရိုက်တာထံမှတစ်ဆင့် ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဒေါ်မီမီစိန် ၁၂/ကတတ(နိုင်)၀၂၄၀၆၇(မှ) Asia Express(YGN)Co.,Ltd. | ဒေါ်ဖွား ၁၂/မရက(နိုင်)၁၁၀၁၄၉ | တိုက်အမှတ်(စီ)၊ အခန်းအမှတ်(၁၂) (မြေညီ)၊ လမ်းမတော်ကွန်ဒို၊ လမ်းမတော်လမ်း၊ လသာမြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၅၃၁/က၊ မြေကွက်တည်နေရာအမှတ် ၅၃၁/က၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးထွန်းစိန်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဖခင် (ဦးထွန်းစိန်)ကွယ်လွန်သဖြင့် ဒေါ်သန်းမြင့် ၁၂/ဥကတ(နိုင်)၀၂၇၀၅၁၊ ဦးမောင်ချစ် ၁၂/ဥကတ(နိုင်)၁၂၇၂၈၂၊ ဒေါ်သန်းရီ ၁၂/ဥကတ(နိုင်)၁၂၇၂၆၆၊ ဦးတင်ဝင်း ၁၂/ဥကတ(နိုင်)၁၂၄၅၆၄၊ ဦးလှဝင်း ၁၂/ဥကတ(နိုင်)၁၂၄၅၄၈၊ ဒေါ်ခင်မာချို ၁၂/ဥကတ(နိုင်)၁၃၁၇၀၂၊ ဒေါ်ခင်မာရီ ၁၂/ဥကတ(နိုင်)၁၃၁၇၀၃၊ ဦးအောင်ကျော်ထွန်း ၁၂/ဥကတ(နိုင်)၁၃၁၇၀၄၊ ဦးအောင်ဇော်ထွန်း ၁၂/ဥကတ(နိုင်)၁၆၁၂၉၉၊ ဦးအောင်ဇင်ထွန်း ၁၂/ဥကတ(နိုင်)၁၆၁၃၀၀၊ ဦးမျိုးဇော်ထွန်း ၁၂/ဥကတ(နိုင်) ၁၈၅၁၈၀၊ ဒေါ်ခင်မာထွေး ၁၂/ဥကတ(နိုင်)၁၈၇၀၀၂တို့က ဇနီးနှင့်သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် ၎င်းတို့ကိုယ်စားကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၈၈၂/၁၄၊ ၁၁၇၉၅/၁၄၊ ၁၁၇၉၃/၁၄၊ ၁၁၇၉၄/၁၄ တို့ဖြင့် G.P ဦးခင်လှ ၁၂/တမန(နိုင်)၀၉၁၆၄၉က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကတိသစ္စာပြုလွှာတို့ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ညွန့်မေ

**အသက်(၈၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၈)ရပ်ကွက်၊ မြတ်မင်္ဂလာလမ်း၊ အမှတ် ၅၇၆/၅၇၇ နေ (ဦးစိန်တင်-ဒေါ်သိန်းနု)တို့၏သမီး၊ (ဦးကျော်မြင့်)၏ဇနီး၊ ဒေါ်မြင့်မြင့်သန်း (အမက-၁၇၊ မ/ဒဂုံ)၊ (ဦးမျိုးသန်း)၊ ဦးဆန်းလင်း-ဒေါ်လှိုင်လှိုင်မြင့်၊ ပြင်ဦးလွင်မြို့နေ ဦးဝင်းမင်း-ဒေါ်ချောချောလေး၊ ဦးစိုးနိုင်-ဒေါ်ရွှေစင်ဦးတို့၏မိခင်၊ မြေး ၁၅ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၅-၁၀-၂၀၁၄ရက်(စနေနေ့)မွန်းလွဲ ၂း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမျိုးအောင်
**ယာယီဆေးရုံအုပ်ကြီး၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်**
**အသက် (၆၂)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ ယာယီဆေးရုံအုပ်ကြီး ဒေါက်တာမျိုးအောင်သည် ၂၆-၁၀-၂၀၁၄ရက် နံနက် ၁ နာရီတွင် ပြည်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**
**ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ**

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဆရာမဆွေဗန်ဇိန်း (S/m Sui Van Zing)
**အထက်တန်းသူနာပြု၊ ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံကြီး**
**အသက်(၄၃)နှစ်**

ဖလမ်းမြို့နယ်၊ ပါရ်သဲကျေးရွာနေ (Pu Ral Lian Than-Pi Khawm Zun) တို့၏သမီး၊ Pu Ral Lian Sang (ညွှန် မှူး၊ ငြိမ်း၊EPC)၊ Pu Ngun Za Ling (စာရင်းစစ်မှူး၊ ငြိမ်း)၊ Pol.Col.Ral Lian Hmung (ငြိမ်း) (မြန်မာနိုင်ငံရဲ တပ်ဖွဲ့ဌာနချုပ်)၊ Pu Ral Lian Khup (ဒုအရာခံဗိုလ်၊ ငြိမ်း)၊ S/m Sui Hing (ထက်/ပြ၊ အထက-၁၊ ဖလမ်း)၊ Rev. Sarah Nei Kim(Church Pastor, FGA Lashio) တို့၏ညီမ၊ တူ တူမ ကိုးယောက်တို့၏အဒေါ်သည် ၂၅-၁၀-၂၀၁၄ ရက် ညနေ ၆း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးခွဲစိတ်ကုသဌာနတွင် ခရစ်တော်၌ အိပ်ပျော် သွားပါသဖြင့် ၂၈-၁၀-၂၀၁၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဥယျာဉ်၌ ဝတ်ပြုဆုတောင်းပြီး သဂြိုဟ်မည်ဖြစ်ပါသည်။ (Full Gospel Assembly အသင်းတော်၊ စမ်းချောင်း CBC ဘုရားကျောင်းရှေ့နှင့် အနောက်ပိုင်းဆေးရုံတို့မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ ၆လမ်း၊ တိုက်အမှတ်(၇၂)၊ အခန်းအမှတ်(၃-လွှာဘီ)ဟုခေါ်တွင်သော အလျား၁၂ပေ × အနံပေ ၅၀ရှိ တိုက်ခန်းနှင့်တွယ်ကပ်ပစ္စည်းများအပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို စာချုပ်စာတမ်းအဆက်ဆက်ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ဝါဝါစိန် ၁၂/ဗဟန(နိုင်)၀၀၃၄၅၉ မှ ၎င်းတစ်ဦးတည်းပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ယင်းသို့အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တွေ့ဆုံနိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စိန်မမ** | **ဒေါက်တာဇော်ခြည်အောင်** |
| **B.A (Law), LL.B** | **LL.B, LL.M, MRes, PhD** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၆)** | **အထက်တန်းရှေ့နေ(စဉ်-၂၅၂၃၅)** |

**အမှတ်(၁/၄)၊ အဝေရာလမ်းသွယ်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၆)ရပ်ကွက်၊ မြေကွက်အမှတ် ၃၂၈၊ ဧရိယာပေ(၄၀×၆၀)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ မြေကွက်အမှတ် ၅၇၀၊ ဧရိယာပေ (၄၀×၆၀)၊ (၈၆)ရပ်ကွက်၊ မြေကွက်အမှတ် (၃၀၅)၊ ဧရိယာပေ (၄၀×၆၀) မြေကွက်အမှတ် ၃၅၅၊ ဧရိယာပေ (၄၀×၆၀) မြေကွက်များကိုပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူပိုင် ဆိုင်ပြီးဖြစ်ပါသည်။

သို့ပါ၍ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်ထားသော အထက်ပါမြေကွက်များအား ကျွန်ုပ်မိတ်ဆွေ သိရှိခြင်းမရှိဘဲ မည်သူမှအဆိုပါမြေကွက်အား ဂရန်လျှောက်ခြင်း၊ ပါမစ်လျှောက်ခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်း၊ ကျူးကျော်နေထိုင်ခြင်းများမပြုကြရန်ပြုမူခဲ့ပါက သက်ဆိုင်ရာဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်ငြိမ်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ**
**(ရုံး)ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
